The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 21, NO. 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 11, 2021

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ငါးစားသုံးမှု ပွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢





## ငါး-တစ်ဆယ်သား တိုးစားပေးပါ

စာမျက်နှာ - ၈ ➢

## နိုင်ငံတော်က ဖြေလျှော့ပေးသည့် အခွန်အခများ ဇန်နဝါရီလကုန်ထိ တိုးမြှင့်

စာမျက်နှာ - ၂၆ ➢



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အီလက်ထရွန်နစ်နှင့်ပတ်သက်၍ စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢

## ထိုင်းနိုင်ငံထုတ် စားသောက်ကုန်များ တင်သွင်းမှုများပြားလျက်ရှိ

စာမျက်နှာ - ၆ ➢

## World Exposition 2025 ပြပွဲ ကျင်းပမည်

စာမျက်နှာ - ၂၄ ➢

ကောမတ်စ်ပုံနှိပ်လုပ်ငန်း




အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။

Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800, 09 420119709

**SOUTHERN CABLE® COMPANY LIMITED**
(No. 108377445)

## Your Best Project Partner





အရှေ့တောင်အာရှနိုင်ငံ များတွင် အာဆီယံနှင့်ပြည်တွင်းပြည်ပ
နိုင်ငံတကာအသိအမှတ်ပြုခြင်းခံရပြီး၊ ကျယ်ပြန့်သောထုတ်လုပ်မှုနှင့်
ပြီးပြည့်စုံသောစံချိန်စံညွှန်းများနှင့်ရပ်တည်နေသည့် တစ်ဦးတည်းမှုပိုင်
Southern Cable ( Malaysia ) ဖြစ်ပါသည်။

SOUTHERNCABLE.COM.MY | SOUTHERNCABLE.COM.MM

### Our Cable Product Range

- Low Voltage Cable (300/500V ~ 600/1000V)
  - Instrument & Control Cable
  - SAC Cable - 0.6/1kV AL/XLPE, 1C x mm2
  - ABC Cable - 0.6/1kV AL/XLPE, 4C x mm2
  - Non-Armoured & Armoured (AWA & SWA)
- Medium Voltage Cable (15kV, 33kV, 66kV & 132kV)
  - SAC Cable - 15kV & 35kV AL/XLPE/HDPE,1C cable
  - Armoured (CWS,AWA & SWA)
- Fire Resistance Cable (MGT,XLPO,LSOH)
- Photovoltaic Solar Cable - Tinned Copper Flexible Cable
- Flexible Cable - Class 5 & 6 CU Conductor
- Alarm Cable, Cat5e & Cat6
- Bare Copper Wire & Copper Tape
- Overhead Transmission Cable & Conductor
  - AAC, AAAC & ACSR




IEC · SNI · TÜV · PETRONAS

**Have an enquiry? Contact us.**

A No. 302, Yangyi Aung Road, Industrial Zone, Tharkayta Township, Yangon, Myanmar
E sc@southerncable.com.mm
T +959 6831 17111
+959 4062 17758
+959 4062 17749

SCAN TO FOLLOW US ON SOCIAL MEDIA

SIRIM MS ISO 9001:2015 QMS 00686

**Quality Assured with Cable Warranty.** *Terms & Conditions Apply.

**1-to-1 Cable Replacement Warranty***

**30 Years Cable Performance Warranty***

POCARI SWEAT

RUN
POCARI SWEAT RUN MYANMAR 2021

POCARI SWEAT
Official Hydration Drink

## Pocari Sweat
# VIRTUAL RUN 2021

~It's time to reconnect again~

**Date - 28th February 2021 Time - 6:00 am**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ ရက် နံနက်၁၀ နာရီက Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သော ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံမှ ငါးများ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှု ကျဆင်းနေသဖြင့် ပြည်တွင်း ငါးစားသုံးမှု တိုးတက်စေရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်းတင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇၃၂ ဒသမ ၁၅၆ သန်းရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၈၆၉ သန်းထိ တိုးတက်လာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးသည် ကိုဗစ်ရောဂါကာလအတွင်း လုပ်ငန်းများဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်ပသို့ ငါးအပါအဝင် ရေထွက်ပစ္စည်းတင်ပို့မှုများတွင် အခက်အခဲများ၊ အဆင်မပြေမှုများရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ငါးနှင့် ရေထွက်ကုန်ပစ္စည်းစားသုံးမှုများ လျော့နည်းနေသဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အစည်းအဝေးပြုလုပ်၍ နှီးဆော်ရခြင်းဖြစ်ကြောင်း၊

ပြည်တွင်းငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မည်သည့်နည်းလမ်းဖြင့်မဆို ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကိုဗစ်(၁၉) ရောဂါကြောင့် သယ်ယူပို့ဆောင်ရေး အဆင်မပြေမှုများ၊ ရောင်းချမှုအဆင်မပြေမှုများရှိခြင်းကြောင့် ပြည်တွင်းတွင်လည်း ငါးစားသုံးမှု တိုးတက်လာစေရေး ဝိုင်းဝန်းဆောင်ရွက်စေလိုပါကြောင်း၊ ပုံမှန်အတိုင်းသာ ရေလုပ်ငန်းကဏ္ဍကို အကောင်အထည်ဖော်နိုင်မည် ဆိုပါက နှစ်နှစ်၊ သုံးနှစ်အတွင်း အလွန်တိုးတက်သော ကဏ္ဍတစ်ခုဖြစ်လာနိုင်ကြောင်း၊ ကိုဗစ်(၁၉) ရောဂါကာလအတွင်း၌ပင် ကုန်သွယ်မှုဖွံ့ဖြိုးရေး လုပ်ငန်းများကို New Normal ပုံစံဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အားလုံးက ဦးဆောင်စည်းရုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ စီးပွားရေးသံမှူးများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံမှ ဝိုင်းဝန်းစဉ်းစား အဖြေရှာအကြံပြု သုံးသပ်ပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေးသံမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များက Online မှပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

စာမျက်နှာ ၄ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အီလက်ထရွန်နစ်နှင့်ပတ်သက်၍ စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော အိမ်သုံးလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုရှိစေရန် စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည်နှင့်အညီ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြုမှု တိုးတက်များပြားလာပါကြောင်း၊ အချို့လျှပ်စစ်ပစ္စည်းများသည် ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုမရှိသဖြင့် ပြည်ပမှ မှာယူတင်သွင်းလျက်ရှိရာ အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက်နှင့်ကိုက်ညီရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တွင် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ပတ်သက်သည့် အာဆီယံဒေသတွင်း အပြန်အလှန် လက်ခံအသိအမှတ်ပြုသည့်အစီအစဉ် (ASEAN EEE MRA: ASEAN Sectoral Mutual Recognition for Electrical and Electronic Equipment) နှင့် အာဆီယံဒေသတွင်း လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများအတွက် စည်းမျဉ်းများအား တစ်ပြေးညီ သတ်မှတ်ရေးအစီအစဉ် (AHEEERR: ASEAN Harmonized Electrical and Electronic Equipment Regulatory Regime) တို့ကိုပါဝင်လက်မှတ်ရေးထိုးထားသော်လည်း ယနေ့အချိန်အထိ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စားသုံးသူကာကွယ်ရေးတို့အား အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ လက်ရှိရေးဆွဲပြုစုထားသည့် အိမ်သုံးလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများအတွက် စားသုံးသူများ ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုရှိစေရေး စည်းမျဉ်းများ (EEE Safety Regulations) အပေါ်တွင်

စာမျက်နှာ ၅ သို့

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မြင့်သူရ
ဦးဦးဟန်
မျိုးသူ

**စာတည်းမှူးချုပ်**
အောင်ဇော်မိုး

**အုပ်ချုပ်ရေးမှူး**
ဝင်းဝင်းစမ်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်၊
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၁၃၂)
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
အောင်စောဦး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ငြိမ်းချမ်းအောင်မြင့်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဒီဇင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် သုံးသိန်းခန့် တင်ပို့နိုင်ခဲ့

နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၈၄ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၉၅၀၀ကျော်တင်ပို့နိုင်ခဲ့ပြီး မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၇၈၀၀ ကျော်၊ ချင်းရွှေဟော်မှ တန်ချိန် ၉၀၀ ကျော်၊ လွယ်ဂျယ်မှ တန်ချိန် ၃၄၀ ကျော်နှင့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၀၀ အသီးသီး တင်ပို့ခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ တစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၄၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၅၀၉၀၀ ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး နိုဝင်ဘာလတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ယခုလတွင် တန်ချိန် ၄၀၀၀၀ ကျော် လျော့နည်းခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုတွင် မူဆယ်(၁၀၅)မိုင်မှ တန်ချိန် ၁၉၅၅၀နှင့် ချင်းရွှေဟော်မှ တန်ချိန် ၆၇၀ ကျော်ရှိပြီး ဝင်ငွေအနေနှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆၁ သန်းရရှိခဲ့သည်။ ဒီဇင်ဘာလ တစ်လလုံးအတွက် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၀၆ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၇၀၀၀ ကျော်တင်ပို့ခဲ့ပြီး နိုဝင်ဘာလတင်ပို့မှုထက် တန်ချိန် ၂၈၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၇ မှ ၃၁ ရက်အထိ ကာလအတွင်းအမေရိကန် ဒေါ်လာ ၇ သန်းကျော် တန်ဖိုးရှိ ဆန်တန်ချိန် ၁၇၅၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ ၇၆၇၈ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၇၂၁၀၊ စင်ကာပူနိုင်ငံသို့ ၁၄၇ တန်နှင့် အီးယူနိုင်ငံများသို့ ၂၅၄၃ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတန် ချိန် ၁၁၆၀၀ ကျော် တင်ပို့ပြီး တရုတ်နိုင်ငံသို့ တန်ချိန် ၈၈၅၀ နှင့် အီးယူသို့ ၂၈၂၅ တန် တင်ပို့ခဲ့သည်။

ဒီဇင်ဘာလအတွင်း ရေကြောင်းမှ ဆန်တန်ချိန် ၁၀၇၉၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၅၇၉၀၀ ကျော်တင်ပို့ခဲ့ရာ ဝင်ငွေအမေရိကန်ဒေါ်လာ ၆၄ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ဒီဇင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် စုစုပေါင်း ၂၇၃၇၀၀ တင်ပို့ခဲ့သည်။

**ယဉ်ယဉ်အေး**

## သာယာဝတီခရိုင်အတွင်း စပါး/ဆန်စျေး တည်ငြိမ်နေ

သာယာဝတီခရိုင်အတွင်း မြို့နယ်များ၌ စပါးဆန်စျေးနှုန်းများမှာ ဒီဇင်ဘာလ နောက်ဆုံးအပတ်တွင် စပါး ၄၆ ပေါင် တင်း ၁၀၀ လျှင် အနိမ့်ဆုံး ကျပ် ၅၇၉၆၀၀ နှင့်အမြင့်ဆုံး ကျပ် ၆၂၅၆၀၀၊ ဆန်စျေးမှာ တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၂၃၀၀၀ မှ အမြင့်ဆုံးကျပ် ၂၄၀၀၀၊ ဇန်နဝါရီလပထမအပတ်တွင် စပါး ၄၆ ပေါင် တင်း ၁၀၀ လျှင် အနိမ့်ဆုံး ကျပ် ၅၇၉၆၀၀ နှင့် အမြင့်ဆုံး ကျပ် ၆၂၅၆၀၀ ဖြင့်တည်ငြိမ်နေပြီး ဆန်စျေးမှာလည်း အနိမ့်ဆုံးတစ်အိတ်လျှင် ကျပ် ၂၃၀၀၀ မှ အမြင့်ဆုံး ကျပ် ၂၄၀၀၀ ဖြင့် စျေးတည်ငြိမ်လျက်ရှိကြောင်းသိရှိရသည်။

**ခင်ခင်ထိုက်(သာယာဝတီ)**

## ထားဝယ်ခရိုင် မိုးစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစျေးနှုန်း အခြေအနေ

ထားဝယ်ခရိုင်တွင် ၂၀၂၀-၂၀၂၁ ခုနှစ် မိုးစပါး ၂၂၃၈၂၉ ဧကစိုက်ပျိုးပြီး ရိတ်ဧက ၂၁၇၄၇၇ ဧကရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇၀ ဒသမ ၀၁ တင်းဖြင့် စုစုပေါင်း ၁၅၂၂၅၆၉၀ တင်း ထွက်ရှိသည်။



ထားဝယ်ခရိုင်အတွင်း စပါးစျေးနှုန်းမှာ ဒီဇင်ဘာလ ပထမပတ်တွင် ဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၅၅၀၀၀၀ ရှိပြီး ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ၆၀၀၀၀၀ စျေးနှုန်းပေါက်လျက်ရှိရာ တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀ ခန့် စျေးနှုန်းမြင့်လျက်ရှိကြောင်း သိရှိရသည်။

**အောင်ကိုထွေး(ထားဝယ်)**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး . . . မှအဆက်

ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး ဆုံးဖြတ်ချက်များအရ သက်ဆိုင်သည့်ဌာန၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ရန် ချမှတ်ခဲ့သည်။ ၎င်းတို့မှာ ပြည်တွင်းစားသုံးမှု မြင့်တင်ရေးအတွက် ငါးစျေးကားများကို တိုးချဲ့ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်နှင့်စားသုံးသူများ သက်သာသည့်စျေးနှုန်းများဖြင့် ဝယ်ယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ငါးစားသုံးခြင်းဖြင့် ရရှိနိုင်မည့် အာဟာရတန်ဖိုးများကို ပြည်သူများပိုမိုသိရှိရေး တိုးချဲ့ပညာပေးရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးရန်၊ ပြည်ပစျေးကွက်များကို စီးပွားရေးသံမှူးများအပေါ်တွင် အခြေခံ၍ ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ Trade Facilitation ကုန်သွယ်မှုချောမွေ့ရေးအတွက် ငါးလုပ်ငန်းရှင်များ၊ Exporter များကို ကူညီဆောင်ရွက်ပေးရန်၊ ရောဂါကင်းစင်သော ငါး၊ ပုစွန်များ ပြည်တွင်းစျေးကွက်တွင် ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ (GAqP,HACCP)နှင့် မညီညွတ်သော ငါးမွေးကန်များကို စိစစ်ပြီး ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ ပြန်လည်သုံးသပ်ဆောင်ရွက်ရန်၊ အဆင့်မီဓာတ်ခွဲခန်းများ ပေါ်ပေါက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ စားသောက်ဆိုင်များကို ကျန်းမာရေးညွှန်ကြားချက်များနှင့် ညီညွတ်ပါက အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေးကိစ္စအား Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံရန်၊ မြန်မာနိုင်ငံက ထုတ်လုပ်သည့် ငါးများကို ကိုဗစ်-၁၉ ရောဂါပိုးမွှားကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ ရေထွက်ပစ္စည်း ပြည်ပစျေးကွက်များအနက် အလားအလာကောင်းသည့် နိုင်ငံများနှင့် အစိုးရချင်း( G to G) သဘောတူညီချက်များရရှိရေးအတွက် ဆောင်ရွက်ပေးရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

**MOC (IR)**

## အာရှနိုင်ငံများ၏ FOB ဆန်စျေးနှုန်းများ

၈-၁-၂၀၂၁ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၄၅ | ၅၄၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၂၉ | ၅၂၉ | □ | ၄၉၈ | ၅၀၈ | △ | ၃၆၈ | ၃၆၈ | □ | ၄၁၉ | ၄၂၃ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၅၁၆ | ၅၁၆ | □ | ၄၇၃ | ၄၈၃ | △ | ၃၂၈ | ၃၂၈ | □ | ၃၇၈ | ၃၈၁ | △ |
| ပေါင်းဆန် | ၅၂၉ | ၅၁၂ | ▽ | - | - | - | ၃၇၃ | ၃၆၃ | ▽ | ၄၄၀ | ၃၉၆ | ▽ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၈-၁-၂၀၂၁)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၂၀၀ | □ | ၂၂၀၀၀ | □ | ၈၀၀၀ | □ | ၃၈၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၅၀၀၀ | □ | ၈၀၆၀ | □ | ၃၃၀၀၀ | □ |
| ပဲခူး | ၆၀၇၂ | □ | ၂၃၅၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရွှေဘို | ၈၅၀၀ | □ | ၃၆၀၀၀ | □ | ၁၁၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | □ | ၂၂၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၂၀၀ | △ | ၂၅၅၀၀ | △ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၀၄၀ | □ | ၂၅၅၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၇၃၀၀ | △ | ၂၇၀၀၀ | △ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၅၉၀၀၀ | □ |
| မော်လမြိုင် | ၅၈၂၀ | □ | ၂၃၀၀၀ | ▽ | ၇၁၀၀ | □ | ၂၈၀၀၀ | ▽ |
| လှိုင်ကော် | ၇၁၅၀ | ▽ | ၃၆၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၇၅၀၀ | △ | ၂၅၀၀၀ | △ | - | - | ၄၄၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၁-၁-၂၀၂၁မှ ၇-၁-၂၀၂၁ရက်အထိ Online CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 451 | 9 | - | - | - | **460** |
| | Form AANZ | 3 | - | - | - | - | 3 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 53 | 2 | - | - | - | 55 |
| | Form AJ | 20 | 1 | - | - | - | 21 |
| | Form AK | 110 | 5 | - | - | - | 115 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 2 | 1 | - | - | - | 3 |
| | Form E | 122 | 11 | - | - | - | 133 |
| | Form Korea | 10 | - | - | - | - | 10 |
| | E Form D | 174 | - | - | - | - | 174 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 946 | 29 | - | - | - | 975 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၁-၂၀၂၁ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၀/၁၂ | ၈/၁ | ပြောင်းလဲမှု | ၃၀/၁၂ | ၈/၁ | ပြောင်းလဲမှု | ၃၀/၁၂ | ၈/၁ | ပြောင်းလဲမှု | ၃၀/၁၂ | ၈/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၃၉ | ၁၅၇၉ | ▲ | ၁၅၅၃ | ၁၅၈၃ | ▲ | ၁၇၀၀ | ၁၅၅၀ | ▼ | - | - | - |
| ပဲစင်းငုံ | ၁၁၃၄ | ၁၂၄၁ | ▲ | ၁၀၆၇ | ၁၁၆၇ | ▲ | - | - | - | - | - | - |
| ပဲတီစိမ်း | ၂၁၆၅ | ၂၁၆၅ | ■ | ၂၃၁၁ | ၂၁၆၉ | ▼ | ၂၂၆၃ | ၂၀၇၉ | ▼ | - | - | - |
| ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၅၀၀ | ■ | ၁၅၇၂ | ၁၅၃၇ | ▼ | ၁၅၄၂ | ၁၅၁၆ | ▼ | - | - | - |
| ပဲလွန်းဖြူ | ၂၆၃၀ | ၂၆၃၀ | ■ | - | - | - | - | - | - | - | - | - |
| ထောပတ်ပဲ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၀၁၃ | ၁၀၁၃ | ■ | ၉၄၇ | ၉၄၇ | ■ | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၆.၁၂.၂၀၂၀)ထိ | ယခုတစ်ပတ် (၂.၁.၂၀၂၁)ထိ | (၁.၁.၂၀၂၀) မှ (၂.၁.၂၀၂၁) ထိ |
| မတ်ပဲ | ၅၅၂၉၀၆ | ၇၈၄၉ | ၅၆၀၇၅၅ |
| ပဲတီစိမ်း | ၂၅၀၇၅၈ | ၅၈၄၄ | ၂၅၆၆၀၂ |
| ပဲစင်းငုံ | ၁၁၈၁၆၂ | ၂၄၃ | ၁၁၈၄၀၅ |
| ကုလားပဲ | ၁၉၈၅၈ | ၇၂ | ၁၉၉၃၀ |
| ပဲလွန်းဖြူ | ၂၂၁၉၂ | ၇၆ | ၂၂၂၆၈ |
| မြေထောက်ပဲ | ၂၁၃၀၈ | ၅ | ၂၁၃၁၃ |

# မတ်ပဲဈေးကျသော်လည်း တင်ပို့မှုပို

ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၇၈၄၉ ဒသမ ၈၁၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၈၆၈၄၄ ဒသမ ၅ ဒေါ်လာ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၂ နိုင်ငံရှိပြီး ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ ပါကစ္စတန်၊ ပြင်သစ်၊ ထိုင်း၊ စင်ကာပူနှင့်အာရပ်စော်ဘွားများပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၂၄၂၅ ဒသမ ၈၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၉၈၄၃၆ ဒေါ်လာဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်၍ တန်ချိန် သုံးတန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၇၅ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ယခင်အပတ် တင်ပို့မှုမှာတန်ချိန် ၄၅၄၂ ဒသမ ၂၄၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၂၅၇၅၇ ဒသမ ၄၆ ဖြစ်သောကြောင့် ယခုအပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃၃၀၇ ဒသမ ၅၆၇၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၆၁၀၈၇ ဒသမ ၀၄ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်အပတ်က အမေရိကန်ဒေါ်လာ ၈၈၆ ဒေါ်လာဖြစ်ပြီး ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၈၁၄ ဒေါ်လာဖြစ်သောကြောင့် ယခုတစ်ပတ်တွင်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၇၂ ဒေါ်လာ လျော့နည်းခဲ့ကြောင်း သိရသည်။

**စန်းစန်းမော်(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ဟင်္သာတ မတ်ပဲ အရောင်းအဝယ်အေး

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် မတ်ပဲဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ဇန်နဝါရီလ ၇ ရက်တွင် ကျပ် ၃၁၇၀၀ ဈေးပေါက်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၄၀၀ မြင့်တက်ခဲ့ကာ အဝယ်ရှိသော်လည်း အရောင်းအေးပြီး အိတ် ၆၀၀ သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲတီစိမ်း(ဆီပြောင်) တစ်တင်းလျှင်ကျပ် ၄၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀၀ ကျဆင်းခဲ့ကာ ပဲတီစိမ်း(ဝါးခယ်မ)တစ်တင်းလျှင်ကျပ် ၄၃၀၀၀၊ ပဲတီစိမ်းအနီမှာလည်း တစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဈေးဖြင့် ယခင်သီတင်းပတ်နှင့် ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းခဲ့ကာ ပဲလွမ်းဖြူ တစ်တင်းလျှင် ကျပ် ၄၅၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ၁၂၀၀ မြင့်တက်ခဲ့သည်။

ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၇၂၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ၁၀၀ ကျပ် ကျဆင်းခဲ့ကာ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ ဖြင့်လည်းကောင်း၊ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၈၂၀၀ ဖြင့်လည်းကောင်း၊ ဆန်ကွဲ (1 & Extra) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ဖြင့်လည်းကောင်း ယခင်သီတင်းပတ်နှင့် ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။



**မောင်မောင်မြတ်ခိုင်**

# သုံးခွမြို့နယ်အတွင်း ပဲတီစိမ်းအသစ်ပေါ်

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ကုန်းပဲတီစိမ်းများ အနည်းငယ် ခူးဆွတ်ထွက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ ယခု ဇန်နဝါရီ၊ ဒုတိယပတ်အတွင်း ကုန်းပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၄၃၅၀၀ ဈေးဖြင့်ပေါ်ဦးပေါ်ဖျား ပဲများအားရောင်းချလျက်ရှိကြောင်း ပဲစိုက်တောင်သူများထံမှ သိရှိရသည်။

သုံးခွမြို့နယ်တွင် ပဒတ္ထိုင်း၊ ပိုက်စီး၊ အုန်းပင်စု၊ ရေပေါ်ကန်၊ သခွတ်ကုန်းကျေးရွာများတွင် ကုန်းပဲတီစိမ်းများခူးဆွတ်၍ သုံးခွမြို့ပေါ်ရှိ (Bright Light)ကုမ္ပဏီသို့ တောင်သူတချို့က လာရောက်ရောင်းချလျက်ရှိကြောင်း ကုမ္ပဏီဒါရိုက်တာ ဦးမောင်မြင့်ထံက သိရသည်။

**သိန်းနိုင်(သန်လျင်)**

# ပြည်ပဲဈေးကွက်တွင် ပဲတီစိမ်းနှင့်ပဲစင်းငုံ နေ့စဉ် ဝင်ရောက်လျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်တွင် ဆောင်းပဲသစ်အချို့ နေ့စဉ်ဝင်ရောက်လာပြီး အချို့ပဲများမှာ လက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့ကြသည်။ ပဲတီစိမ်းနှင့် ပဲစင်းငုံသစ် နေ့စဉ်ဝင်ရောက်လျက်ရှိကာ ပဲတီစိမ်းသီးနှံမှာ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေသည့် သီးနှံဖြစ်သည်။

**မတ်ပဲ**

မတ်ပဲသီးနှံမှာ ဈေးကွက်သို့ ပဲသစ်ဝင်ရောက်လာခြင်း မရှိသေးဘဲ လက်ကျန်ပဲများသာ တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်သည်။ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၀၀/၂၀၀ ကျော် ရောင်းချခဲ့ရပြီး ပဲဈေးမှာ တစ်တင်း ၃၂၂၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည့်အတွက် ယခင်နှစ်ကထက် ဈေးလျော့နည်းနေကြောင်း သိရသည်။

**ပဲတီစိမ်း**

ပဲတီစိမ်းသီးနှံမှာ အထွက်လှိုင်ချိန်ဖြစ်၍ ဝင်ရောက်မှုများနေခဲ့ပြီး တစ်ရက်အိတ် ၅၀၀/၆၀၀ ကျော်အထိ ဝင်ရောက်ကာ ရန်ကုန်၊ မန္တလေးလိုင်းသမားများ ဝယ်ယူမှုရှိနေကြသည့် ပြည်အနီး တစ်ဝိုက်ဒေသများနှင့် ပေါက်ခေါင်း၊ ပေါင်းတလည်၊ ဝက်ထီးကန်ဒေသများမှ နေ့စဉ်ဝင်ရောက်နေသည်။ ပဲတီစိမ်းသစ်ဈေးမှာ တစ်တင်း ၄၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည့်အတွက် ပြည်ဈေးကွက်တွင် ပဲတီစိမ်းသီးနှံမှာ ဈေးအမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည် ။

**ပဲစင်းငုံ**

ပဲစင်းငုံသစ်များ နေ့စဉ်အိတ် ၁၀၀/၁၅၀ကျော်ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်လာခဲ့ကြပြီး ရန်ကုန်ဝယ်လက်သမားများ ပုံမှန်အဝယ်ရှိနေကြောင်းသိရသည်။ တစ်ရက်အိတ် ၂၀၀ ကျော်ရောင်းဝယ်မှုဖြစ်ပြီး ပဲဈေးမှာတစ်တင်း ၂၃၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ်က ပဲစင်းငုံသီးနှံပေါ်ချိန်ဈေးမှာ တစ်တင်း ၂၃၅၀၀ကျပ် ရရှိခဲ့သည့်အတွက် ယခင်နှစ်နှင့် ယခုနှစ် ဈေးကွာခြားမှု သိပ်မဖြစ်ကြောင်းသိရသည်။

**ခင်ဆွေဝင်း (ပြည်)**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး . . . မှအဆက်

ပိုမိုပြည့်စုံမှုရှိစေရန်နှင့် အမြန်ဆုံးအကောင်အထည်ဖော် ပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပြောကြားရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း၊ ယခုအခါတွင် လူတစ်ဦးလျှင် ၃၈၉ ယူနစ်အထိ သုံးစွဲလာနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်သဖြင့် လျှပ်စစ်ပစ္စည်းသုံးစွဲမှုလည်းများပြားလာသကဲ့သို့ ထိခိုက်မှုအန္တရာယ်များလည်း ပိုမိုများပြားလာပါကြောင်း၊ သို့ပါ၍ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများတွင် “One Sun, One World, One Grid” ဆောင်ပုဒ်နှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဆောင်ပုဒ်အရ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ ကြုံတွေ့ရသည့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကို ပြည်တွင်းသာမက ပြည်ပရှိ စားသုံးသူပြည်သူများအတွက် အကာအကွယ်ပေးနိုင်မည့် စည်းမျဉ်းများဖြင့် ပေါင်းစည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနက ရေးဆွဲပြုစုထားသည့် EEE Safety Regulations (မူကြမ်း) ကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး မြန်မာနိုင်ငံနှင့် သင့်လျော်မည့် EEE Safety Regulations တစ်ရပ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဓိကတာဝန်ခံအဖွဲ့အစည်းများဖြစ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စိမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ ဦးဆောင်၍ ပူးတွဲလုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ထိုင်းနိုင်ငံထုတ် စားသောက်ကုန်များ တင်သွင်းမှုများပြားလျက်ရှိ

မြဝတီကုန်သွယ်ရေးဇုန်မှ တင်သွင်းလျက်ရှိသည့် ကုန်ပစ္စည်းများအနက် ထိုင်းနိုင်ငံထုတ် စားသောက်ကုန်များဖြစ်သော အချိုရည်မျိုးစုံနှင့် မုန့်မျိုးစုံ၊ မီးဖိုချောင်သုံး စားသောက်ကုန်များသည် နေ့စဉ်နှင့်အမျှ တင်သွင်းလျက်ရှိသော ကုန်ပစ္စည်းများဖြစ်သည်။

မြဝတီနယ်စပ်မှ တင်သွင်းလျက်ရှိသော စားသောက်ကုန်၊ အချိုရည်နှင့် မုန့်များမှာ အမျိုးအမည် များစွာစုံလင်လှသဖြင့် အမယ်အားလုံးကို ဖော်ပြခြင်းမပြုတော့ဘဲ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၆၁ သန်းဖိုး တင်သွင်းနိုင်ခဲ့သည့် အမယ်များကိုသာ ကောက်နုတ်ဖော်ပြလိုပါသည်။ အားဖြည့်အချိုရည်မျိုးစုံတွင် Red Bull, M-150,CARABAO, LIPOVITAN-D,Sponsor နှင့် Queen,CommandoBrand များပါဝင်ပြီး ပဲနို့ရည်မျိုးစုံတွင် Lactasoy ,Vitamilk, Organic,Nestle,NESVita,Gold cup Brand များ ပါဝင်ပါသည်။ ကိတ်မုန့် မျိုးစုံနှင့် ဘီစကစ်မျိုးစုံတွင် နို့၊ စတော်ဘယ်ရီ၊ စပျစ်၊ ဒူးရင်း၊ ငှက်ပျော၊ နာနတ်၊ အုန်းစသည့် ယိုမျိုးစုံဖြင့် ပြုလုပ်ထားသည့်မုန့်များဖြစ်ပြီး အသင့်စားခေါက်ဆွဲခြောက်ထုပ်/ကြာဆံထုပ်မျိုးစုံတို့တွင် WAI WAI Brand, Yun Yun,MA MA Brand များသာ ပါဝင်သည်။ ကလေးများစားသုံးမှုအများဆုံးဖြစ်သော လေဖောင်းအိတ်မုန့်ဟုခေါ်သည့် သရေစာမုန့်မျိုးစုံမှာ အရသာစုံလင်ပြီးTom Yum Creamy Flavour,TomatoCreaker များမှာ အများဆုံးဖြစ်ပါသည်။ ရေခဲမုန့်တွင် Coconut Cream,Chocolate,Cho Cho Chip Ice Cream, Coconut Milk Ice Cream များဖြစ်ပြီးTUTTI Fruity Brand,CREMA Brand များဖြစ်သည်။ ကော်ဖီမျိုးစုံတွင် UFC Brand, Nescafe,Moccona, Khao Shong Brand အများဆုံး တင်သွင်းသည်။ ၎င်းအပြင် Coffeemate, ဆော့စ်မျိုးစုံ (Chilli Sauce, Garlic)ခရုဆီ၊ ငံပြာရည်၊ ပေါင်မုန့်မျိုးစုံ၊ သကြားလုံးမျိုးစုံ၊ ဝေဖာမုန့်များ၊ နို့ဆီ/နို့စိမ်း၊ တုံယမ်းအချဉ်ခဲ၊ အချိုမှုန့်၊ ခနောကြက်သားမှုန့်၊ ခနောဆန်ပြုတ်နှင့် စားသုံးဆီမျိုးစုံတို့ဖြစ်သည်။

ယခင်က နယ်စပ်ဒေသများမှ အချိုရည်မျိုးစုံ၊ ဘီစကစ်မျိုးစုံ၊ ဝေဖာ၊ ခေါက်ဆွဲခြောက်တို့ကို တင်သွင်းခွင့် မပြုခဲ့သော်လည်း ၂၀၁၁ ခုနှစ်မှစတင်၍ လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့သည်။ ယင်းစားသောက်ကုန်များကို တင်သွင်းရာ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၈/၂၀၂၀)အရ သွင်းကုန်လိုင်စင်ရယူရန် မလိုအပ်တော့ဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ တင်သွင်းခွင့်ထောက်ခံချက် (Import Certificate-IC) ဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာ (Import Decleration-ID)ဆောင်ရွက်၍ တင်သွင်းနိုင်သည်။

မြဝတီနယ်စပ်မှတင်သွင်းသော အချိုရည်မျိုးစုံနှင့်မုန့်များမှာ ပြည်တွင်းဈေးကွက်တွင် ရောင်းအားကောင်းလျက်ရှိကြောင်း၊ အရည်အသွေးမီသော စားသောက်ကုန်များဖြစ်စေရေးအတွက် မြဝတီနယ်စပ်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ကုန်ပစ္စည်း အမှန်တင်သွင်းချိန်တွင် သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate-IHC)အား ရုံးချုပ် FDA ဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

စားသောက်ကုန်အများစု၏ အကောက်ခွန်နှုန်းထားမှာ CD 15 %, CT 5% ဖြစ်ပြီး သကြားလုံးနှင့် ကိတ်မုန့်၏CD နှုန်းထားမှာ 20 %,CT 5% ၊ စားသုံးဆီ၏ အခွန်နှုန်းမှာCD 3 %, CT 5 % နှင့် အချိုမှုန့်၏ အခွန်နှုန်းထားမှာ CD 5%, CT 5% ဖြင့် ပေးဆောင်ရကြောင်း သိရှိပါသည်။ အဆိုပါ သွင်းကုန်ပစ္စည်းများအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကြိုတင်ဝင်ငွေခွန် 2% ပေးဆောင်ရခြင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်အထိ ကင်းလွတ်ခွင့်ပြုထားသည်ဟု သိရှိရသည်။

အကောက်ခွန်ဦးစီးဌာန၏ အခွန်စည်းကြပ်သည့်ဈေးနှုန်းများမှာ RedBull တစ်လီတာလျှင် ၀ ဒသမ ၉၄၈ ဒေါ်လာ၊ M-150 (1x50 Bottle) တစ်ပါကင်မှာ ၈ ဒသမ ၉ ဒေါ်လာ၊ UHT Soymilk, Lactasoy Brand တစ်လီတာလျှင် ၀ ဒသမ ၈၆၆ ဒေါ်လာ၊ Sprite, အချိုရည် တစ်လီတာ ၀ ဒသမ ၇ ဒေါ်လာ၊ Carabao Brand အချိုရည် တစ်လီတာ ၀ ဒသမ ၈၈ ဒေါ်လာ၊ Energy Drink Lipo တစ်လီတာလျှင် ၀ ဒသမ ၅ ဒေါ်လာ၊ Sponsor နှင့် Queen အချိုရည်မှာ တစ်လီတာ ၀ ဒသမ ၇ ဒေါ်လာ၊ Soymilk Vitamilk Brand တစ်လီတာလျှင် ၀ ဒသမ ၈၃ ဒေါ်လာ၊ Nestle Milo တစ်လီတာလျှင် ၀ ဒသမ ၉၄ ဒေါ်လာ၊ ခေါက်ဆွဲခြောက် တစ်ကီလို ၂ ဒသမ၅ ဒေါ်လာ၊ ဝေဖာမုန့်မျိုးစုံ တစ်ကီလိုလျှင် ၁ ဒသမ ၅ ဒေါ်လာ၊ Layer Cake (FUDO BRAND) (စတော်ဘယ် ရီ၊ ချိစ်၊ ငှက်ပျော၊ နို့၊ ဒူးရင်း) တစ်ကီလိုလျှင် ၀ ဒသမ ၃ ဒေါ်လာ၊ ဘီစကစ်မျိုးစုံတစ်ကီလိုလျှင် ၁ ဒေါ်လာ မှ ၀ ဒသမ ၈ ဒေါ်လာ၊သကြားလုံး အရသာမျိုးစုံသည် တစ်ကီလိုလျှင် ၀ ဒသမ ၆ ဒေါ်လာ၊ ရေခဲမုန့်မျိုးစုံတွင် နှစ်မျိုးကွဲပြားပြီး CREMO Brand သည် တစ်ကီလိုလျှင် ၀ ဒသမ ၈ ဒေါ်လာ၊ MOGNOLIA Brand သည် တစ်ကီလိုလျှင် ၁ ဒေါ်လာ၊ Nestle Brand သည် တစ်ကီလိုလျှင် ၁ ဒသမ ၄ ဒေါ်လာ၊ ငံပြာရည်တင်သွင်းမှုတွင် အများဆုံး LOBSTER Brand ကို တင်သွင်းပြီး တစ်ကီလိုလျှင် ၀ ဒသမ ၅၉ ဒေါ်လာ၊ SQUID Brand (700ml /Glass Bottle) တစ်ကီလိုလျှင် ၂ ဒသမ ၅ ဒေါ်လာဖြင့် အခွန်ပေးဆောင်ရပါသည်။ ခရုဆီနှင့်ငရုတ်ဆီ (GOLDENMountain Brand)တို့သည် တစ်ကီလိုလျှင် ၀ ဒသမ ၇ ဒေါ်လာ၊ အချိုမှုန့်၏ စည်းကြပ်ဈေးမှာ တစ်ကီလို ၁ ဒသမ ၂ ဒေါ်လာ၊ ခနောဆန်ပြုတ်ထုတ် တစ်ပါကင်လျှင် ၆ ဒသမ ၈၅ ဒေါ်လာ၊ ခနောကြက်

**သွင်းကုန် ပစ္စည်းများအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကြိုတင်ဝင်ငွေခွန် ၂% ပေးဆောင်ရခြင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်အထိ ကင်းလွတ်ခွင့် ပြုထားသည်ဟု သိရှိရသည်။**

သားမှုန့်(၈၆၀ ကီလိုပါ)တစ်ပါကင်လျှင် ၉၀၄ ဒသမ ၆၇ ဒေါ်လာ၊ တုံယမ်းအချဉ်ခဲတစ်ကီလိုလျှင် ၂ ဒသမ ၁ ဒေါ်လာ၊ နို့ဆီ(Falcon , My Boy Brand )တစ်ကီလိုလျှင် ၁ ဒသမ ၁၄ ဒေါ်လာတို့ဖြင့် တွက်ချက်၍ အခွန်ပေးဆောင်ရကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ မြဝတီနယ်စပ်တွင် ထိုင်းနိုင်ငံမှ အချိုရည်မျိုးစုံကီလို ၁၀၀ တင်သွင်းခြင်းအတွက် အခွန်ငွေ ၁၉၃၁၈ ကျပ်၊ ဘီစကစ်မျိုးစုံ(Khain Guan Brand) ကီလို ၁၀၀ တင်သွင်းခြင်းအတွက် အခွန်ငွေ ၂၁၉၂၁ ကျပ်၊ ခေါက်ဆွဲခြောက်ကီလို ၁၀၀ တင်သွင်းခြင်းအတွက် အခွန်ငွေ ၆၇၉၈၂ ကျပ်၊ ကိတ်မျိုးစုံကီလို ၁၀၀ တင်သွင်းခြင်းအတွက် ၁၀၃၇၄ ကျပ်၊ ချောကလက်ဝေဖာ ကီလို ၁၀၀ တင်သွင်းခြင်းအတွက် ၄၁၁၀၂ ကျပ်၊ ရေခဲမုန့် ကီလို ၁၀၀ တင်သွင်းခြင်းအတွက် ၁၁၃၁၉ ကျပ်၊ ခရုဆီကီလို ၁၀၀ တင်သွင်းခြင်းအတွက် ၂၁၉၂၁ ကျပ်၊ အချိုမှုန့် ကီလို၁၀၀ တင်သွင်းခြင်းအတွက် အခွန်ငွေ ၁၈၉၀၁ ကျပ်၊ ခနောကြက်သားမှုန့် ကီလို ၁၀၀ အတွက် ကျသင့်အခွန်ငွေ ၁၁၀၆၁ ကျပ် ပေးဆောင်ရပါမည်။

စားသုံးဆီတင်သွင်းမှုတွင် ဖွဲနုဆီတစ်ကီလိုလျှင် ၁ ဒသမ ၆၃ ဒေါ်လာ၊ ပဲပုပ်စေ့ဆီ တစ်ကီလိုလျှင် ၂ ဒသမ ၅၁၆ ဒေါ်လာ၊ နေကြာဆီတစ်ကီလိုလျှင် ၁ ဒသမ ၁ဒေါ်လာ၊ စားအုံးဆီ(Plan Oil) တစ်ကီလိုလျှင် ၀ ဒသမ ၈၆ ဒေါ်လာ၊ Vegetable Oil တစ်ကီလိုလျှင် ၀ ဒသမ ၇၆ ဒေါ်လာဖြစ်၍ အခွန်နှုန်းထားက CD 3 %, CT 5 % အရကီလို ၁၀၀ တင်သွင်းခြင်းအတွက် ၁၄၉၀၀ကျပ် အခွန်ငွေ ပေးဆောင်ရမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံထုတ် စားသောက်ကုန်များအား မြဝတီနယ်စပ်မှ FDA ထောက်ခံချက်ဖြင့် တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းမည်ဆိုပါက အထက်ဖော်ပြပါ အခွန်အခများသာ ကျသင့်မည်ဖြစ်ပါ၍ စားသောက်ကုန်တင်သွင်းရောင်းချသူများအနေဖြင့် တရားဝင်လမ်းကြောင်းမှသာ တင်သွင်းရောင်းချကြရန် တိုက်တွန်း လိုပါကြောင်း၊ တစ်ဖက်မှလည်း စားသုံးသူပြည်သူများအနေဖြင့် FDA စစ်ဆေးပြီးမှ ပြည်တွင်းသို့ တရားဝင်အခွန်ပေးဆောင်တင်သွင်းထားသော ဖော်ပြပါ စားသောက်ကုန်အမှတ်တံဆိပ်များကိုသာ ယုံကြည်စွာ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန်အတွက် အသိပေးဖော်ပြလိုက်ရပါသည်။

**မြဝတီကုန်သွယ်ရေးဇုန်**

## မြန်မာ့ဆိပ်ကမ်းတွင် ၇.၁.၂၀၂၁ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | -MT.VL-21 | P.Oil (In Bulk) ၄၉၉၈ တန်ချ |
| အလုံဆိပ်ကမ်း(၂) | -SEA FOREST | (21Units)Excavator& Steel Coils ၂၂၃၃ ချ |
| အလုံဆိပ်ကမ်း(၃) | -VSG DREAM | Wire Rope ၆၅၀၀ ချ |
| TMIT ဆိပ်ကမ်း(၂) | -ASIA ENERGY | WIRE RODS ၁၀၅၀၀ ချ |
| ELITE JETTY | -MT.GLORY STAR | Mogas (92Ron) ၁၂၉၃၀ တန်ချရန် |
| REGENCY&DENKO | -MT.DENKO BRIGHT | DieselOil ၂၃၀၄၂ တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TAN BINH-127 | Yellow Maize(In Bulk) ၁၁၃၀၀ တန်ချရန် | - | ၇.၁.၂၀၂၁ |
| BBC ST PETERSBURG | Transformer &Accessories ၁၆၅ တန်ချရန် | JAPAN | ၉.၁.၂၀၂၁ |
| LEA AUERBACH | G/C ၆၀၀၀ တန်ချ | RUSSIA | ၉.၁.၂၀၂၁ |
| MAGNUM POWER | Steel Product ၆၅၁၈ တန်ချ | SINGAPORE | ၉.၁.၂၀၂၁ |
| MONICA-D | Steel&Fertilizer ၁၆၈၀၀ တန်ချရန် | CHINA | ၁၀.၁.၂၀၂၁ |
| EDWARD OLDENDORIF | Wheat(In Bulk) ၂၆၀၀၀ တန်ချရန် | AUSTRELLA | ၁၃.၁.၂၀၂၁ |
| MARAKI | Steel Product ၂၅၀၀၀တန်ချ | CHINA | ၁၃.၁.၂၀၂၁ |
| PHU AN 369 | Ammonium Nitrate ၂၅၀၀ တန်ချရန် | THAILAND | ၁၃.၁.၂၀၂၁ |
| MODERN LINK | Unit Vehicle(RO/RO) ၉၅၁ တန်ချရန် | JAPAN | ၁၆.၁.၂၀၂၁ |
| PINE LEADER | Excavator &Steel Plate ၆၁၉၈ တန်ချရန် | THAI | ၁၇.၁.၂၀၂၁ |
| CAPTAIN YAKUBOVICH | Unite Truck ၃၈ တန်ချရန် | RUSSIA | ၂၈.၁.၂၀၂၁ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁.၂၀၂၁ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၈.၁.၂၀၂၁ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| CTP FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| HANSA HOMBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| ALS SUMIRE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| AS FENJA | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| EVER CHANT | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၉.၁.၂၀၂၁ |
| SINAR BINTAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၁.၂၀၂၁ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁.၂၀၂၁ |
| KUO LUNG | SINGAPOR | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁၄.၁.၂၀၂၁ |
| KOTA HALUS | SINGAPOR | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁.၂၀၂၁ |
| AEGEAN EXPRESS | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၁.၂၀၂၁ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁.၂၀၂၁ |
| CHERRY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၇.၁.၂၀၂၁ |
| SINAR SOLO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၈.၁.၂၀၂၁ |
| IAL-001 | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၉.၁.၂၀၂၁ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.PANGNIU | Mogas( 92 Ron)21000 တန်ချရန် | - | ၉.၁.၂၀၂၁ |
| MT.W BLOSSOM | စားအုံးဆီ ၈၈၀၀ တန်ချရန် | INDONESIA | ၉.၁.၂၀၂၁ |
| MT.GREAT WALRUS | Diesel Oil 12000 တန်ချရန် | SINGAPORE | ၉.၁.၂၀၂၁ |
| MT.HASTA | Diesel Oil +Mogas( 92 Ron)16500 တန်ချရန် | SINGAPORE | ၉.၁.၂၀၂၁ |
| MT.SANTAYA | MOGAS(92Ron)၁၇၀၀၀ တန်ချရန် | SINGAPORE | ၉.၁.၂၀၂၁ |
| MT.KS IRIS | Diesel Oil +Mogas( 92 Ron)၁၀၀၀၀ တန်ချရန် | SINGAPORE | ၉.၁.၂၀၂၁ |
| MT.ORCA PACIFIC | Diesel Oil 16000 တန်ချရန် | INDONESIA | ၉.၁.၂၀၂၁ |
| MT.SENNA-4 | LPG Gas 2000 တန်ချရန် | SINGAPORE | ၉.၁.၂၀၂၁ |
| MT.ANGEL NO-11 | Diesel 15000 တန်ချရန် | SINGAPORE | ၉.၁.၂၀၂၁ |
| MT.YU DONG | Diesel 19000တန်ချရန် | SINGAPORE | ၁.၁.၂၀၂၁ |
| MT.ANGEL NO-2 | Diesel Oil 14000 တန်ချရန် | SINGAPORE | ၁၀.၁.၂၀၂၁ |
| MT.GREAT PRINCESS | MOGAS(92Ron)12000 တန်ချရန် | SINGAPORE | ၁၁.၁.၂၀၂၁ |
| MT.YU YI | Diesel Oil ၁၄၀၀၀ တန်ချရန် | SINGAPORE | ၁၂.၁.၂၀၂၁ |
| MT.AU VIRGO | စားအုံးဆီတန်၄၃၀၀ တန်ချရန် | INDONESIA | ၁၂.၁.၂၀၂၁ |
| MT.AU GEMINI | စားအုံးဆီတန်၄၃၀၀ တန်ချရန် | INDONESIA | ၁၂.၁.၂၀၂၁ |
| MT.BELUGA PACIFIC | Diesel Oil ၁၅၀၀၀ တန်ချရန် | SINGAPORE | ၁၅.၁.၂၀၂၁ |
| MT.VL-21 | စားအုံးဆီတန်၅၀၀၀ တန်ချရန် | INDONESIA | ၂၀.၁.၂၀၂၁ |
| MT.KS IRIS | Diesel Oil ၁၀၀၀၀ တန်ချရန် | SINGAPORE | ၂၁.၁.၂၀၂၁ |

## ကြက်သွန်

# ပြည်ကြက်သွန်နီ ဈေးကွက်သို့ အဝင်များလျက်ရှိ

ယခုအပတ် ပြည်ဈေးကွက်သို့ ဆိပ်ဖြူ တောင်တွင်း၊ ရေနံချောင်း စသည့်နယ်များမှ ကြက်သွန်နီများ အဟောင်းရော အသစ်ပါ ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေသည့်အတွက် ယခင်ပတ်များထက် အိတ် ၁၀၀ ခန့် နေ့စဉ် ပိုမိုဝင်ရောက်လျက်ရှိသဖြင့် အဝင်များလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီအဟောင်းမှာ အစို့ပေါက်များ ထွက်နေသဖြင့် ဈေးနှုန်းမှာ တစ်ပိဿာလျှင် လက်လီဈေး ကျပ် ၄၀၀ ခန့်သာရှိပြီး အသစ်မှာ လက်လီဈေးကျပ် ၈၀၀ ခန့်နှင့် ရောင်းဝယ်လျက်ရှိနေသည်။ ပွဲရုံလက်ကားဈေးမှာအဟောင်း(ကြီး/လတ်/သေး) တစ်ပိဿာကို ကျပ် ၃၅၀/ ၂၅၀/ ၂၀၀ ခန့်နှင့် အသစ် (ကြီး/လတ်/သေး)ကျပ် ၇၀၀/ ၆၅၀/၆၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်မှုရှိနေသည်။

အရောင်းအဝယ်အနေဖြင့် ဝင်ရောက်မှုများသလို အရောင်းအဝယ်မှာလည်း ကြက်သွန်နီအဟောင်းမှာ အစို့ပေါက်ပေမယ့် ဈေးနှုန်းချိုသာသဖြင့် မဖြစ်မနေ သုံးစွဲရသည့် အစားအသောက် ချက်ပြုတ်ရောင်းချသူများမှ စိတ်ကြိုက်ဝယ်ယူစားသုံးသည့်အတွက် ဝင်ရောက်မှု၏ ထက်ဝက်ကျော်ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ကြက်သွန်နီအသစ်မှာ အစိုဓာတ်များနေသေးသဖြင့် အရောင်းအဝယ်မှာ ကြက်သွန်နီအဟောင်းထက် နည်းနေသေးကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ပြည်ကြက်သွန်ဖြူ အရောင်းအဝယ်အေးနေ

ပြည်ကြက်သွန်ဖြူ ပွဲရုံများသို့ ရှမ်းပြည်မှ ကြက်သွန်ဖြူ ကုန်စည်စီးဆင်းမှုအခြေအနေမှာ ပုံမှန်ဝင်ရောက်နေသည်ကို တွေ့ရသည်။ ယခုအချိန်မှာ မြန်မာတစ်နိုင်ငံလုံး COVID–19ဖြစ်ပွားနေချိန်တွင် နေရာအကန့်အသတ်၊ အချိန်အကန့်အသတ်နှင့် ရှိနေချိန်တွင် အရောင်းအဝယ်မှာ ယခင်နှင့်စာလျှင် အရောင်းအဝယ်အေးနေသည်။

ယခုအပတ် ကြက်သွန်ဖြူ (ပွဲရုံဈေး) ရှမ်းစ တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ ၂၅၀၀(ကြူကုတ်စ) ကျပ် ၂၂၀၀ တို့ဖြစ်ပြီး လက်လီဈေးမှာ (ရှမ်းစ) ကျပ် ၃၀၀၀၊ ၃၅၀၀ နှင့် (ကြူကုတ်စ)ကို ကျပ် ၂၅၀၀၊ ၂၈၀၀ တို့ဖြင့် ရောင်းဝယ်နေသည်။

**နီနီဝင်း(ပြည်)**

# မုံရွာကြက်သွန်နီ အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း မုံရွာမြို့၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော မိုးကြက်သွန်နီမှာ လက်ကားတစ်ပိဿာ ကျပ် ၄၀၀၊ ၅၀၀၊ ၆၀၀ နှုန်းရှိကာ လက်လီပေါက်ဈေးမှာ ကျပ် ၅၀၀၊ ၇၀၀၊ ၈၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ပွဲရုံများသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာချိန်သုံးသောင်းကျော်ဝင်ရောက်လျက်ရှိပြီး ရန်ကုန်၊ ကလေး၊ဟုမ္မလင်းနှင့် ခန္တီးမြို့များသို့ အနည်းငယ် တင်ပို့မှုရှိကြောင်းသိရသည်။

ကြက်သွန်ဖြူဈေးကွက်မှာ နေ့စဉ်ပွဲရုံသို့ကြက်သွန်ဖြူများ ပိဿာ ၃၀၀၀ခန့် အဝင်ရှိပြီး ပွဲရုံပေါက်ဈေးနှုန်းမှာ တစ်ပိဿာ (ဗမာ)ကျပ် ၂၅၀၀မှ ၂၈၀၀ ၊ (ကြူကုတ်) ကျပ် ၁၅၀၀မှ ၂၀၀၀၊ (ရှမ်း) ကျပ် ၂၀၀၀ မှ ၂၅၀၀နှုန်း၊ လက်လီ ပေါက်ဈေးနှုန်းမှာ (ဗမာ)ကျပ် ၂၈၀၀မှ၄၀၀၀၊ (ကြူကုတ်) ကျပ် ၂၃၀၀မှ ၂၈၀၀၊ (ရှမ်း) ကျပ် ၂၈၀၀မှ၃၀၀၀ နှုန်းဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## နှမ်း

# ဆောင်းနှမ်းသစ်နှင့် မိုးနှမ်းဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိ

ပြည်ဈေးကွက်သို့ ဆောင်းနှမ်းအသစ်များ မြန်အောင်၊ ကြို့ပင်ကောက်နှင့် နတ်တလင်းဘက်မှ တစ်ရက်လျှင် အိတ် ၄၀၀-၅၀၀ ခန့်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

မန္တလေးဘက်မှ နှမ်းနက်များကို အဝယ်ရှိ၍ ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်နေသည်။ ယခုတစ်ပတ်နှမ်းဈေးများ မှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင် ၁၁၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်အပတ်ထက်ဈေးမြင့်လာသည်။ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် (အဟောင်း)မှာ ကျပ် ၁၇၀၀၀၀ နှင့် (အသစ်)ဈေးမှာ ကျပ် ၁၂၀၀၀၀ ဖြစ်ပြီး စမုံ နက်နှမ်းမှာ သုံးတင်းတစ်အိတ်လျှင် (အဟောင်း)ဈေးမှာ ၁၈၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေသည်။

**ဝေဝေမင်း(ပြည်)**

# မဘိမ်းမြို့နယ်တွင် နှမ်းတောင်သူများ ပိုမိုစိုက်ပျိုးလျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဘဟဲကျေးရွာမှ ဦးကျော်တင်သန်း၏ နှမ်းစိုက်ခင်းများသို့ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းလေ့လာပြီး စိုက်ပျိုးထားရှိမှုနှင့် ဈေးကွက်အခြေအနေများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ဦးကျော်တင်သန်း၏ စိုက်ခင်းမှာ ၅၁ ဧကရှိပြီး စိန်တလုံးသရက်ပင်များ၊ လျှော်ဖြူ နှစ်ရှည်ပင်များနှင့် ဆီထွက်သီးနှံ နှမ်းများ စိုက်ပျိုးထားကြောင်းသိရှိရသည်။ ဆီထွက်သီးနှံနှမ်းအကြောင်းဆွေး နွေးရာတွင် စမုံနက်မျိုး ၆၈ ပြည် စိုက်ပျိုးထားကြောင်း မျိုးတစ်ပြည်လျှင် ကျပ် ၈၅၀၀ ပေးရကြောင်းနှင့် စုစုပေါင်းမျိုးကုန်ကျစရိတ် ကျပ်သိန်း ၅၀ ခန့် ကုန်ကျကြောင်း သိရသည်။

နှမ်းရိတ်သိမ်းချိန်တွင် လုပ်သား ၁၃ ဦး ငှားရမ်းရပြီး တစ်ရက်လျှင် ကျပ် ၆၀၀၀ နှုန်းပေးရကြောင်းသိရှိရသည်။ ယခုနှစ် နှမ်းအထွက် သိပ်မကောင်းကြောင်းနှင့် ထွက်ရှိလာသည့် နှမ်းများကို မန္တလေးပွဲရုံသို့ တင်ပို့ရောင်းချကြောင်း ယခင်နှစ် သုံးတင်းဝင် တစ်အိတ်ကို ကျပ် ၂၈၀၀၀ ရရှိပြီး ယခုပေါက်ဈေးမှာ ကျပ် ၂၁၀၀၀ သာ ဈေးရှိကြောင်းသိရှိရသည်။

မဘိမ်းမြို့နယ်တွင် ၂၀၁၉-၂၀၂၀ခုနှစ်၌ နှမ်းစိုက်ဧက ၅၆၁၅ ဧကရှိပြီး ယခင်နှစ်ထက် နှမ်းစိုက်ပျိုးသူများ ပိုမိုများပြားလာကြောင်း သိရသည်။

**ခင်မာကြည်(မဘိမ်း)**

## နနွင်း

# နနွင်းတင်ပို့မှုလျော့

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက် သီတင်းပတ်အတွင်း နနွင်း ၅၆ တန်ကို ဘင်္ဂလားဒေ့ရှ်သို့ ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က တင်ပို့မှုပျောက်ခဲ့သည့် နနွင်းက ယခုတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန်အမေရိကန်ဒေါ်လာ ၅၅၀ ဒေါ်လာရရှိခဲ့ကြောင်းသိရသည်။

ယခင်သီတင်းပတ်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၀ ဝန်းကျင်ရရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်နနွင်းဈေးအနည်းငယ်ကျခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၀၈၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

## ချင်း

# ချင်းတန်ချိန် ၂၅၀ကျော် တင်သွင်း

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက်သီတင်းပတ်အတွင်း ချင်း ၂၅၁ ဒသမ ၅၃ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ ဒသမ ၀၄ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၅၄ တန်နှင့် ပါကစ္စတန်နိုင်ငံသို့ ၁၄၁ ဒသမ ၄၉ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်း၅၆ ဒသမ ၂၆၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၉၅ ဒသမ ၂၆၅ တန် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ ချင်းတစ်တန်ပျမ်းမျှ အမေရိကန် ဒေါ်လာ ၂၆၄ ဒေါ်လာဝန်းကျင်ရရှိခဲ့သည်။

ယခင်သီတင်းပတ်က ချင်းတစ်တန် အမေရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်ရရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် ချင်းဈေးများ ကျလာကြောင်းသိရသည်။ချင်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၆၆၃၈၉ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**


# အရည်အသွေးကောင်းသော်လည်း အရောင်းအေးနေသည့် ပြည်ချင်း

ပြည်ချင်းပွဲရုံများသို့ အောင်ပန်းချင်းတက်ကြီးများ ဈေးကွက်အတွင်း ပုံမှန်စီးဆင်းနေသည်။ အရည်အသွေးကောင်း ချင်းတက်ကြီးများဖြစ်၍ ဓားလှီးသမားဝယ်လက်တို့၏ စိတ်ကြိုက်ဖြစ်နေသည်။ အရောင်းအဝယ်အလွန်အေးသောကြောင့် ချင်းဈေးပွဲရုံဈေးအနည်းငယ်ကျသော်လည်း လက်လီသမားများ ပုံမှန်ဈေးသာ ရောင်းချနေသည်ကိုတွေ့ရသည်။

ချင်းတက်တစ်ပိဿာလျှင် (ပွဲရုံဈေး) အိတ်ဆွဲ ကျပ် ၁၆၀၀၊ ၁၇၀၀ နှင့် သန့်ပြီးဈေးကျပ် ၂၂၀၀ ဈေးဖြင့် ရောင်းဝယ်နေပြီး ဒေသတွင်းလက်လီဈေးမှာကျပ် ၂၈၀၀၊ ၃၀၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ကုန်စည်စီးဆင်းမှုအနေဖြင့် တစ်ပတ်တွင်း ၂၅ ပိဿာဝင်အိတ် ၂၅၀ နီးပါးအဝင်ရှိနေပြီး အရောင်းအဝယ်မှာ ၇၅ အိတ်လောက်သာဖြစ်ကြောင်း သိရသည်။

**နီနီဝင်း(ပြည်)**

## မန်ကျည်း



# ပြည်ဒေသထွက် မန်ကျည်းမှည့်အသစ် ဒေသတွင်းစီးဆင်း

ပြည်ပွဲရုံများတွင် နှစ်ဟောင်းလှောင် မန်ကျည်းမှည့်များ ကုန်သွားသလောက်ရှိနေကြောင်း သိရသည်။ ပြည်မြို့နယ်တစ်ဝိုက်မှ ဒေသထွက် မန်ကျည်းမှည့် အသစ်များစ၍ဝင်ရောက်နေပြီး တစ်ရက်လျှင် ပိဿာ ၁၀မှ ၅၀ ထိ အဝင်ရှိနေသည်။ အသားချည်းသက်သက်မဟုတ်ဘဲ အစေ့ပါ (ကတုံး) မန်ကျည်းမှည့်များဖြစ်ပြီး တစ်ပိဿာပွဲရုံဈေးကျပ် ၂၂၀၀ ဈေးနှင့် လက်လီ ကျပ် ၂၅၀၀ ဈေးတို့ဖြင့် ရောင်းချနေကြောင်း သိရသည်။ ဝင်ရောက်သော မန်ကျည်းမှည့်အသစ်များ လက်ကျန်မရှိသော်လည်း ဒေသတွင်းအရောင်းအဝယ်ပြန်ဖြစ်နေကြောင်း သိရသည်။

**နီနီဝင်း(ပြည်)**

# ငါး-တစ်ဆယ်သား တိုးစားပေးပါ

မျိုးသူ(ကုန်သွယ်မြှင့်)

ကျွန်တော်တို့ အညာသူအညာသားများသည် ငါးစားသုံးမှုအလွန်နည်းပါးပါသည်။ ငါးကိုများများစားသုံးတတ်သူများမှာ မြစ်နား၊ ချောင်းနား၊ ပင်လယ်နားတွင် နေထိုင်ကြသူများ ဖြစ်ပါသည်။ ယခင်ခေတ်က တစ်နေရာမှတစ်နေရာ၊ တစ်မြို့မှတစ်မြို့ကို သယ်ယူပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် ငါးကိုလတ်လတ်ဆတ်ဆတ် အဝေးသို့ပို့နိုင်မှုအားနည်းခဲ့ခြင်းနှင့် ငါးကိုကန်များဖြင့် မွေးမြူသည့်စနစ်နည်းပါးခြင်းကြောင့် အညာနှင့် အထက်မြန်မာပြည်တွင် ငါးကိုလတ်လတ်ဆတ်ဆတ်စားသုံးသည့် အလေ့အထနည်းပါးပြီး ဆွေစဉ်မျိုးဆက်များပါ လတ်ဆတ်ငါးစားသုံးသည့် ယဉ်ကျေးမှု မဖြစ်ထွန်းခဲ့ဟုဆိုနိုင်ပါသည်။

ယခုခေတ်မှာမူ ငါးကို လတ်လတ်ဆတ်ဆတ် စားနိုင်အောင် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်။ သို့ဖြစ်၍ ငါးစားသုံးသည့် ယဉ်ကျေးမှုတစ်ရပ်ကို ဖြစ်ထွန်းလာအောင် ဆောင်ရွက်သင့်ပြီဖြစ်ပါသည်။ ငါးစားသုံးခြင်းသည် အသားစားသုံးခြင်းနှင့်မတူဘဲ ကျန်းမာရေးနှင့် ပိုမိုညီညွတ်ပါသည်။ လတ်ဆတ်ငါးမှရသော အာဟာရဓာတ်များကြောင့် ကျန်းမာရေးကို အထောက်အကူပြုသည်မှာ အများအသိပင် ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏တောင်တန်းဒေသများနှင့် အထက်အညာဒေသများတွင် လတ်ဆတ်ငါးစားသုံးမှုသည် အလေ့အထဖြစ်လာရန် လိုအပ်နေသေးသည်ကို တွေ့ရသဖြင့် အဆိုပါဒေသများ၏ လတ်ဆတ်ငါးစားသုံးမှုအတွက် လိုအပ်သော အားနည်းချက်များကို ပြုပြင်ပေးပြီး ဒေသအလိုက် ငါးစားသုံးသည့်ဓလေ့ကို ဖွံ့ဖြိုးတိုးတက်အောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက အသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ဆောင်ရွက်သင့်ပြီဟု တိုက်တွန်းလိုပါသည်။

ယခုခေတ်တွင် သယ်ယူပို့ဆောင်မှုများ၊ သိုလှောင်ရုံများ၊ ကိုင်တွယ်ပုံများမှာ ခေတ်မီလာပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် Logisticsပိုင်းတွင် ခေတ်မီလာသည်နှင့်အမျှ အသားငါး၊သစ်သီးဝလံများကို စားသုံးသူများအနေဖြင့် လတ်လတ်ဆတ်ဆတ် ဝယ်ယူစားသုံးနိုင်သည့် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခင်ခေတ်များက အခြောက်ခံထားပြီးမှ စားသုံးသည့် ဓလေ့များ၊ ကြာရှည်ခံအောင်ပြုပြင်ပြီးမှ စားသုံးရသည့် အလေ့အထများအပြင် လတ်လတ်ဆတ်ဆတ်ငါးများ၊ အသီးအနှံများကို စားသုံးတတ်သည့် အလေ့အထနှင့်စားသုံးသည့်ယဉ်ကျေးမှုများ တိုးတက်အောင် ဆောင်ရွက်သင့်ပြီဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့်လည်း ပြည်တွင်းဈေးကွက်သည် ပိုမိုကျယ်ပြန့်လာမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သင့်သည်ဟု တိုက်တွန်းလိုပါသည်။

ကျွန်တော်တို့ ငယ်စဉ်က အညာကမြို့လေးတစ်မြို့တွင် "ဆားတိုက်"ဟုနောက်ပြောင်နာမည်ပေးထားသော တိုက်အိမ်ကြီးတစ်လုံးရှိပါသည်။ အဆိုပါ တိုက်အိမ်ပိုင်ရှင်၏လုပ်ငန်းမှာ ငါးခြောက်၊ ငါးပိရောင်းဝယ်ခြင်းဖြစ်ပါသည်။ ငါးကိုတာရှည်ခံအောင်ပြုပြင်အခြောက်ခံပြီး စားသုံးနိုင်ရန် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ကြသည့် ငါးမှပစ္စည်းများတွင် ငါးခြောက်နှင့်ငါးပိတို့သည်အဓိကဖြစ်ပါသည်။ ငါးပိ၊ ငါးခြောက်တွင် အဓိကပါဝင်သော ကြာရှည်ခံအောင်သုံးသောပစ္စည်းမှာ ဆားဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ ဆားနှင့် အဓိကလုပ်ရသဖြင့် ငါးပိ၊ ငါးခြောက်လုပ်ငန်းကို ဆားကရရှိသော ငွေ၊ ဆားက ရရှိသော အကျိုးအမြတ်က ငါးကရသောငွေထက် အကျိုးအမြတ်ထက် ပိုမိုသည်ဟုဆိုပြီး ဆားတိုက်ဟုခင်မင်သူများက နာမည်ပြောင်ပေးခြင်းဖြစ်သည်ဟုဆိုပါသည်။ ဆိုလိုသည်မှာ ယခင်ခေတ်ကအညာတွင် ငါးကို လတ်လတ်ဆတ်ဆတ်စားသုံးရန် အခက်အခဲရှိသဖြင့် ငါးခြောက်၊ ငါးပိများကိုသာ အဓိကစားသုံးခဲ့ကြသဖြင့် အလေ့အထဖြစ်ပေါ်လာပြီး ငါးလတ်လတ်ဆတ်ဆတ် စားသုံးသည့်အလေ့အထနည်းပါးခဲ့သည်ကို တွေ့နိုင်ပါသည်။ ထို့ပြင် ငါးပိ၊ ငါးခြောက်စားသုံးမှုသည် အညာဒေသတွင် များပြားသဖြင့်လည်းကောင်း၊ ကုန်ပစ္စည်းရှားပါးသဖြင့် အရည်အသွေးအဓိကမဟုတ်ဘဲ အရည်အသွေးနိမ့်သည် ကုန်ပစ္စည်းများရောင်းချသည်များကိုလည်း ဝယ်ယူစားသုံးခဲ့ရသည်ကို ဖော်ပြလိုခြင်းဖြစ်ပါသည်။

## ငါး-တစ်ဆယ်သား စားကြည့်ပါ

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၄ ဒသမ ၄သန်းခန့်ရှိသဖြင့် အဆိုပါလူဦးရေသည် တစ်နေ့လျှင် ငါး-ငါးကျပ်သားနှုန်းသာ စားသုံးမည်ဆိုပါက တစ်နေ့လျှင် ၅ ကျပ်သား (သုည ဒသမ ၀၅ x ၅၄ ဒသမ ၄ )=ပိဿာချိန် သန်းပေါင်း ၂ ဒသမ ၇၂၀ သန်းရောင်းရမည်ဖြစ်ပါသည်။ တစ်ဆယ်သားနှုန်းသာ စားသုံးမည်ဆိုပါက အဆိုပါပိဿာချိန်၏ နှစ်ဆပိဿာချိန် သန်းပေါင်း ၅ ဒသမ ၄၄ သန်း၊ ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်မည်ဖြစ်ပါသည်။ မွေးမြူရေးငါးနေ့စဉ်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု၊ ပြည်တွင်းစားသုံးမှုအခြေအနေကိုလေ့လာရာတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ နေ့စဉ်ဖမ်းဆီးဖော်ယူသည့်မွေးမြူရေးငါးမှာ ပိဿာချိန် ၇၅၀၀၀၀၊ နေ့စဉ် ပြည်ပတင်ပို့ရန် သုံးစွဲသည့် ငါးပိဿာချိန် ၁၅၀၀၀၀ နှင့် ပြည်တွင်းစားသုံးမှုအတွက် ငါးပိဿာချိန် ၆၀၀၀၀၀ ရှိသည်ဟု ဆိုပါသည်။ လူဦးရေနှင့်ချိန်ထိုးကြည့်လျှင် တစ်နေ့လျှင် မွေးမြူရေးငါးစားသုံးမှုမှာ လူတစ်ဦးနေ့စဉ် မွေးမြူရေး ငါးတစ်ကျပ်သားသာ စားသုံးသည့်အခြေအနေဖြစ်ပါသည်။သို့ဖြစ်ပါ၍ လူတစ်ဦးကိုနေ့စဉ် ငါး-တစ်ဆယ်ကျပ်သားနှုန်းသာ စားပေးမည်ဆိုပါက ငါးပိဿာချိန် ၅ ဒသမ ၄ သန်းရောင်းချရမည်ဖြစ်၍ ပြည်တွင်းဈေးကွက်တွင် ငါးလိုအပ်ချက် ၁၀ ဆ တက်လာမည်ဖြစ်ပါသည်။ ငါးစားသုံးမှုတိုးတက်လာသကဲ့သို့ ပြည်တွင်းငါးဈေးကွက်လည်း လိုက်ပါဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး Supply Chain တစ်ခုလုံးလည်းလိုက်ပါ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်တို့ ငယ်ငယ်က ရေချိုငါးကိုသာ စားသုံးမှုများပြားခဲ့ကြပါသည်။ ကိုဗစ်ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သော စားသောက်ဆိုင်များကိုဖွင့်လှစ်ရောင်းချခွင့်ပေးခြင်း၊ ဆိုင်ထိုင်စားသောက်ခွင့်ပေးခြင်း၊ တို့ကိုဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းငါးဈေးကွက်သည် ကိုဗစ်ရောဂါကြားမှ ပြန်လည်တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ပြင် ရေငန်ငါးစားသုံးမှုကိုလည်း တိုးတက်လာရန် တစ်ပါတည်း ဆောင်ရွက်သင့်ပါသည်။ ရေငန်တွင်ရနိုင်သော ငါးများ စားသုံးမှုနည်းသဖြင့် ၁၉၇၀ ခုနှစ်ခန့်က သတင်းစာများတွင် ပင်လယ်ငါးစားသုံးမှု တိုးတက်လာစေရန် လှုံ့ဆော်မှုများပြုလုပ်ခဲ့ သည်ကိုမှတ်မိပါသည်။

> **ကလေးများတွင် ငါးမှန်မှန်စားသုံးပါက ပန်းနာရင်ကြပ်ရောဂါဖြစ်ပွားခြင်းကို ကာကွယ်နိုင်သည်ဟု ဆိုပါသည်။ အသက်အရွယ်ကြီးသော အမျိုးသမီးများတွင် ဖြစ်ပွားသော မျက်စိအမြင် အာရုံလျော့ကျခြင်းနှင့် မျက်စိမမြင်ခြင်းတို့ကိုလည်း ငါးမှန်မှန် စားသုံးလျှင် ၄၂ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်သည်။**

**"ခေတ်မီသူတိုင်း ပင်လယ်ငါးစားသည်"**ဟူသော ဆောင်ပုဒ်လေးကို သတင်းစာများ/ ရေဒီယိုများတွင် မြင်ကြားလာရသကဲ့သို့ ပြည်သူများသည်လည်း ရေငန်ငါးကို စားတတ်လာသည်ဟုထင်ပါသည်။ ကျွန်တော့်ဖခင်မှာ ဆိပ်ဖြူသားဖြစ်ပြီး မိခင်မှာပေါင်းတည်သူဖြစ်၍ ရေမနီးသောအရပ်မှ ပုဂ္ဂိုလ်များဖြစ်၍ ငါးကို သိပ်မစားတတ်ကြပါ၊ အဆိုပါ ခေတ်မီသူတိုင်း ပင်လယ်ငါးစားသည်ဟု ကြေညာချင်းကြောင့် ဖြစ်၊ မဖြစ် မသေချာသော်လည်း ပင်လယ်ငါးများမှာ ဈေးချိုသဖြင့် အမေကမိသားစုကို ပင်လယ်ငါး စတင်ချက်ကျွေးလာပါသည်။ စတင်စားဖူးသော ရေငန်ငါးများမှာ ငါးသလောက်၊ ငါးရွှေနှင့် ပြည်ကြီးငါးတို့ဖြစ်ပါသည်။ ယခုအခါတွင်လည်း ပင်လယ်ငါး၊ ပုစွန်များကို ရေချိုရေငန်စပ်ဒေသများတွင် မွေးမြူမည်လား၊ မည်သို့တိုးတက်အောင် ဆောင်ရွက်ပြီး ပြည်တွင်းဈေးကွက်ကို ရေချိုငါးများနှင့်အတူ ဖော်ဆောင်သင့်သည်ဟု မျှော်လင့်မိပါသည်။

## တန်ဖိုးမြှင့်ထွက်ကုန်များ ထုတ်လုပ်ရေး

ကျွန်တော်တို့ အညာနှင့်တောင်ပေါ်ဒေသများတွင် နှစ်နှစ်ခြိုက်ခြိုက် စားသုံးကြသည်မှာ ငါးပိ၊ ငါးခြောက်ဖြစ်ပါသည်။ အညာအလှူများတွင် ငါးခြောက်ကို မြေပဲလေးနှင့် ဆီပြန်ချက်သော အညာငါးခြောက်ဆီပြန်ချက်သည် မပါမပြီးဖြစ်ပါသည်။ ထို့ပြင် ရန်ကုန်မှ မန္တလေးကို လမ်းဟောင်းမှသွားလျှင် ပဲခူးအကျော်၌ ဘုရားကြီး၊ ပျဉ်ပုံကြီးတို့ကိုရောက်လျှင် ငါးရံ့ခြောက်ဆိုင်များ တွေ့ရပြီး ဒေသထွက်ကုန်အနေဖြင့်ဝယ်ယူတတ်ကြပါသည်။ ရထားပေါ်တွင်လည်း ပဲခူးဘူတာရောက်လျှင် ငါးခြောက်၊ ငါးချဉ်၊ ပုစွန်သည်များ လက်ပွေ့ရောင်းနေကြသည်ကို ဒေသစာအဖြစ် ဝယ်ယူကြပါသည်။ ပဲခူးမနီငါးချဉ်သည် ယခုအထိ ဒေသထွက် လက်ဆောင်တစ်ခုဖြစ်နေဆဲဖြစ်ပါသည်။ ဤနေရာတွင် သင်ခန်းစာတစ်ခုမှာ ဘူတာများတွင် ရောင်းသူများ၏ ငါးချဉ်၊ ပုစွန်ချဉ်အများစုမှာ အရည်အသွေးညံ့ခြင်းဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုမျိုးကိုရှောင်ရှားပြီး အရည်အသွေးကောင်း ငါးချဉ်၊ ပုစွန်ချဉ်များ၊ ငါးခြောက်များကို ထုတ်လုပ်ရောင်းချမည်ဆိုပါက ပြည်တွင်းဈေးကွက်တွင် ယခုထက် ပိုမို၍ ရောင်းချလာရမည်ဖြစ်ပါသည်။ ထုပ်ပိုးပုံကောင်းကောင်း၊အရည်အသွေးကောင်းကောင်းဖြင့် Door to Door , On line ရောင်းချခြင်းမျိုးကိုသာ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ယခုကိုဗစ်ရောဂါကြောင့် Stay at Home ကာလများတွင် အလွန်ရောင်းချရနိုင်ပါသည်။ အထက်ပါအချက်များအပြင် ဈေးနှုန်းအားဖြင့်လည်း သင့်တင့်သက်သာရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ထုတ်လုပ်မှုစရိတ်သက်သာရေး၊ သယ်ယူပို့ဆောင်ခသက်သာရေး၊ သိုလှောင်မှု စားရိတ်သက်သာရေးများကိုပါ ထည့်သွင်းအကောင်အထည်ဖော်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ငါးစားသုံးမှုနှင့်ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန်အဓိက လိုအပ်ချက်မှာ ငါးစားသည့်ယဉ်ကျေးမှုဓလေ့ Culture ဖွံ့ဖြိုးတိုးတက်လာရေးဖြစ်သဖြင့် အစားအသောက် စားသုံးသည့် ဓလေ့များကို ပြောင်းလဲရန် လိုအပ်မည်ဟု သုံးသပ်မိပါသည်။

## လူထုကျန်းမာရေးနှင့်ငါးစားသုံးဓလေ့

ငါးစားသုံးခြင်းဖြင့် လူ၏ကျန်းမာရေးအတွက် သင့်လျော်သော ဗီတာမင်၊ ပရိုတင်းနှင့် အခြားသော ရောဂါများကို တားဆီးနိုင်သည့် ကောင်းကျိုးတစ်ဆယ့်တစ်ချက်ရှိသည်ဟုဆိုပါသည်။ ထိုအထဲတွင် ထိပ်ဆုံးမှ ပါဝင်သည်မှာ အိုမင်းခြင်းကိုတားဆီးနိုင်သော အိုမီဂါ -၃ ဖက်တီးအက်စစ်ပါဝင်ခြင်းဟုဆိုပါသည်။ အဆိုပါဓာတ်ကို ငါးကြီးဆီဆေးလုံးအနေဖြင့် တန်ဖိုးကြီးပေးဝယ်ယူစားသုံးရပါသည်။ ငါးကိုလတ်လတ်ဆတ်ဆတ်စားသုံးလျှင် အဆိုပါ ဓာတ်ကိုလွယ်လွယ်ကူကူရရှိစေနိုင်ပါသည်။ ထို့ပြင် ဗီတာမင်ဓာတ်များလည်း များစွာကြွယ်ဝပါသည်။ ယခု ကိုဗစ်ရောဂါအတွက် အထူးလိုအပ်သည်ဆိုသော ဗီတာမင်ဒီနှင့်ဗီတာမင် ဘီ-၂( ရိုင်ဗိုဖလာဗင်)တို့လည်း ငါးတွင် ကြွယ်ဝသည်ဟု ဆိုပါသည်။ ထို့ပြင် ကိုဗစ်ရောဂါအတွက် လိုအပ်သော ဇင့်ဓာတ်၊ ကယ်လဆီယံဓာတ်တို့အပါအဝင် သတ္တုဓာတ်များလည်း ကြွယ်ဝသည်ဟု ဆိုပါသည်။

ကျန်းမာရေးသုတေသီများက တစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ်အထိ ငါးစားသုံးသင့်သည်ဟု ထောက်ခံကြကြောင်းလည်း သိရပါသည်။ ငါးစားသုံးခြင်းဖြင့် ရုတ်တရက်နှလုံးရပ်၍ သေဆုံးခြင်း၊ လေဖြတ်ခြင်းမျိုးကို ကာကွယ်နိုင်သည် လျော့ကျစေသည်ဟုဆိုပါသည်။ ထို့ပြင် နှလုံးရောဂါကို ကာကွယ်နိုင်သည့်အပြင် သွေးတိုးရောဂါကိုလည်း လျော့ကျစေနိုင်သည်ဟု ဆိုပါသည်။ အဝလွန်ရောဂါ၊ စိတ်ကျရောဂါများကိုလည်း ကာကွယ်နိုင်သည့်အပြင် အခြားသော ကျန်းမာရေးအရ ကောင်းကျိုးများကိုလည်း ရရှိနိုင်ကြောင်း သိရသည်။ ကလေးများခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးသည့် အာဟာရဓာတ်ပရိုတင်းဓာတ်များ များစွာပါဝင်ပါသည်။ အသက်ကြီးလာသည့်အခါတွင် ကြုံတွေ့ရလေ့ရှိသည့် ဦးနှောက်၏ မှတ်ဉာဏ်စွမ်းအင်ကျဆင်းသည့်ကိစ္စ အပါအဝင် အယ်ဇိုင်းမားရောဂါမျိုးကိုပါ ဖြစ်ပွားမှုလျော့ကျစေပါသည်။ ထို့ပြင် ဆီးချိုရောဂါကိုလည်း အလိုအလျောက် လျော့ကျစေနိုင်သည်ဟုလည်း ဆိုပါသည်။

ထို့ပြင် ကလေးများတွင် ငါးမှန်မှန်စားသုံးပါက ပန်းနာရင်ကြပ်ရောဂါဖြစ်ပွားခြင်းကို ကာကွယ်နိုင်သည်ဟုဆိုပါသည်။ အသက်အရွယ်ကြီးသော အမျိုးသမီးများတွင် ဖြစ်ပွားသော မျက်စိအမြင်အာရုံလျော့ကျခြင်းနှင့် မျက်စိမမြင်ခြင်းတို့ကိုလည်း ငါးမှန်မှန်စားသုံးလျှင် ၄၂ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်သည်ဟု သုတေသီများက ဆိုပါသည်။ လူလတ်ပိုင်း အသက်အရွယ်ရှိ အမျိုးသားများကို ခြောက်လခန့် တစ်ပတ်လျှင် ဆယ်လမွန်ငါးဟင်းသုံးကြိမ် ကျွေးကြည့်ရာတွင် ညဘက်အိပ်မပျော်ခြင်းကို လျှော့ချနိုင်ပြီး ကောင်းစွာ အိပ်စက်လာနိုင်သည့်အပြင် နေ့စဉ်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တိုးတက်မှုများ ရရှိသည်ဟုဆိုပါသည်။ နိဂုံးချုပ်ရမည်ဆိုပါက နေ့စဉ်ငါးကို စားသုံးကြည့်ပါ၊ အခြားအသားများထက် ငါးစားသုံးမှုကို တိုးတက်စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်သည်မှာ သေချာသည့်အတွက် ကိုဗစ်ကိုရှောင်ရှားရင်း တစ်နေ့လျှင် ငါးတစ်ဆယ်သားခန့် ပိုမို၍စားသုံးခြင်းဖြင့် ပိုမိုကောင်းမွန်သောကျန်းမာရေးကို ရယူကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်ခင်ဗျား။

## ယခုတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၄၅၀၉၀၂ ဒေါ်လာတန်ဖိုးရှိ ဒီဇယ် ၉၁၆၂၈ ဒသမ ၉၂ တန်နှင့် အမေရိကန်ဒေါ်လာ ၇၆၅၈၈၄၁ ဒေါ်လာတန်ဖိုးရှိ ဓာတ်ဆီ ၁၈၉၆၄ ဒသမ ၅၃ တန်၊ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီ ၁၁၀၅၉၃ ဒသမ ၄၅ တန် ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ်၄၅၃၉၃ ဒသမ ၈၆ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၄၆၂၃၅ ဒသမ ၂၆ တန်ပိုမို တင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီ ၅၄၄၅၁ ဒသမ ၀၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၃၅၄၈၆ ဒသမ ၄၉ တန် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်အဝင်ပိုခဲ့ပြီး ဓာတ်ဆီအဝင်လျော့ခဲ့သည်။

**သီတာဝင်း (DOT)**



## မူဆယ်(၁၀၅)မိုင် ဖရဲဈေးကွက်

ယခုကာလသည် ဖရဲသီးများ စတင်ထွက်ပေါ်ချိန်ဖြစ်ပြီး ပြည်တွင်း၌ အရောင်းသွက် ဈေးကောင်းရနေပြီး ဖရဲစိုက်တောင်သူတွေအတွက် တွက်ခြေကိုက်နေကြောင်း သိရသည်။ ဖရဲကို တရုတ်ဈေးကွက်သို့ အဓိကထား တင်ပို့လျက်ရှိသည်။

ယခုရက်ပိုင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဖရဲကားစီးရေ ၁၀၀ ခန့် တန်ချိန် ၂၀၀၀ ခန့် တစ်တန်လျှင် တရုတ်ယွမ် ၅၀၀၀ မြန်မာငွေကျပ် ၁၀ သိန်းခန့် ပေါက်ဈေးရှိသည်။ ယခင်အပတ်များတွင် တရုတ်ယွမ် ၇၀၀၀အထိ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအပတ်တွင် ယာဉ်များပိတ်ဆို့ပြီး လမ်းခရီးကြန့်ကြာမှုများဖြစ်၍ တရုတ်ဈေးကွက်ရောက်တာနဲ့ ဖရဲအရည်အသွေး ကျသွားခြင်းကြောင့် ယွမ် ၂၀၀၀ အထိ ဈေးကျသွားကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်တွင် တစ်ရက်လျှင် ဖရဲကားစီးရေ ၁၅၀မှ ၂၀၀ ခန့် အထိ ရှိခဲ့သော်လည်း ၁၀၀ လောက်သာ စီးထွက်နိုင်သည်။ ထို့ပြင် ဖရဲကို ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ စာချုပ်ချုပ်ဆို၍ သင်္ဘောဖြင့် အစမ်းတင်ပို့ထားပြီး ဈေးကွက်ရောက်လို့ မပျက်မစီးဘဲ အရည်အသွေးကြိုက်လျှင် ထပ်မံမှာယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ စင်ကာပူနှင့်ကာတာနိုင်ငံတို့ကလည်း မှာယူထားခြင်းကြောင့် မကြာမီ တင်ပို့နိုင်ရန် အစီအစဉ်ရှိကြောင်း ဖရဲသခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရှိရသည်။

**ဆောင်းစံပယ်ဖြူ**

## Energy NYMEX 8-1-2021

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.04 | 0.21 | 0.41 |
| Brent Crude Futr (USD/bbl) | 54.60 | 0.22 | 0.40 |
| Gasoline Rbob Fut (Cent/gal) | 149.24 | 0.97 | 0.65 |
| Natural Gas Futr (USD/MMBtu) | 2.69 | -0.04 | -1.50 |
| Heating Oil Futr (Cent/gal) | 154.55 | 0.74 | 0.48 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4-January | 27.20 | 2765.80 | 2013.35 | 7820.67 | 1064.00 |
| 5-January | 27.26 | 2793.79 | 2014.67 | 7900.02 | 1058.00 |
| 6-January | 27.27 | 2816.93 | 2033.41 | 7984.43 | 1088.00 |
| 7-January | 27.30 | 2852.42 | 2028.56 | 8079.64 | 1099.00 |
| 8-January | 26.95 | 2836.11 | 2022.39 | 8126.15 | 1109.00 |

## အမေရိကန်နိုင်ငံခြားငွေလဲနှုန်း အနည်းငယ်ဆက်လက်ကျဆင်း

အမေရိကန်နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၄၀ ကျပ်ဝန်းကျင်ဖြင့် ဆက်လက် ကျဆင်းနေကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။

လက်ရှိ အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာမူ ဇန်နဝါရီ ၈ ရက် ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာ ဝယ်ဈေး ၁၃၃၇ ကျပ်၊ ရောင်းဈေး ၁၃၄၂ ကျပ်ဝန်းကျင်ဖြင့် ကျဆင်းလာခြင်းဖြစ်သည်။

ကမ္ဘာ့ဒေါ်လာအညွှန်းကိန်းမှာ ဇန်နဝါရီ ၈ ရက်တွင် အညွှန်းကိန်း ၈၉ ပွိုင့်တွင်ဖြစ်ပေါ်လျက်ရှိနေပြီး ပြည်တွင်းပုဂ္ဂလိက ဘဏ်များတွင်မူ ဇန်နဝါရီ ၈ ရက် အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာ ဝယ်ဈေး ၁၃၃၁ ကျပ်၊ ရောင်းဈေး ၁၃၄၀ ကျပ်ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်နိုင်ငံခြားငွေလဲနှုန်းမှာ ၂၀၂၀ခုနှစ် ဇူလိုင် ၂၂ ရက်ကတစ်ဒေါ်လာ ကျပ် ၁၄၀၀ ကျပ်ထိ မြင့်တက်လာခဲ့ပြီးနောက် ၂၀၂၁ နှစ်ဆန်းပိုင်းထိ တစ်ဒေါ်လာ ၁၄၀၀ ကျပ်အောက်တွင်သာ အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှသိရသည်။

**ပန်းဆု**

## ၂၀၂၁ နှစ်ဆန်းပိုင်းတွင်း အခေါက်ရွှေဈေးထပ်မံမြင့်တက်လာ

၂၀၂၁ နှစ်ဆန်းပိုင်း ဝင်ရောက်ချိန် အခေါက်ရွှေဈေး ကျပ် ၁၃သိန်းသုံးသောင်းကျော်ထိ ထပ်မံမြင့်တက်လာနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ပြည်တွင်းဒေါ်လာဈေးက နည်းနည်း ပြန်ကျလာတယ်။ ခုကတော့ ရွှေလာရောင်းတဲ့သူပဲ များတယ်။ နောက်ပိုင်း ရွှေဈေးက နည်းနည်းတက်လိမ့်မယ်ထင်တယ်။ အင်္ဂလန်နဲ့ဂျပန်က ပိတ်လိုက်တဲ့အတွက် စီးပွားရေးလမ်းကြောင်းတွေရပ်သွားတယ်။ နောက် ကွန်တိန်နာလမ်းကြောင်းတွေ အကုန်လုံးရပ်သွားတယ်။ အလုပ်က အရင်လိုမဖြစ်တဲ့ အခါကျတော့ ရွှေဘက်ကိုပဲ ပြန်လှည့်လာကြတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောဆိုသည်။

လတ်တလော ရန်ကုန်ရွှေဈေးကွက်တွင်း ဝယ်လိုအားထက် ရောင်းလိုအား မြင့်တက်လျက်ရှိပြီး အခေါက်ရွှေဈေး ဇန်နဝါရီ ၈ ရက် ရန်ကုန်ဈေးကွက်နှင့်မန္တလေး ဈေးကွက်တွင် ၁၆ ပဲရည် (အကယ်ဒမီ) အခေါက်ရွှေ တစ်ကျပ်သားဈေး ဖြစ်ပေါ်နေမှုအရ ၁၃၃၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေကြောင်း သိရသည်။

၁၅ ပဲရည် တစ်ကျပ်သားဈေးမှာမူ ဇန်နဝါရီ ၈ ရက် ရန်ကုန်ဈေးကွက်နှင့် မန္တလေးဈေးကွက်တွင် နံနက်ပိုင်းဈေး ဖြစ်ပေါ်နေမှုအရ ကျပ် ၁၂၅၁၇၀၀ ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေခြင်းဖြစ်သည်။

ဇန်နဝါရီ ၈ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်ထရိုင်အောင်စလျှင် ၁၉၁၂ ဒေါ်လာထိ မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးပါ စံချိန်တင်လိုက်ပါမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ပန်းဆု**



## ရန်ကုန်စတော့အိပ်ချိန်းတွင် သုံးရက်အတွင်း ၁၂၃ သန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ဇန်နဝါရီ ၅ ရက်မှ ဇန်နဝါရီ ၇ ရက်အတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ခြောက်ခုသည် အစုရှယ်ယာ စုစုပေါင်း ၂၀၁၆၃ စု အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေတန်ဖိုးအားဖြင့် ၁၂၃ ဒသမ ၆ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

စာရင်းဝင်ကုမ္ပဏီ ခြောက်ခုတွင် Myanmar Thilawa SEZ Holding Public (MTSH) အစုရှယ်ယာ အများဆုံးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိပ်ချိန်းတွင် Amata Holding Public Co.,Ltd. (AMATA)အား စာရင်းဝင်ကုမ္ပဏီအဖြစ် ထပ်မံခွင့်ပြုလိုက်ပြီဖြစ်၍ မကြာခင်တွင် စာရင်းဝင် ကုမ္ပဏီခုနစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ခုနစ်ခုမြောက်စာရင်းဝင် ကုမ္ပဏီ Amata Holding Public Co.,Ltd (AMATA)သည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည်။

ယင်းကုမ္ပဏီ မြန်မာနိုင်ငံအတွင်း၌ အလယ်အလတ်တန်းစားနှင့် အဆင့်မြင့် အပန်းဖြေစခန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် SPA များကို စီမံခန့်ခွဲခြင်းနှင့် အသစ်ဖော်ဆောင်ခြင်းတွင် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

## Currency Exchange Rate

January 8, 2021
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.28 |
| BDT Bangladesh Taka | 84.81 |
| CAD Canada Dollars | 1.27 |
| CNY China Yuan Renminbi | 6.46 |
| EUR Euro | 0.81 |
| H KD Hong Kong Dollars | 7.75 |
| I NR India Rupees | 73.32 |
| I DR Indonesia Rupiahs | 14046.24 |
| JPY Japan Yen | 103.93 |
| MYR Malaysia | 4.04 |
| PKR Pakistan Rupees | 160.19 |
| PHP Philippines Pesos | 48.05 |
| RUB Russia Rubles | 74.03 |
| SGD Singapore Dollars | 1.32 |
| KRW South Korea Won | 1090.35 |
| LKR Sri Lanka Rupe | 187.58 |
| THB Thailand Baht | 30.07 |
| GBP United Kingdom Pounds | 0.73 |
| VND VietnamDon | 23110.94 |

*Source:xe.com*

## World Gold Price

January - 2021 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | 1978 | 1941 | 1941 |
| 5 | 1978 | 1941 | 1941 |
| 6 | 1990 | 1947 | 1947 |
| 7 | 1999 | 1931 | 1931 |
| 8 | 2089 | 1910 | 1911 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4-1-2021 | 1329.00 | 1328.50 |
| 5-1-2021 | 1330.50 | 1329.50 |
| 6-1-2021 | 1331.50 | 1331.00 |
| 7-1-2021 | 1332.00 | 1331.50 |
| 8-1-2021 | 1333.50 | 1333.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၂၁ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6.46 | 29.92 | 84.76 | 73.09 |
| 5 | 6.45 | 29.91 | 84.74 | 73.10 |
| 6 | 6.45 | 29.91 | 84.79 | 73.13 |
| 7 | 6.45 | 29.92 | 84.79 | 73.13 |
| 8 | 6.46 | 30.07 | 84.81 | 73.32 |

## ဘိလပ်မြေ

# ပင်လယ်ရေကြောင်းမှ ဘိလပ်မြေ နှစ်တန်သာအဝင်ရှိခဲ့

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက် သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၁၂၀၀ ဒေါ်လာတန်ဖိုးရှိ ဘိလပ်မြေနှစ်တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှသာ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၂၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၁၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၄၆၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၆၇၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန်၁၇၉၀ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်လျော့ခဲ့သည်။



# မန္တလေးဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်အေးနေပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ ကျားခေါင်းကျပ် ၆၂၀၀၊ နဂါးကျပ် ၄၄၀၀ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ဖြစ်လာကြောင်း သိရသည်။ ယခုတစ်ပတ် ခရောင်း(၅၂၅)နှင့် ခရောင်း(၄၂၅) ကကျပ် ၃၀၀ ဈေးမြင့်ခဲ့ပြီး အေသုံးလုံးကပစ္စည်းပြတ်ကာ ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံးကျပ် ၄၀၀၀၊ အယ်လ်ဖာကျပ် ၃၉၀၀၊ ခရောင်း (၅၂၅) ကျပ် ၄၇၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၅၆၀၀၊ ကြံ့တစ်ကောင်(ပြာ)ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ်အပါချီက ကျပ် ၁၀၀၊ ကြံ့ကကျပ် ၅၀ ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ်၄၄၀၀၊ ကြံ့ကျပ်၄၆၅၀၊ ကမ္ဘောဇကျပ်၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၂၀၀၊ အယ်လ်ဖာကျပ် ၄၃၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ် မြေဩဇာတစ်သောင်းကျော် တင်သွင်း

ဒီဇင်ဘာ ၂၇ရက်မှ ဇန်နဝါရီ ၂ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၉၅၁၂၄ ဒေါ်လာတန်ဖိုးရှိ မြေဩဇာ ၁၀၇၉၅ ဒသမ ၇၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၆၄၂၁ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၄၂၀၊ ကိုရီးယားနိုင်ငံမှ ၂၈၈၉ ဒသမ ၇၄ တန်၊ မက္ကဆီကို နိုင်ငံမှ ကိုးတန်၊ ထိုင်းနိုင်ငံမှ ၂၄ တန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုမှ ၁၀၃၂တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ယူရီးယား(၄၆%)(AMC)၊ ကွန်ပေါင်း(၁၅း၇း၈)(အာမို)၊ ဖော့စဖိတ်(GTSP)၊ အမိုးနီးယားဆာလဖိတ်၊ ပိုတက်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နှင့် ဖလော်ရီလာတို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၀၁၆၀ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၃၀ အဝင်ပိုခဲ့ကြောင်း သိရသည်။

# မကွေးမြေဩဇာဈေးကွက် အရောင်းအေး

ဒီဇင်ဘာ ၂၆ ရက်မှ ၁ ရက်အထိနယ်စပ်လမ်းမှ မြေဩဇာ အဝင်မှာ တန်ချိန် ၁၀၄၂၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၁၀၁၂၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၂၉၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့်နယ်စပ်လမ်းမှ မြေဩဇာအဝင်ပိုခဲ့သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်၊ တောင်ကြီး၊ မကွေးနှင့်မန္တလေး တို့တွင် အရောင်းပုံမှန်ရှိပြီး မကွေး၌အရောင်းအေးကြောင်းသိရသည်။

**မန္တလေးဈေးကွက်၌** အရောင်းပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး)က ကျပ် ၇၀၀၊ တီစူပါ(၄၆%)က ကျပ် ၅၀၀၊ ပန်းသီးစုံက ကျပ် ၂၀၀ ဈေးမြင့်ခဲ့ပြီး မြွားကမ္ဘာက ကျပ် ၁၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)၊ ကျပ် ၂၅၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၆၅၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ်၂၃၀၀၀၊ မြွားသီးစုံကျပ် ၁၇၅၀၀၊ ပန်းသီးစုံ ကျပ် ၁၇၇၀၀၊ အာမို(၁၀း၁၀း၅)ကျပ် ၁၈၅၀၀၊ အာမို(၁၅း၁၅း၁၅) ကျပ် ၃၉၅၀၀၊ ပိုတက် ကျပ် ၂၇၅၀၀၊ မြွားကမ္ဘာကျပ် ၁၇၇၀၀၊ မြွား(၁၅း၉း၈)ကျပ် ၂၁၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ပုလဲ-ပန်းဖူး)နှင့် ယူရီးယား(ပုလဲ-ရွှေတောင်)က ကျပ် ၁၅၀၀ ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ်၁၇၅၀၀၊ ဆင်(၁၀း၁၀း၅)ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ်၁၈၀၀၀၊ အာမို(၁၅း၁၅း၁၅) ကျပ်၃၉၀၀၀၊ အာမို (၁၆း၁၆း၈) ကျပ် ၃၆၅၀၀၊ အာမို (၁၀း၁၀း၅)ကျပ် ၁၉၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၆၀၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၇၈၀၀၊ တီစူပါကျပ် ၂၂၇၀၀၊ ဇာမနီကျပ်၁၉၀၀၀၊ တက်တိုးကျပ် ၂၂၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မော်လမြိုင်ဈေးကွက်၌** စိုက်ပျိုးရာသီချိန်ရောက်လာသော်လည်း အရောင်းအဝယ်အေးနေပြီး ဈေးလည်းငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(အမ်စီ) ကျပ် ၂၅၀၀၀၊ ပုလဲ-မြန်မာ (နဂါး-တရုတ်)ကျပ် ၂၇၀၀၀၊ ပုလဲ-မြန်မာ (စုစံ)ကျပ်၂၄၅၀၀၊ ကွန်ပေါင်း (အစိမ်း)(၁၅း၁၅း၁၅)(အမ်စီ)ကျပ် ၄၀၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း (တရုတ်) (၁၀း၁၀း၅) (မြွားနီ)ကျပ် ၂၀၀၀၀၊ တီစူပါ (၂၀%) (မြွားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀၊ ပိုတက်(မာကိုတာ) ကျပ် ၂၇၀၀၀၊ ပိုတက်(အမ်စီ)(နွားခေါင်း) ကျပ် ၂၈၀၀၀၊ကွန်ပေါင်း(ထိုင်း) (Grow How) ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီတန်ချိန် ၅၀၀ကျော်နှင့် နို့မှုန့်တန်ချိန် ၁၇၀ကျော်ဝင်

ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၆၀၃၀၈၄ ဒေါ်လာတန်ဖိုးရှိ နို့ဆီ ၅၀၃ ဒသမ ၄၂၄ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။

ယခုတစ်ပတ် ကောင်းဘဲလ်တံဆိပ်က ၆၅ ဒသမ၆၆၄ တန်၊ အိုကေတံဆိပ်က ၂၁၈ ဒသမ ၈၈ တန်နှင့် ဒွန်းတံဆိပ်က ၂၁၈ဒသမ ၈၈တန်တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နို့ဆီ ၃၉၈ ဒသမ ၆၆၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၁၀၄ ဒသမ ၇၆ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၄၅၉၄၆၀ ဒေါ်လာတန်ဖိုးရှိ နို့မှုန့် ၁၇၅ ဒသမ ၆၅ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ပြင်သစ်နိုင်ငံမှ ၂၅ တန်နှင့် နယူးဇီလန်နိုင်ငံ မှ ၁၅၀ ဒသမ ၆၅ တန်တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၇၆ ဒသမ ၉၇၅ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၉၈ ဒသမ ၆၇၅ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီနှင့်နို့မှုန့် အဝင်ပိုခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၂ မှ ၁/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇.၅၈ | ၆၀.၉ | (-) | ၂၃.၃၂ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၇၈၀၀.၀၀ | (-) | ၅၈၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၉၀၀.၀၀ | - | (+) | ၅၉၀၀.၀၀ |
| ၈။ | တမူး | - | - | | - |
| ၉။ | မြိတ် | ၄၅၂၅.၀၀ | ၂၈၁၀.၀၀ | (+) | ၁၇၁၅.၀၀ |
| | စုစုပေါင်း | ၁၂၄၆၂.၅၈ | ၁၀၆၇၀.၉၀ | (+) | ၁၇၉၁.၆၈ |

ခင်မိုးသူ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၂ မှ ၁/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၃၅၁.၅၃ | ၂၄၉၁.၆၀ | (+) | ၁၈၅၉.၉၃ |
| ၂။ | လွယ်ဂျယ် | ၂၄၃၉.၅၀ | ၂၆၀၈.၀၅ | (-) | ၁၆၈.၅၅ |
| ၃။ | ချင်းရွှေဟော် | ၃၀၄၄.၂၀ | ၄၉၄၈.၀၀ | (-) | ၁၉၀၃.၈၀ |
| ၄။ | ကန်ပိုက်တီ | - | ၈၀.၀၀ | (-) | ၈၀.၀၀ |
| ၅။ | မြဝတီ | ၅၈၈.၀၀ | - | (+) | ၅၈၈.၀၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၀၄၂၃.၃၁ | ၁၀၁၂၇.၆၅ | (+) | ၂၉၅.၆၆ |

ခင်မိုးသူ

# စားသုံးသူများသို့ အသိပေးကြေညာခြင်း

ယခုအချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ Online အသုံးပြုသူများ တိုးတက်များပြားလာသည်နှင့်အညီ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား Facebook, Web Page များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာပြီး Online Shopping ပုံသဏ္ဌာန်ရောင်းချမှုများ တွင်ကျယ်လာသည်ကို တွေ့ရှိရပါသည်။

ထိုသို့ Facebook, Web Page များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်အများစုသည် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုထောက်ခံချက်၊ တရားဝင်တင်သွင်းထားသည့် အထောက်အထားများ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ မြန်မာဘာသာဖြင့်ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများအပါအဝင် ကုန်စည်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည့်စုံစွာဖော်ပြထားခြင်းမရှိဘဲ ကြော်ငြာရောင်းချနေခြင်း၊ ရောင်းချသူ၏ လိပ်စာအပြည့်အစုံဖော်ပြထားမှုမရှိခြင်းတို့ကြောင့် ဝယ်ယူအသုံးပြုသည့် စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပြီး ထိုကဲ့သို့နစ်နာဆုံးရှုံးမှုများကို တိုင်ကြားသည့်အခါတွင်လည်း သက်ဆိုင်ရာ စားသုံးသူရေးရာကော်မတီနှင့်ဌာနမှ ဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများအနေဖြင့် Facebook, Web Page များမှတစ်ဆင့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိတို့ဝယ်ယူအသုံးပြုမည့် ကုန်စည်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ကတိကဝတ်များကို သေချာစွာကြိုတင်လေ့လာစုံစမ်းခြင်း၊ ကုန်ပစ္စည်းလက်ခံရာတွင် လိုအပ်သည့် အထောက်အထားများကို တစ်ပါတည်းတောင်းခံခြင်း၊ မိမိတို့အသုံးပြုမည့် Online Shopping ၏ စိတ်ချယုံကြည်မှုရှိမရှိတို့ကို သေချာစွာလေ့လာစိစစ်ပြီးမှ ဝယ်ယူအသုံးပြုခြင်းတို့ဖြင့် နစ်နာဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်သွားကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ**

# ပြည်ပအမယ်သစ်ပို့ကုန် ဖက်လိပ်လုပ်ငန်းအကြောင်း တစေ့တစောင်း



ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးဆောင်၍ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေး အဖွဲ့ဝင်များဖြစ်သည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများဖြစ်သော စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သော စုပေါင်းအဖွဲ့ဖြင့် ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းခဲ့ရာတွင် ကရင်ပြည်နယ်မှ အမေရိကန်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သော ဖက်လိပ်လုပ်ငန်း(ဆေးသားမပါ )ကို လေ့လာကြည့်ရာတွင် ရှမ်းပြည်နယ်မှ ထွက်ရှိသော သနပ်ဖက်ရွက်၊ပြောင်းခွံရွက်တို့ကို အခြေခံပြုလုပ်၍ အမေရိကန်၏ စံချိန်စံညွှန်းနှင့်အညီ တင်ပို့လုပ်ကိုင်လျက်ရှိကြောင်းနှင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေးအတွက် လုပ်သားအင်အား ၁၀၀ ကျော်ခန့်အား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့သည်။ ယခု ကိုဗစ်ရောဂါကာလအတွင်းတွင်လည်း လုပ်သားအင်အား တစ်ဝက်ခန့်ကို တစ်ရက်ခြား လုပ်ကိုင်စေပြီး လုပ်သားတစ်ဦးအတွက် အလုပ်အကိုင်ကျွမ်းကျင်မှုအပေါ် မူတည်၍ လုပ်အားခ တစ်ရက်လျှင် ကျပ် ၄၀၀၀ မှ ကျပ် ၇၀၀၀ နှုန်းထိ လုပ်အားခ ပေးချေရကြောင်းနှင့် ဖက်လိပ်လုပ်ငန်း( ဆေးသားမပါ )ကို ပြည်ပပို့ကုန်အနေဖြင့် မြန်မာပြည်တွင် ကရင်ပြည်နယ်တစ်ခုတည်းသာ လုပ်ကိုင်လျက်ရှိသည်။

ယခုလုပ်ငန်းကို လွန်ခဲ့သော လေးနှစ်မှ စတင်ကြိုးပမ်းခဲ့သော်လည်း လုပ်ငန်းအောင်မြင်မှုမှာ နှစ်နှစ်ခန့်သာရှိကြောင်း၊ ကိုဗစ်ရောဂါအလွန်တွင် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းထက် ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန်ရှိကြောင်း ဖားစည်မြေမှ ပြည်ပအမယ်သစ်ပို့ကုန် ဖက်လိပ်လုပ်ငန်း တစေ့တစောင်းအကြောင်းကို လေ့လာသိရှိရသည်။

**နန်းခင်ဇာဖြူ(ကရင်)**

# ကုန်သေတ္တာအခွံလွတ် တင်သွင်းလိုသူများ ဆက်သွယ်ဆောင်ရွက်နိုင်

ကိုဗစ်ကပ်ရောဂါကာလအတွင်း ပင်လယ်ရေကြောင်းမှ ပို့ကုန်တိုးမြှင့်တင်ပို့လာသောကြောင့် ကုန်သေတ္တာသယ်ယူပို့ဆောင်စရိတ်များ တရိပ်ရိပ် မြင့်တက်လာမှုအခြေအနေနှင့် ပတ်သက်၍ နည်းလမ်းရှာဖွေနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ကုန်သေတ္တာအခွံလွတ် လိုအပ်ချက်အပေါ် ဖြည့်ဆည်းနိုင်ရန်အတွက် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊စီးပွားရေးသံမှူးမှ စင်ကာပူနိုင်ငံရှိ PHEE Group of Companies သို့ ဆက်သွယ်ညှိနှိုင်းခဲ့ရာ PHEE Group of Companies သည် ကုန်သေတ္တာအခွံ လိုအပ်ချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

PHEE Group of Companies သည် ၁၉၉၃ ခုနှစ်တွင် ရန်ကုန်၌ စတင်တည်ထောင်ခဲ့ပြီး Myanmar Five Star Lines အပါဝင် ကြီးမားသောကုမ္ပဏီသင်္ဘောကြီးများကို ကိုယ်စားပြုသည့် ရေကြောင်းကုမ္ပဏီတစ်ခုဖြစ်သည်။ ယင်းအချိန်မှ စတင်၍ ဒဂုံဆိပ်ကမ်း၌ ဒေါ်လာသန်းပေါင်းများစွာ ပါဝင်သည့် Freight Forwarding and Logistic အဖြစ် တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ယနေ့အချိန်တွင် ကုမ္ပဏီအနေဖြင့် ဝန်ထမ်း ၂၆၀ကျော် အလုပ်လုပ်ကိုင်လျက်ရှိပြီး အခြားစီးပွားရေးကဏ္ဍများကိုပါ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံကုန်သွယ်မှုကို တိုးပွားစေခဲ့သည်။ ဥရောပ၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံများနှင့် ဩစတြေးလျ၊ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်လည်း ရုံးခွဲများတည်ရှိသည်။

PHEE Group of Companies နှင့်ဆက်သွယ်မေးမြန်းလိုပါက ရန်ကုန်ရုံးခွဲဖြစ်သော ဖုန်း-၀၁-၂၅၄၈၀၂၊ ၃၈၃၅၃၁၊ ၀၉-၂၆၂၃၉၇၄၃၈, Email: kmmyat@ovlog.com သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

**MITC News**

**Source: စီးပွားရေးသံမှူး၊ မြန်မာသံရုံး(စင်ကာပူမြို့)**

## ပြည်တွင်းဆီဈေးနှုန်းများ (၈-၁-၂၀၂၁)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၂၀၀ | ▽ | ၇၅၀၀ | ၇၅၀၀ | □ | ၂၅၀၀ | ၂၇၀၀ | △ |
| ရန်ကုန် | ၈၀၀၀ | ၈၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၅၀၀ | ၂၅၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၂၅၀၀ | ၂၇၀၀ | △ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၄၀၀ | ၂၇၀၀ | △ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၂၀၀ | ၂၄၀၀ | □ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၃၀၀ | ၂၀၀၀ | △ |
| စစ်တွေ | ၅၀၀၀ | ၅၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၈-၁-၂၀၂၁ **US$/Ton**

| အမျိုးအစား | ဒီဇင်ဘာစတုတ္ထပတ် | ဒီဇင်ဘာပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၉၁၇.၅၀ | - | - |
| **RBD P.Olein** | ၉၂၈.၅၀ | - | - |
| **RBD P.Stearin** | - | - | - |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈-၁-၂၀၂၁) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၂၂၈၀.၁၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၅.၇၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၁၁.၄၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၁၂.၉၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၈ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၁၃၃.၅၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၉၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၆၀.၀၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆ .၅၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၂၅၁၆.၄၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၈-၁-၂၀၂၁ ရက် (CIF ဈေး Cloud Point 8 ˚C Max ၁၀၅၀ ဒေါ်လာနှင့် USD ဈေး ၁၃၂၉ ကျပ်) ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၈-၁-၂၀၂၁ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၂၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မော်လမြိုင်မြို့ ဈေးကြီးများ ဖွင့်လှစ်ခွင့်ပြုပြီး ငါးလက်ကားဒိုင်ဈေးအား ဇန်နဝါရီ ၁၉ ရက်အထိ ရောင်းချခွင့်မပြု

Stay At Home သတ်မှတ်ထားသည့် မော်လမြိုင်မြို့နှင့် ဘီးလင်းမြို့ စည်ပင်သာယာဈေးများအား ယခင်က စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းဆိုင်များသာ ဖွင့်လှစ်ခွင့်ပြုထားပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၇ ရက်မှစ၍ Stay At Home အမိန့်အား ပယ်ဖျက်လိုက်သည့်အတွက် ဇန်နဝါရီ ၇ ရက်မှစ၍ မော်လမြိုင်မြို့ မြိုင်ရတနာဈေး (အပေါ်ဈေး)နှင့် အမှတ်(၁)ဈေးကြီး (အောက်ဈေး)ရှိ ဆိုင်ခန်းများအားလုံး ပြန်လည်ရောင်းချခွင့်ပြုထားကြောင်း သိရှိရသည်။

မွန်ပြည်နယ်အတွင်း COVID-19 ရောဂါပိုး တွေ့ရှိလူနာများ နေ့စဉ်တွေ့ရှိမှု များပြားနေသည့်အတွက် ကန့်သတ်ခြင်း/ ဖြေလျှော့ခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များ အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိပါသည်။ ဇန်နဝါရီ ၃ ရက်အထိ မော်လမြိုင်မြို့ ကျောက်မီးသွေးရုံတွင် ဖွင့်လှစ်ထားသော ငါးဒိုင်များမှ ရောဂါပိုးတွေ့ရှိမှု များပြားလာသည့်အတွက် ငါးဈေးလက်ကားဒိုင်အား ဇန်နဝါရီ ၁၉ ရက်အထိ ရောင်းချခွင့်မပြုဘဲ ရပ်နားထားကြောင်း သိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

# GAP ဖြင့် စိုက်ပျိုးလျက်ရှိသော နေကြာသီးနှံ

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုင်ဇအိုင်ကျေးရွာတွင် အိန္ဒိယမျိုး နေကြာကို တောင်သူ ၁၅ ဦးကဧက ၃၀ အား GAP ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကုန်မှစ၍ စိုက်ပျိုးခဲ့ပြီး ယခုအချိန်အတွင် နေကြာပန်းများ ပွင့်နေပြီဖြစ်ကြောင်း၊ နေကြာမျိုးစေ့ တစ်ဧက နှစ်ပြည်၊ လေးဘူးစိုက်ပျိုးရကြောင်း၊ တစ်ဧကအတွက် နေကြာမျိုးစေ့ တစ်ထုပ်ကို ကျပ် ၂၅၀၀၀ ပေးရပြီး တစ်ဧကအထွက်နှုန်းမှာ ၂၅ တင်းမှ တင်း၄၀အထိ ထွက်ရှိကြောင်း၊ နေကြာတစ်တင်း ဆီကြိတ်လျှင် သုံးပိဿာ ၅၀ ကျပ်သား ထွက်ရှိကြောင်း၊ ထွက်ရှိသည့် နေကြာများကို ဆီကြိတ်၍ ရောင်းချလျက်ရှိကြောင်း သိရသည်။

ဝယ်လိုအားမှာ ဘုတလင်မြို့နယ်အတွင်းမှာပင် ရောင်းချရပြီး တစ်ခါတစ်ရံမှသာ မုံရွာမြို့နယ်မှ ဝယ်ယူကြောင်း၊ ဆီကြိတ်ခအနေဖြင့် နေကြာတစ်တင်းလျှင် ကျပ် ၁၂၀၀ ပေးရကြောင်း၊ ထွက်ရှိလာသည့်နေကြာကြိတ်ဖက်များကို နွားစာအဖြစ် ပြန်လည်ရောင်းချပြီး နေကြာကြိတ်ဖက် တစ်ပိဿာ ကျပ် ၅၀၀ ရရှိကြောင်း၊ နေကြာဆီ တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ ကျပ် ၅၀၀၀ မှ ၅၅၀၀ ဖြစ်ကြောင်း အုင်ဇအိုင်ကျေးရွာမှ တောင်သူ ဦးတင်ထွေး၏ ပြောကြားချက်အရ သိရသည်။

**နှင်းပန်းဖြူ**
**(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# မုံရွာမြို့အတွင်း ရောင်းချနေသော ဈေးနှုန်းအခြေအနေ

ဇန်နဝါရီလ ပထမပတ်အတွင်း မုံရွာမြို့နယ်တွင် ရွှေဘိုပေါ်ဆန်းတစ်ပြည် ကျပ် ၂၅၀၀၊ ဧရာမင်း (ရှယ်) တစ်ပြည် ကျပ် ၂၅၀၀ ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ရှိသည်။ ကြက်သွန်နီ(ဟောင်း) လက်လီဈေးမှာ(ကြီး)တစ်ပိဿာ ကျပ် ၄၀၀၊ (သေး)တစ်ပိဿာ ကျပ် ၂၀၀ ရှိပြီး မိုးအသစ်ကြက်သွန်နီ လက်လီဈေးမှာ (ကြီး)တစ်ပိဿာ ကျပ် ၈၀၀၊ (လတ်)တစ်ပိဿာ ကျပ် ၇၀၀၊ (သေး)တစ်ပိဿာ ကျပ် ၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ) ခွာပြီးသား (အမြွှာင်းကြီး) တစ်ပိဿာ ကျပ် ၅၅၀၀၊(အသေး) တစ်ပိဿာ ကျပ် ၄၀၀၀၊ ရှမ်းကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာ ကျပ် ၂၃၀၀-၂၈၀၀ဈေးရှိသည်။ ချင်းတစ်ပိဿာ ကျပ် ၂၀၀၀၊ ငရုတ်သီးခြောက်များကို အမျိုးအစားလိုက်၍ တစ်ပိဿာ ကျပ် ၄၅၀၀ မှ ၆၅၀၀ အထိ ရောင်းဝယ်နေကြောင်း၊ အာလူး တစ်ပိဿာ ကျပ် ၁၀၀၀၊ ဂေါ်ရခါးသီးတစ်လုံး ကျပ် ၃၀၀၊ ဂေါ်ဖီပွင့်တစ်ပွင့် ကျပ် ၄၀၀-၅၀၀၊ ကျောက်ဖရုံသီး တစ်လုံး ကျပ် ၅၀၀၊ ဖရုံသီး တစ်လုံး ကျပ် ၁၀၀၀-၅၀၀၊ ဘူးသီးတစ်လုံး ကျပ် ၅၀၀၊ ခရမ်းသီး တစ်ပိဿာ ကျပ် ၈၀၀ နှင့် ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၆၀၀ ဈေးဖြင့်ရောင်းဝယ်နေသည်။

မုံရွာမြို့တွင်းရောင်းချနေသည့် သစ်သီးဈေးနှုန်းများမှာ ပန်းသီးတစ်လုံး ကျပ် ၁၀၀၀၊ ၅၀၀၊ ၃၀၀၊ ပန်းသစ်တော်သီး တစ်လုံး ကျပ် ၁၃၀၀၊ ထောပတ်သီးတစ်လုံး ကျပ် ၇၀၀၊ ၅၀၀၊ ၃၅၀၊ တည်သီးတစ်လုံး ကျပ် ၇၀၀၊ ၅၀၀၊ နာနတ်သီးတစ်လုံး ကျပ် ၁၀၀၀၊ ပျားလိမ္မော်သီး တစ်ပိဿာ ကျပ် ၂၀၀၀၊ ရွှေလိမ္မော်သီး တစ်ပိဿာ ကျပ် ၃၅၀၀-၃၀၀၀၊ စပျစ်သီး တစ်ပိဿာ ကျပ် ၆၀၀၀၊ သဘော်သီး တစ်လုံး ကျပ် ၇၀၀၊ ၅၀၀ ဖြင့် ရောင်းဝယ်နေကြသည်။

ကြက်ဥ လက်လီဈေးမှာ(ကြီး) တစ်လုံး ၁၂၅ ကျပ်၊ (သေး) တစ်လုံး ကျပ် ၁၀၀၊ ဘဲဥ တစ်လုံး(ကြီး) ကျပ် ၁၈၀၊ (သေး) တစ်လုံး ကျပ် ၁၄၀ ရှိသည်။ မုံရွာမြို့၏ သား/ငါးဈေးနှုန်းများမှာ ကြက်သား CP ကြက်(ရင်အုံ) တစ်ပိဿာ ကျပ် (၅၅၀၀-၆၀၀၀)၊ ဗမာကြက် တစ်ပိဿာ ကျပ် ၁၁၀၀၀၊ တီလားပီးယား တစ်ပိဿာ ကျပ် ၆၀၀၀၊ ငါးသလောက်(အကြီး) တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ဟင်းငန်ခုတ်သား တစ်ပိဿာ ကျပ် ၈၀၀၀၊ မြစ်ငါးတန်ခုတ်သား တစ်ပိဿာ ကျပ် ၈၀၀၀၊ ငါးကြင်းဖြူခုတ်သား တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ငါးခြစ် တစ်ပိဿာ ကျပ် ၁၀၀၀၀ ဈေးဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

ပဲဆီဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၅၇၀၀၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၅၂၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၂၄၇၀-၂၄၉၀ရှိပါသည်။ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၂၈၀၀ မှ ၂၉၀၀၊ လုံးဆန်(နီ) တစ်ပိဿာ ကျပ် ၂၈၀၀မှ ၂၉၀၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၄၀၀ ရှိပြီး ဈေးနှုန်းများမှာ မုံရွာကုန်စည်ဒိုင် ပေါက်ဈေးနှုန်းများဖြစ်သည်။

**ထက်ထက်မိုး(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# ဆေးဖက်ဝင်သည့် ပူတာအိုဒေသထွက် ဂရိတ်ဖရု

သစ်သီးဝလံအုပ်စုထဲမှ တစ်ခုဖြစ်သည့် ဂရိတ်ဖရုသီးကို မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုဒေသမှထွက်ရှိသည့် အသီးများသည် မြန်မာနိုင်ငံတွင် လူကြိုက်များပြီး နာမည်ကြီးလျက်ရှိသည်ကို တွေ့ရသည်။

ပူတာအိုဒေသမှ ထွက်ရှိသည့် ဂရိတ်ဖရုသီးများမှာ အခွံပါးပြီး အရည်ရွှမ်းခြင်းတို့ကြောင့် လူအများက ကြိုက်နှစ်သက်ကြသည်ဟု သိရှိရသည်။ အသီးကို ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ပြီး အရိပ်တွင်ထားပါက အချိန် ၃-၄ လခန့်ကြာရှည်စွာထားနိုင်ပြီး လူတို့၏ ကျန်းမာရေးအတွက် အစာလည်းဆေး ဆေးလည်းအစာဖြစ်သည်ဟု သိရပြီး အစာအိမ်အတွက်ကောင်းခြင်း၊ သွေးတိုးကျခြင်းနှင့် သွေးများကို သန့်စင်စေခြင်းတို့ ပေးစွမ်းနိုင်ကြောင်းလည်း သိရှိရပါသည်။

မြစ်ကြီးနားသစ်သီးဈေးကွက်ထဲသို့ ယခုအခါ ပူတာအို ဂရိတ်ဖရုသီးများ လှိုင်လှိုင်ရောက်ရှိလာသည်ကို တွေ့ရှိရပြီး ဈေးနှုန်းအနေဖြင့် အသီးအရွယ်အစား အသေးအကြီးပေါ် မူတည်၍ တစ်လုံးလျှင် ကျပ် ၄၀၀ မှ ကျပ် ၇၀၀ အထိ ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**ငွေးလှိုင်(မနောမြေကုန်သွယ်မှုဗဟိုဌာန)**

# တောင်တွင်းကြီးကုန်စည်ဒိုင်တွင် ပဲတီစိမ်းဈေး အနည်းငယ်တက်

မကွေးတိုင်းဒေသကြီးအတွင်း တောင်တွင်းကြီးကုန်စည်ဒိုင်နှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်းများ ဝင်ရောက်လာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးအနည်းငယ် ကျဆင်းလျက်ရှိသည်။ တောင်တွင်းကြီးကုန်စည်ဒိုင်တွင် ဇန်နဝါရီ ၅ ရက်က ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၀၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဒီဇင်ဘာနောက်ဆုံးပတ်က ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၅၀၀ ဖြင့် ဈေးအနည်းငယ်တက်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# ရောမတ်ပဲ ဈေးနှုန်းအေးနေ

ဧရာဝတီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းများ အတက်အကျများစွာမရှိဘဲ ဈေးနှုန်းအေးလျက်ရှိပြီး ယခင်သီတင်းပတ်ကာလနှင့် ယခုသီတင်းပတ်ကာလအတွင်း ဈေးနှုန်းကွာခြားချက်များစွာမရှိဘဲ အကျဘက်တွင် ငြိမ်သက်လျက်ရှိသည်။ ဒီဇင်ဘာ ၂၉ ရက်တွင် မတ်ပဲဈေးနှုန်း တစ်တင်းလျှင် ကျပ် ၃၁၁၀၀၊ ၃၀ ရက်တွင် ကျပ် ၃၀၉၀၀၊ ၃၁ ရက်တွင် ကျပ်၃၁၃၀၀၊ ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၃၁၁၀၀၊ ၂ ရက်တွင် ကျပ် ၃၁၄၀၀၊ ၃ ရက်တွင် ကျပ် ၃၁၇၀၀၊ ၅ ရက်တွင် ကျပ် ၃၂၂၀၀ အသီးသီးရှိခဲ့သည်။

အိမ်နီးချင်းနိုင်ငံ၏ ပြီးခဲ့သည့်ရာသီဥတုအခြေအနေအရ မတ်ပဲလိုအပ်ချက်များစွာ ရှိနေသော်လည်း ဇန်နဝါရီလ ပထမပတ်တွင် မတ်ပဲကွန်တိန်နာတင်ရန် အနည်းငယ်ရှိပြီး ထိုရက်အတွင်း မတ်ပဲဈေးအနည်းငယ်ပြန်တက်နိုင်ကြောင်း၊ နယ်စပ်ကုန်စည် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းအချို့ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း မတ်ပဲဈေး အနည်းငယ်ပြန်တက်နိုင်သော်လည်း မတ်ပဲလှိုင်လှိုင်ပေါ်သည့် ကာလအတွင်း ဈေးပြန်ကျနေနိုင်ကြောင်းလည်း ထပ်မံသိရှိရသည်။

**ဧရာကုန်သွယ်မှုဗဟိုဌာန**

# ရေနံချောင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်တွင် မြေအောက်မှ အဝီစိရေဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိနေကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများ၌ တောင်သူများ မြေအောက်မှ အဝီစိရေဖြင့် ရေသွယ်ကာ ကန်စွန်း၊ ချဉ်ပေါင်ဖူး၊ ခရမ်းသီး၊ ခရမ်းချဉ်၊ မုန်လာဥ၊ ဟင်းနုနယ်၊ ခဝဲ၊ ကင်ပွန်းချဉ်၊ သခွားသီး စသည့် ဟင်းသီးဟင်းရွက်များအား ဧရာဝတီမြစ်ရေတက်ချိန်မှလွဲပြီး အဓိကစိုက်ပျိုး လုပ်ကိုင်ကြကြောင်း တောင်သူများထံကသိရသည်။

တောင်သူဦးထွန်းက "အဝီစိရေတွင်းကနေ ရေတင်စိုက်ကြတာရှိတယ်။ မြေအစိုဓာတ်ရှိတဲ့ တောင်သူအချို့ကတော့ ပထမအကြိမ် စိုက်တဲ့ ဟင်းသီးဟင်းရွက်(ဥပမာ)ခရမ်းချဉ်၊ ငရုတ်၊ ဘူးသီး၊ ခရမ်းသီးစိုက်တယ်။ နောက်မှ သီးထပ်အဖြစ် ကန်စွန်း၊ နံနံ၊ မုန်လာဥ၊ ဆလတ်၊ အစုံအလင် စိုက်ကြတာပေ့ါ။ ရေအဓိကသုံးရလို့ ရေတွင်း၊ ရေတင်စက်၊ ပိုက်အပါအဝင် အလုပ်သမားခ၊ စက်သုံးဆီကုန်ကျစရိပ် ၁၀ သိန်းအထက် ကုန်ကျတယ်" ဟု ပြောသည်။

ဒေသခံ အမျိုးသမီးတစ်ဦးက "ကျွန်မတို့ စိုက်တဲ့ ဟင်းသီးဟင်းရွက် လေးငါးမျိုးစိုက်ပြီး။ လက်ရှိမုန်လာဥရယ်၊ ပဲသီးရယ် နှစ်မျိုးကနေ မိသားစုဝင်ငွေရနေတာပါ။ ဟင်းသီးဟင်းရွက်ကို မတ်လအထိ အဓိကစိုက်ကြတာပါ။ ဧပြီလနောက်ပိုင်းမှာ ဆောင်းရာသီထက် စိုက်ပျိုးမှုနည်းတယ်"ဟု ပြောသည်။ ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များကို ကျောက်ပန်းတောင်း၊ မကွေးမြို့နယ်နှင့် ဝေ့ပင်ကျေးရွာများကိုလည်းကောင်း ရေနံချောင်းမြို့ ကုန်စိမ်းဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။

ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်စိုက်ဧက ၁၈၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဆန်းညွှန့်(ရေနံချောင်း)**

# မော်လမြိုင် ကုန်စည်ဒိုင်တွင် ရော်ဘာ၊ ဆန်နှင့် ပဲပုပ် ဈေးကျပြီး ပဲလွှမ်းဖြူဈေး ထပ်မံမြင့်တက်နေ

ဇန်နဝါရီ ၅ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေးများမှာ ရော်ဘာ R.S.S-3 တစ်ပေါင် ကျပ် ၇၂၀၊ ၁၀၈ ပေါင်(ဆန်သား၉၀%) ဆန်(သစ်)တစ်အိတ် ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၅၀၀၀၊ ပေါ်ဆန်း ကျပ် ၃၂၀၀၀၊ ပေါ်ကွဲ ကျပ် ၂၉၀၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၄၀၅၀၀၊ မတ်ပဲ ကျပ် ၃၁၅၀၀၊ ပဲလွှမ်းဖြူ ကျပ် ၅၀၀၀၀၊ ဗိုလ်ကိတ် ကျပ် ၄၄၅၀၀၊ ပဲပုပ် ကျပ် ၁၉၅၀၀၊ မြေပဲ ၅၈၀၀၀ ကျပ်၊ သစ်သီးဝလံမှ ကွဲကောသီး ပန်းရောင် လက်ကားဈေး တစ်လုံး ကျပ် ၁၅၀၀ မှ ၄၀၀၀၊ ကွဲကောသီး အဖြူရောင် လက်ကားဈေး တစ်လုံး ကျပ် ၁၀၀၀ မှ ၂၅၀၀၊ ဒူးရင်းသီး(ဒေသမျိုး) တစ်လုံး ကျပ် ၂၀၀၀ မှ ၄၀၀၀၊ မင်းကွတ်သီး တစ်လုံး ၅၀ မှ ၁၅၀ ကျပ်၊ ရေထွက်ကုန် တစ်ပိဿာ(အလတ်စ)ဈေးနှုန်းမှာ ငါးတန် ကျပ် ၂၄၀၀၊ ငါးမြစ်ချင်း ကျပ် ၃၀၀၀၊ ငါးဖားမ ကျပ် ၂၂၀၀၊ တီလားပီးရား ကျပ် ၃၅၀၀၊ ငါးပုတ်သင် ကျပ် ၄၀၀၀၊ ငါးပုဏ္ဏား(ထီး) ကျပ် ၈၀၀၀၊ ကကတစ် ကျပ် ၈၀၀၀၊ ငါးသလောက် (အာနီ) ကျပ် ၁၅၀၀၀၊ ကင်းမွန်ကျပ် ၅၅၀၀ မှ ၈၅၀၀၊ ပုစွန်ပျော့ ကျပ် ၁၇၀၀၀ မှ ၂၂၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ် ၂၅၀၀၀ မှ ၃၈၀၀၀၊ ကဏန်း(ပန်း) ကျပ် ၃၅၀၀ မှ ၇၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက R.S.S-3 ရော်ဘာတစ်ပေါင် ၁၀ ကျပ်၊ ဧည့်မထဆန် ကျပ် ၅၀၀၊ ပေါ်ဆန်းဆန် ကျပ် ၃၀၀၀ နှင့် ပဲပုပ်တစ်တင်း ကျပ် ၂၀၀ ဈေးကျနေပြီး ပဲလွှမ်းဖြူ တစ်တင်း ကျပ် ၂၀၀၀ ဖြင့် ဈေးနှုန်းထပ်မံမြင့်တက်နေကြောင်း၊ သစ်သီးဝလံများနှင့် ရေထွက်ကုန်များမှာ ဈေးနှုန်းအတက်/အကျ ပြောင်းလဲမှုမရှိကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**



# အောင်လံကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်(ဖြူ-နီ) ဈေးမြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံကုန်စည်ဒိုင်နှင့်ပွဲရုံများတွင် မြေပဲလုံးဆန်တို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြေပဲလုံးဆန်များ ဝင်ရောက်လာပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးများ ကျဆင်းလျက်ရှိသည်။ အောင်လံကုန်စည်ဒိုင်တွင် ဇန်နဝါရီ ၆ ရက်က မြေပဲလုံးဆန်(နီ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ မြေပဲလုံးဆန်(ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဒီဇင်ဘာနောက်ဆုံးပတ်က မြေပဲလုံးဆန်(နီ)တစ်ပိဿာလျှင် ကျပ် ၂၆၅၀၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ၂၇၂၅ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ မြေပဲလုံးဆန်(နီ)တစ်ပိဿာလျှင် ကျပ် ၁၅၀၊ မြေပဲလုံးဆန်(ဖြူ)တစ်ပိဿာလျှင် ၇၅ ကျပ်စီ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ကော်မတီက ကြီးမှူး၍ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ (၁/၂၀၂၁)ကို ဇန်နဝါရီ ၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ် ဆီလုပ်ငန်းရှင်အသင်းနှင့် ပြည်နယ်လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းတို့မှ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အိမ်တွင်း အသေးစား စက်မှုလက်မှုလုပ်ငန်း ၅၂ ခု နှင့်ပတ်သက်သည့် အချက်အလက်များအား အတွင်းရေးမှူးမှ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းလုပ်ငန်း ၅၂ ခုအနက်မှ ထူးခြားသည့် ညောင်ရွှေမြို့ရှိ ပိန်းရိုးခြောက်လုပ်ငန်းနှင့် ရပ်စောက်မြို့ရှိ သစ်စက်လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အပြန်အလှန် မေးခွန်းများ မေးမြန်းခဲ့ကြပြီး အတွင်းရေးမှူးမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းတိုး(တောင်ကြီး)**

# မြဝတီနယ်စပ်မှ ငရုတ်သီးအစို တင်ပို့မှု

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက် ထိုင်းနိုင်ငံ မဲဆောက်သို့ ငရုတ်သီး(အစို)တစ်တန်လျှင် ၆၅၀ ဒေါ်လာနှုန်းဖြင့် နေ့စဉ်ပျမ်းမျှတန် ၈၀ ခန့်၊ ယာဉ်စီးရေ ၁၀ စီး၊ ၁၅ စီးဝန်းကျင် တင်ပို့လျက်ရှိသည်။ ထိုသို့တင်ပို့ရာတွင် မိမိနိုင်ငံစိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း Phytosanitary Certificate နှင့် ကုန်သွယ်ရေးဦးစီးဌာနကထုတ်ပေးသည့် တစ်ဖက်နိုင်ငံ အကောက်ခွန်သက်သာခွင့် CO Form, Form-D တို့နှင့်အတူ တင်ပို့ရသည်။ တစ်ဖက်နိုင်ငံ၏ ဝယ်ဈေးမှာ တစ်ကီလိုဘတ် ၅၀ မှ ဘတ် ၆၀ ဝန်းကျင်ပုံမှန်ရရှိပြီး ဈေးအမြင့်ဆုံးတစ်ကီလို ဘတ် ၈၀-၉၀ ရရှိသည်။ တင်ပို့သော ငရုတ် သီး(အစို)၏ အရည်အသွေးပေါ် မူတည်ပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးသည် ပြောင်းလဲလျက်ရှိသည်။

မြန်မာနိုင်ငံ၌ ငရုတ်စိုက်ပျိုးထွက်ရာဒေသများမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ ရမည်းသင်း၊ ပြင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး နတ်မောက်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြသည်။ လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးက ထွက်ရှိခြင်းမရှိသေးကြောင်း၊ ဇန်နဝါရီနှင့်ဖေဖော်ဝါရီလပိုင်းလောက်မှ ထွက်မည်ဖြစ်ကြောင်း၊ ငရုတ်မှာအပေါ်ဆွဲ(မိုးထောင်)သီးနှင့် အောက်ဆွဲသီးဆိုပြီး နှစ်မျိုးရှိပြီး တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းကာ ခူးဆွတ်ရလွယ်ကူသည့် အပေါ်ဆွဲ(မိုးထောင်သီး)ကို ပိုမိုစိုက်ပျိုးကြသည်။ တောင်သူများ အစိုက်များသည့် ငရုတ်မျိုးများမှာ နံပါတ် ၆၉၂ ဒီမွန်မျိုး၊ ၇၇၇ (၇သုံးလုံး)မျိုးနှင့် သာမို ၁၁ မျိုးတို့ဖြစ်ပြီး သာမို ၁၁ မျိုးကတော့ အတောင့်သေးအစပ်မျိုးဖြစ်သည်။

လက်ရှိတွင် တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့သည့် ငရုတ်များတွင် အမျိုးအစားသုံးမျိုးအနည်းဆုံးရောနှောထားသည်ကို တွေ့ရကြောင်း၊ စိုက်ခင်းတစ်ခုတည်းမှာပင် တောင်သူမိသားစုဝင်များမှ တစ်ယောက် အကြိုက်တစ်မျိုး စိုက်ပျိုးကြပြီး ထွက်ရှိလာသည့် ငရုတ်များမှာ အမျိုးအစားများ ရောနှောနေကြောင်း၊အမျိုးအစား တစ်မျိုးတည်း သီးသန့်တင်ပို့မှသာ တစ်ဖက်နိုင်ငံမှ ဈေးကောင်းရရှိပြီး ငရုတ်အပု၊ အရှည်၊ အစပ် စသဖြင့် သုံးမျိုး၊ လေးမျိုး ရောနှောတင်ပို့ပါက ဈေးနှိမ်ခံရကြောင်း ငရုတ်တင်ပို့သူ လုပ်ငန်းရှင်ထံမှသိရသည်။

ထို့ပြင် ငရုတ်သီးများကို ထွက်ရှိရာနေရာမှ မြဝတီသို့ သယ်ဆောင်ရာ လမ်းတစ်လျှောက်တွင် အအေးခန်း (Cold Storage) ယာဉ်များဖြင့် သယ်ဆောင်ရကြောင်း၊ လမ်းတွင်ကုန်တင်ယာဉ်မှာ အကြောင်းတစ်စုံတစ်ရာဖြင့် ညအိပ်ရပ်နားရ၍ အအေးခန်း နှစ်နာရီခန့် ပြတ်တောက်ခဲ့လျှင်ပင် ငရုတ်အချို့မှာ ပျက်စီးကြောင်း၊ ထိုသို့ အရည်အသွေးကျဆင်းသွားပါက တစ်ဖက်မှဈေးနှိမ်ခြင်းခံရကြောင်း၊ တချို့မှာ ဆန်ခါပေါက်အိတ်များဖြင့် ထုပ်ပိုးပြီး သာမန်ကုန်တင်ယာဉ်များနှင့် တင်ပို့သည့်အတွက်လည်း ပျက်စီးမှုများရှိကြောင်း၊ ထို့ကြောင့် ငရုတ်များကို သယ်ဆောင်ခဈေးပိုပေးရသည်ကို ထည့်မတွက်ဘဲ အအေးခန်း (Cold Storage)ယာဉ်များဖြင့်သာ တင်ပို့ကြရန်နှင့် အအေးခန်း (Cold Storage) သီးခြားတွဲထားသည့် ယာဉ်များဖြင့်ဆိုလျှင် ပိုအဆင်ပြေပြီး အရည်အသွေးပိုမိုကောင်းမွန်ကြောင်း သိရသည်။

ငရုတ်အစိုများကို တစ်ဖက်နိုင်ငံ မဲဆောက်ထိသာ တင်ပို့ပြီး တတိယနိုင်ငံသို့ တင်ပို့မှုအနေဖြင့် ယခင်နှစ်များက မလေးရှားသို့ ထိုင်းမှတစ်ဆင့်တင်ပို့ကြောင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ မိမိငရုတ်ကို စိတ်ဝင်စားကြောင်း၊ သို့ရာတွင် ဗီယက်နမ်နှင့် ဈေးကွက်အပြိုင်ဖြစ်နေပြီး မိမိငရုတ်မှာ ရောင်းဈေးအရ ဗီယက်နမ်ထက် ဈေးနည်း၍ စိတ်ဝင်စားကြသော်လည်း အရည်အသွေးပိုင်းတွင် ဗီယက်နမ်အား မယှဉ်နိုင်သေးကြောင်း၊ ယခုနှစ်တွင် မလေးရှားသို့ တင်ပို့နိုင်သည့် အရည်အသွေးမျိုး မရရှိသေးကြောင်း၊ ရှေ့တစ်လပိုင်း နှစ်လပိုင်းတွင် ထွက်ရှိမည့် ဧရာဝတီတိုင်းဒေသကြီး၏ ငရုတ်များကိုစောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်း ငရုတ်များမှာ တစ်ကီလို ဘတ် ၁၀၀ ထိရရှိကြောင်း လုပ်ငန်း ရှင်များကပြောကြားသည်။

ယခုလက်ရှိတင်ပို့နေသည့် ငရုတ်များမှာ အမျိုးအစားသုံးမျိုး လေးမျိုးရောနှောနေခြင်း၊ လမ်းခရီးတွင် သယ်ယူထုပ်ပိုးပုံစနစ်များအရပျက်စီးခြင်းများကြောင့် တစ်ကီလို ဘတ် ၅၀-၆၀ သာရရှိနေပြီး ပျက်စီးမှုပိုများပါက တစ်ကီလို ၁၇ ဘတ်ထိ ဈေးနှိမ်ဝယ်ယူခြင်းခံရ



ကြောင်း သိရှိရသည်။ ထို့ကြောင့် ငရုတ်စိုက်ပျိုးသူတောင်သူများက ငရုတ်မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်နှင့် စိုက်ပျိုးမြေတစ်ခုတည်းတွင် မိမိနှစ်သက်ရာ အမျိုးအစား တစ်မျိုးတည်းကိုသာ စိုက်ပျိုးရန်လိုအပ်သလို ကုန်တင်ပို့သူများကလည်း ဈေးကွက်အရောက် တင်ပို့ရာတွင် ထုပ်ပိုးမှု နည်းစနစ်မှန်ကန်ပြီး ဈေးကွက်သို့ သယ်ဆောင်ရာ လမ်းတစ်လျှောက် ပျက်စီးမှုမရှိစေရေး ကုန်တင်ယာဉ်ခကို ထည့်မတွက်ဘဲ အအေးခန်း(cold Storage) ယာဉ်များဖြင့်သာ သယ်ပို့ဖို့လိုအပ်မည်ဖြစ်သည်။

ထိုသို့ စိုက်ပျိုးသူ၊ ထုတ်လုပ်တင်ပို့သူများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ညီလက်ညီ စနစ်တကျ ဆောင်ရွက်မှသာ မိမိနိုင်ငံထွက် ငရုတ်ဈေးကွက်ခိုင်မာမှုရရှိပြီး ဈေးကောင်းရရှိမည်ဖြစ်သည်။

မြဝတီနယ်စပ်တွင် Klohtoo Wah Logistics Co.,Ltd. က အရည်အသွေးပြည့်မီသည့် ငရုတ်များကို PRO CHILLI တံဆိပ်တပ်၍ ခုနစ်ကီလိုဆံ့ခြင်းများဖြင့်ထုပ်ပိုး၍ တစ်ဖက်နိုင်ငံ ဗန်ကောက်ဈေးအထိတင်ပို့ရောင်းချနေပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် အရည်အသွေးကောင်း ငရုတ်များကို ဈေးကောင်းပေးဝယ်ယူလျက်ရှိကြောင်းနှင့် PRO CHILLI Page တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း အသိပေးဖော်ပြလိုက်ရသည်။

**တင်စိုးစိုးလှိုင်(မြဝတီ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၃ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၀ ရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၈ ရာခိုင် နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ နီပေါ၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဒိန်းမတ်၊ အီတလီ၊ ကင်ညာ၊ နယူးဇီလန်၊ ဆူဒန်၊ တူရကီနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ ချက်၊ ဘယ်လ်ဂျီယံနှင့် Cayman Islands စသည့်နိုင်ငံပေါင်း လေးနိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ သုည ဒသမ ၅၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဇန်နဝါရီ ၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေး နှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၃ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၃ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ခရိုအေးရှား၊ ဒိန်းမတ်၊ အီတလီ၊ ကင်ညာ၊ မက္ကဆီကို၊ ဆူဒန်နှင့် တူရကီ စသည့် နိုင်ငံများအပါအဝင် ၅၄ နိုင်ငံတို့တွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ချက်၊ ဘယ်လ်ဂျီယံ၊ Cayman Islands ၊ Wallis and Futuna Islands နှင့် Bosnia and Herzegovina နိုင်ငံ ငါးနိုင်ငံသာရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၉ ဒသမ ၆၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၀ | ၀.၅၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၆ | ၀.၇၁ |
| ၃ | ထိုင်း | လီတာ | ၁.၀၁ | ၀.၇၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၂ | ၀.၅၄ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၉ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘိဂရိတ်ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၄၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉ ဖြင့် လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၃ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ပြည်ပဆန်ဈေးကွက်အခြေအနေကို လေ့လာကြည့်မည်ဆိုပါက ထိုင်း၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့်အိန္ဒိယနိုင်ငံတို့တွင် ဆန်အမျိုးအစားများ အားလုံးဈေးမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Bangkok Postသတင်းတစ်ရပ်တွင်ဖော်ပြချက်အရ ထိုင်းဟွန်မာလီဆန်မွှေးသည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင်ပထမဆုံးအကြိမ် ပြန်လည်ရွေးချယ်ခံရပြီး ဆုဆွတ်ခူးနိုင်မှုကြောင့် နိုင်ငံ၏ ဆန်ပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သိရှိရသည်။ ၎င်းဆုမှာ ဆန်သားနူးညံ့မှု၊ ရနံ့မွှေးကြိုင်မှုနှင့် ဆန်သားပြည့်မှုတို့အပေါ် မူတည်၍ ၂၀၀၉ ခုနှစ်မှစကာ ရွေးချယ်ချီးမြှင့်လာသော ဆုဖြစ်ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃ ရက်အထိ အမေရိကန်အခြေစိုက် Rice Traderမဂ္ဂဇင်းကကြီးမှူးကျင်းပသော (၁၂) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံတွင် ထိုင်းဟွန်မာလီဆန်သည် Khao Dawk Mali 105 အမည်ဖြင့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် ပြိုင်ဘက် ငါးနိုင်ငံမှ ဆန်များကိုကျော်ဖြတ်အနိုင်ယူခဲ့ပြီး ဆန်၏အနံ့၊ အရသာနှင့် ဆန်သား နူးညံ့မှုတို့က ကမ္ဘာ့အကောင်းဆုံး ဆန်ဆုကို ရရှိစေခဲ့ခြင်းဖြစ်ကြောင်း ဆန်စပါး ညီလာခံတွင် ပါဝင်ခဲ့သည့် အကဲဖြတ်ဒိုင်လူကြီးများအဖွဲ့က ပြောကြားခဲ့သည်ကို သိရှိရသည်။

ထိုင်းဟွန်မာလီဆန်ဟုခေါ်သော ထိုင်းဂျပ်စမင်းဆန်သည် ၂၀၁၈ ခုနှစ်က ကမ္ဘောဒီးယားဆန်မွှေး Malys Angkor ကို အကောင်းဆုံးဆု လွှဲပြောင်းပေးခဲ့ရပြီး ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ဆော့ထရန်ပြည်နယ်ထွက် ST24 ဆန်မျိုးက ကမ္ဘာ့အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အကောင်း ဆုံးဆန်ဆုသည် နိုင်ငံ၏ ဆန်အရည်အသွေးအတွက် မှတ်ကျောက်တစ်ခုဖြစ်သဖြင့် စပါးစိုက် တောင်သူလယ်သမားများကိုသာမက ထိုင်းနိုင်ငံ ဆန်လုပ်ငန်းတစ်ခုလုံးနှင့် အနာဂတ်ဆန်တင်ပို့မှုကိုပါ အကျိုးများစေမည်ဖြစ်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီး JurinLaksanawisit က ပြောကြားခဲ့သည်ကို သိရှိရသည်။ ကမ္ဘာ့ဆန်စပါးညီလာခံမှ ဆန်ပြိုင်ပွဲ (၁၂) ကြိမ် ကျင်းပခဲ့ရာ ထိုင်းဆန်က ပထမဆုခြောက်ကြိမ် ဆွတ်ခူးထားနိုင်ခဲ့ပြီး ထိုင်းဆန်က ကမ္ဘာ့အကောင်းဆုံးဆန်ဖြစ်ကြောင်း သက်သေထူနိုင်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအစိုးရသည် ၂၀၂၀-၂၀၂၄ အတွင်း ဖော်ဆောင်မည့် ဈေးကွက်ထိုးဖောက်မှုများမှတစ်ဆင့် အရည်အသွေးမြင့်ဆန်ထုတ်လုပ်သည့်နိုင်ငံဟူသော ဂုဏ်သတင်းကို မြှင့်တင်သွားရန် သန္နိဋ္ဌာန်ချထားပြီး ငါးနှစ်တာ စီမံကိန်းကို ယခုနှစ်အတွင်း ထုတ်ပြန်ထားကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ငါးနှစ်တာ မဟာဗျူဟာစီမံချက်အရ ထိုင်းနိုင်ငံသည် ဆန်စပါးမျိုးသစ် ၁၂ မျိုးကို အရှိန်မြှင့်ထုတ်လုပ်သွားမည်ဖြစ်ကာ ဆန်သားမာဆန်ဖြူ လေးမျိုး၊ ဆန်သားပျော့ဆန်ဖြူ လေးမျိုး၊ ဟွန်မာလီဆန်မွှေး နှစ်မျိုးနှင့် အာဟာရမြင့်ဆန် နှစ်မျိုးတို့ပါဝင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ဆန်စပါးမျိုးသစ်များ ထပ်မံထုတ်လုပ်နိုင်ပြီး ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးကို ဟန့်တားနိုင်မည့် စည်းမျဉ်းများကို ဖယ်ရှားနိုင်ပါက ထိုင်းနိုင်ငံသည် အကောင်းဆုံးဆိုသည့် ဂုဏ်ပုဒ်ကို နှစ်များစွာ ဆက်လက်ထိန်းနိုင်မည်ဖြစ်ကြောင်း MrJurin က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၅ ဒသမ ၈၀ သန်းသာ တင်ပို့နိုင်ဖွယ် ရှိသော်လည်း ၂၀၂၁ ခုနှစ်တွင် တင်ပို့နိုင်မှုပမာဏ တန်ချိန်ခုနစ်သန်းအထိ မြှင့်တင်နိုင်ဖွယ်ရှိကြောင်း ထိုင်းဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ChookiatOphaswongse က ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်း ဆန်တန်ချိန် ၅ ဒသမ ၁၀ သန်း တင်ပို့ထားရာ ယခင်နှစ် အလားတူကာလထက် ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ နှစ်အလိုက် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ဘတ်ငွေ ၁၀၈ ဘီလီယံသာရှိခဲ့ကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးအဖြစ်နှစ်များစွာ ရပ်တည်ခဲ့ရာမှ ပြီးခဲ့သည့်နှစ်များအတွင်း အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ နောက်သို့ ကျရောက်လာခဲ့သည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့်မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်း စသည့် ကုန်သွယ်ရေးလမ်းကြောင်းနှစ်ခုဖြင့် ဆောင်ရွက်နေလျက်ရှိပြီး မြန်မာ့ဆန်ကို တရုတ်၊ ဥရောပသမဂ္ဂနိုင်ငံများ (အီးယူ)နှင့်အာဖရိကနိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိပါသည်။ တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အဓိကတင်ပို့နေခြင်းဖြစ်ပြီးပင်လယ်ရေကြောင်းမှလည်း တင်ပို့လျက်ရှိသည်။ အီးယူနှင့် အာဖရိကနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့နေခြင်းဖြစ်ပြီး၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ (ယာယီ) စာရင်းများအရပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန်စုစုပေါင်း ၆၄၄၈၈၀ ဒသမ ၂၁၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၃ ဒသမ ၉၄၁ သန်းတင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

လက်ရှိတွင် COVID-19 ကပ်ရောဂါ ပျံ့နှံ့မှုဂယက်ကြောင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချရမှု လျော့ကျလာသဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ဝယ်လိုအားမြင့်မားသည့် နိုင်ငံများသို့ တန်ဖိုးမြင့်ဆန်များ တင်ပို့နိုင်ရေးကို အဓိကထား ဆောင်ရွက်ရန်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ တိုက်တွန်းထားကြောင်း ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် Online Virtual Meeting ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

**စာမျက်နှာ ၃၂ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၅ | စင်္ကာပူ | လီတာ | ၁.၄၉ | ၁.၂၆ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၅၀ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၃ | ၀.၇၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၀ | ၀.၇၀ |
| ၉ | လာအို | လီတာ | ၀.၉၆ | ၀.၈၄ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၂ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင်ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၃၁ |
| ၂ | အီရန် | လီတာ | ၀.၀၆ | ဆီးရီးယား | လီတာ | ၂.၀၄ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၄ | နယ်သာလန် | လီတာ | ၁.၉၃ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၅ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | ဖင်လန် | လီတာ | ၁.၈၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၂ | ဟောင်ကောင် | လီတာ | ၁.၉၄ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၈၀ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | ဖင်လန် | လီတာ | ၁.၇၀ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | အစ္စရေး | လီတာ | ၁.၆၉ |
| ၅ | အီကွေဒေါ | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၁.၆၉ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၉ | ၀.၈၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၈ | ၁.၀၉ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၈ | ၁.၀၆ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁.၁.၂၀၂၁ | စည် | ၄၈.၅၂ |
| ၂ | ၅.၁.၂၀၂၁ | စည် | ၄၉.၉၃ |
| ၃ | ၆.၁.၂၀၂၁ | စည် | ၅၀.၆၃ |
| ၄ | ၇.၁.၂၀၂၁ | စည် | ၅၀.၈၃ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၂၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၃၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၈၉၄ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၁ ရက်တွင် ၁၈၉၉ မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။ ဇန်နဝါရီ ၅ ရက်တွင် ၁၉၄၅ ဒေါ်လာမှ ဇန်နဝါရီ ၆ ရက်တွင် ၁၉၅၈ ဒေါ်လာ အထိ ဆက်လက်မြင့်တက်လာခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် ၁၉၁၆ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီလ ပထမပတ်အတွင်း ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၆၀ ကျော်ခန့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေ ဈေးသည်လည်း ဒီဇင်ဘာ ၃၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၂၅၀၀၀ ဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီ ၅ ရက်တွင်ကျပ် ၁၃၃၁၀၀၀ မှ ဇန်နဝါရီ ၆ ရက်တွင် ကျပ် ၁၃၃၅၀၀၀ သို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် ကျပ် ၁၃၃၂၀၀၀ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။ ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း အခြေအနေများနှင့် အမေရိကန်ဒေါ်လာဈေး အတက်အကျပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၇ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၁၂.၂၀၂၀ | ၁၂၇၅၀၀၀ | ၁၇၈၆ |
| ၂ | ၂.၁၂.၂၀၂၀ | ၁၂၉၂၀၀၀ | ၁၈၂၄ |
| ၃ | ၃.၁၂.၂၀၂၀ | ၁၃၀၁၀၀၀ | ၁၈၃၅ |
| ၄ | ၄.၁၂.၂၀၂၀ | ၁၃၀၁၀၀၀ | ၁၈၃၉ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International SugarOrganization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင် ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၉၆ ဒသမ ၃၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲ များ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဇန်နဝါရီ ၆ ရက်တွင် သကြားဖြူ (WhiteSugar)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၄၀ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 6-Jan-21 | 15.37 cts/lb | 14.40 cts/lb | 436.40 $/T | 19.79 cts/lb |
| 5-Jan-21 | 15.28 cts/lb | 14.28 cts/lb | 431.55 $/T | 19.57 cts/lb |
| 4-Jan-21 | 15.05 cts/lb | 14.19 cts/lb | 425.10 $/T | 19.28 cts/lb |
| 31-Dec-20 | 14.79 cts/lb | 14.12 cts/lb | 416.60 $/T | 18.90 cts/lb |
| 30-Dec-20 | 14.62 cts/lb | 14.09 cts/lb | 414.05 $/T | 18.78 cts/lb |
| 29-Dec-20 | 14.43 cts/lb | 14.04 cts/lb | 407.30 $/T | 18.47 cts/lb |
| 24-Dec-20 | 14.13 cts/lb | 13.98 cts/lb | 403.80 $/T | 18.32 cts/lb |
| 23-Dec-20 | 14.18 cts/lb | 13.96 cts/lb | 402.80 $/T | 18.27 cts/lb |
| 22-Dec-20 | 13.98 cts/lb | 13.95 cts/lb | 396.45 $/T | 17.98 cts/lb |
| 21-Dec-20 | 14.01 cts/lb | 13.95 cts/lb | 396.80 $/T | 18.00 cts/lb |
| 18-Dec-20 | 13.94 cts/lb | 13.94 cts/lb | 394.90 $/T | 17.91 cts/lb |
| 17-Dec-20 | 14.16 cts/lb | 13.96 cts/lb | 400.05 $/T | 18.15 cts/lb |
| 16-Dec-20 | 13.97 cts/lb | 13.95 cts/lb | 395.90 $/T | 17.96 cts/lb |
| 15-Dec-20 | 13.73 cts/lb | 13.96 cts/lb | 390.25 $/T | 17.70 cts/lb |
| 14-Dec-20 | 13.64 cts/lb | 13.99 cts/lb | 388.10 $/T | 17.60 cts/lb |
| 11-Dec-20 | 13.87 cts/lb | 14.03 cts/lb | 393.70 $/T | 17.86 cts/lb |
| 10-Dec-20 | 14.06 cts/lb | 14.07 cts/lb | 398.80 $/T | 18.09 cts/lb |
| 9-Dec-20 | 14.32 cts/lb | 14.09 cts/lb | 405.75 $/T | 18.40 cts/lb |
| 8-Dec-20 | 13.86 cts/lb | 14.11 cts/lb | 394.45 $/T | 17.89 cts/lb |
| 7-Dec-20 | 13.92 cts/lb | 14.15 cts/lb | 395.55 $/T | 17.94 cts/lb |
| 4-Dec-20 | 13.88 cts/lb | 14.19 cts/lb | 394.90 $/T | 17.91 cts/lb |
| 3-Dec-20 | 13.93 cts/lb | 14.21 cts/lb | 400.75 $/T | 18.18 cts/lb |
| 2-Dec-20 | 14.02 cts/lb | 14.22 cts/lb | 398.35 $/T | 18.07 cts/lb |
| 1-Dec-20 | 13.99 cts/lb | 14.21 cts/lb | 396.30 $/T | 17.98 cts/lb |

ဇန်နဝါရီပထမပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၃၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၁၀၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၀၂-၅၁၈ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၃-၅၀၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမြင့်တက်နေပြီး အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်း တည်ငြိမ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလပထမပတ်တွင် မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၄၅ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၃၆ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၉၁ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၂ ဝန်းကျင် ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၉ ဒေါ်လာဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၅ | ၅.၁၂.၂၀၂၀ | ၁၂၉၈၀၀၀ | ၁၈၃၈ |
| ၆ | ၇.၁၂.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၄၁ |
| ၇ | ၈.၁၂.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၈၆၆ |
| ၈ | ၉.၁၂.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၈၆၀ |
| ၉ | ၁၀.၁၂.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၈၃၆ |
| ၁၀ | ၁၁.၁၂.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၃၄ |
| ၁၁ | ၁၂.၁၂.၂၀၂၀ | ၁၃၁၄၀၀၀ | ၁၈၄၀ |
| ၁၂ | ၁၄.၁၂.၂၀၂၀ | ၁၃၁၇၀၀၀ | ၁၈၂၂ |
| ၁၃ | ၁၅.၁၂.၂၀၂၀ | ၁၃၁၇၀၀၀ | ၁၈၄၅ |
| ၁၄ | ၁၆.၁၂.၂၀၂၀ | ၁၃၂၀၀၀၀ | ၁၈၆၄ |
| ၁၅ | ၁၇.၁၂.၂၀၂၀ | ၁၃၂၁၀၀၀ | ၁၈၇၂ |
| ၁၆ | ၁၈.၁၂.၂၀၂၀ | ၁၃၁၉၀၀၀ | ၁၈၈၂ |
| ၁၇ | ၁၉.၁၂.၂၀၂၀ | ၁၃၂၄၀၀၀ | ၁၈၈၂ |
| ၁၈ | ၂၁.၁၂.၂၀၂၀ | ၁၃၂၄၀၀၀ | ၁၈၆၈ |
| ၁၉ | ၂၂.၁၂.၂၀၂၀ | ၁၃၂၂၀၀၀ | ၁၈၇၄ |
| ၂၀ | ၂၃.၁၂.၂၀၂၀ | ၁၃၂၃၅၀၀ | ၁၈၆၅ |
| ၂၁ | ၂၄.၁၂.၂၀၂၀ | ၁၃၂၄၅၀၀ | ၁၈၇၈ |
| ၂၂ | ၂၅.၁၂.၂၀၂၀ | ၁၃၂၇၀၀၀ | ၁၈၇၉ |
| ၂၃ | ၂၆.၁၂.၂၀၂၀ | ၁၃၂၇၀၀၀ | ၁၈၇၉ |
| ၂၄ | ၂၈.၁၂.၂၀၂၀ | ၁၃၂၆၀၀၀ | ၁၈၈၄ |
| ၂၅ | ၂၉.၁၂.၂၀၂၀ | ၁၃၂၁၀၀၀ | ၁၈၇၈ |
| ၂၆ | ၃၀.၁၂.၂၀၂၀ | ၁၃၂၂၀၀၀ | ၁၈၈၂ |
| ၂၇ | ၃၁.၁၂.၂၀၂၀ | ၁၃၂၅၀၀၀ | ၁၈၉၄ |
| ၂၈ | ၁.၁.၂၀၂၁ | ၁၃၂၅၀၀၀ | ၁၈၉၉ |
| ၂၉ | ၂.၁.၂၀၂၁ | ၁၃၂၅၀၀၀ | ၁၈၉၉ |
| ၃၀ | ၄.၁.၂၀၂၁ | ၁၃၃၀၀၀၀ | ၁၉၃၀ |
| ၃၁ | ၅.၁.၂၀၂၁ | ၁၃၃၁၀၀၀ | ၁၉၄၅ |
| ၃၂ | ၆.၁.၂၀၂၁ | ၁၃၃၅၀၀၀ | ၁၉၅၈ |
| ၃၃ | ၇.၁.၂၀၂၁ | ၁၃၃၂၀၀၀ | ၁၉၁၆ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80%၊ Annual Rate of Inflation 4.60%၊ Year on Year Inflation 0.97% ရှိသည်ကို လေ့လာသိရှိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခန့်မှန်းထားသည့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၁၀ ရာခိုင်နှုန်းထက် ဘဏ္ဍာနှစ်အစ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ခန့်မှန်းနှုန်းအောက်ရောက်ရှိခဲ့ပြီး နိုဝင်ဘာလတွင် ၄ ဒသမ ၆၀ ရာခိုင်နှုန်းသာ ဖြစ်ပေါ်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရှိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း ၉ ဒသမ ၇၃ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၁၀ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားခြင်းဖြစ်ပြီး ဘဏ္ဍာနှစ်အစဖြစ်သော ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ၅ ဒသမ ၂၁ ရာခိုင်နှုန်း၊ နိုဝင်ဘာတွင် ၄ ဒသမ ၆၀ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၆၀ ရာခိုင်နှုန်း ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ကိုးလ ဆက်တိုက် ပြန်လည်ကျဆင်းလာကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ထားသည့် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတွင် ဖော်ပြထားပါသည်။

ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ၁၈ လဆက်တိုက် မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် အနည်းငယ် ပြန်ကျလာခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ပြန်လည်မြင့်တက်ခဲ့ကာ မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ (ကိုးလဆက်တိုက်)တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအထိ ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြစ်ပြီးအစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသောပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation-Core Inflation) မှာ ၉ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရှိသည်။

နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) မှာ သုည ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation-Core Inflation) မှာ ၃ ဒသမ ၆၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် ဇွန်လတွင် ၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇူလိုင်လတွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသို့ ဆက်လက်မြင့်တက်လာခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် မတ်လတွင်မြန်မာနိုင်ငံ၌ COVID-19 ဖြစ်ပွားလာမှု အစပြု၍ အိမ်ထောင်စုများ၏ သုံးစွဲမှုလျော့နည်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းများ ကျဆင်းလာခဲ့ရာ နိုဝင်ဘာလတွင် သုည ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့်စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄ ဒသမ ၆၀ ရာခိုင်နှုန်းရှိ၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၅ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်ပါက သုည ဒသမ ၆၁ရာခိုင်နှုန်း လျော့နည်းလာခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ၈ ဒသမ ၈၁ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် မတ်လတွင်မြန်မာနိုင်ငံ၌ COVID-19 ကူးစက်ရောဂါ သက်ရောက်မှုကြောင့် ပြည်သူများသုံးစွဲမှုကျဆင်းပြီး စားသုံးသူဈေးဆနှုန်း တိုးနှုန်းအရှိန်လျော့နည်းလာသဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၄ ဒသမ ၆၀ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ကြောင်း လေ့လာသိရှိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၇ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ယခု တစ်ပတ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇန်နဝါရီ ၅ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၂ ဒသမ ၅၀ ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၂၈ ဒသမ ၆၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၄၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

**တ+B2:K14စ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၅-၁-၂၀၂၁ | ၆-၁-၂၀၂၁ | ၇-၁-၂၀၂၁ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၂၂.၅၀၀ | ၁၃၁၉.၅၀၀ | ၁၃၂၈.၆၀၀ | ၀.၄၆ | ⬆ |
| ၂ | Thai Baht | THB | ၂၉.၉၇၅ | ၂၉.၅၉၅ | ၂၉.၉၅၅ | -၀.၀၇ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၁၉ | ၁.၃၁၇ | ၁.၃၁၈ | -၀.၀၈ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၀၁၁ | ၄.၀၁၁ | ၄.၀၂၂ | ၀.၂၇ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၃၉၁၅ | ၁၃၈၉၅ | ၁၃၉၁၁ | -၀.၀၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၄၆၇ | ၆.၄၅၉ | ၆.၄၅၇ | -၀.၁၅ | ⬇ |
| ၇ | Indian Rupee | INR | ၇၃.၂၆၅ | ၇၃.၁၃၅ | ၇၃.၂၀၅ | -၀.၀၈ | ⬇ |
| ၈ | Japanese Yen | JPY | ၁၀၂.၉၃၄ | ၁၀၂.၇၉၇ | ၁၀၃.၃၇၇ | ၀.၄၃ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၂၉၈ | ၁.၂၈၃ | ၁.၂၈၅ | -၁.၀၀ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၁၅ | ၀.၈၁၁ | ၀.၈၁၃ | -၀.၂၅ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၃၈ | ၀.၇၃၃ | ၀.၇၃၅ | -၀.၄၁ | ⬇ |

Source- Central Bank of Myanmar


မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် နိုင်ငံခြားငွေ ဈေးပြိုင်လေလံစနစ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၀ သန်းဝယ်ယူခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ဈေးကွက်အတွင်းသို့ အမေရိကန်ဒေါ်လာသုံးသန်း ရောင်းချပေးခဲ့ကြောင်းသိရှိရသည်။ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်း ဈေးကွက်အတွင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၀ သန်းကို တစ်ဒေါ်လာလျှင် ပျမ်းမျှငွေလဲနှုန်း ၁၃၁၉ ဒသမ ၉၀ ကျပ်ဖြင့် ထပ်မံဝယ်ယူပေးခဲ့ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လအလိုက် ရောင်းဝယ်မှုပမာဏများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅၀ သန်း၊ ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၀ သန်း၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၂၁ သန်း၊ မေလတွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၀ သန်း၊ ဇွန်လတွင် အမေရိကန် ဒေါ်လာ ၃၉ ဒသမ ၁၀ သန်း၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၀ သန်း၊ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆၀ သန်း၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၂၀ သန်း၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၄၃ သန်း၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀ သန်း၊ ဒီဇင်ဘာလအတွင်းတွင် ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်း ဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ၃သန်း ပြန်လည်ရောင်းချခဲ့သည်ကို သိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ဈေးကွက်အတွင်းမှ ဝယ်ယူမှု စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၆၀ သန်းရှိပြီး ပြန်လည်ရောင်းချမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၀ သန်းရှိပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၀ သန်းကို ထပ်မံဝယ်ယူပေးခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော စာရင်းများအရ သိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များ ချမှတ်ထားပြီး အဆိုပါစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေဈေးပြိုင်လေလံတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer–AD) ရဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်နှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၃၅ ကျပ်၊ ဇန်နဝါရီလ ၆ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၄၀ နှင့်ဇန်နဝါရီလ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၀ အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

# ယှဉ်ပြိုင်မှုကောင်းကျိုးအတွက် တန်ဖိုးကွင်းဆက်




**တန်ဖိုးကွင်းဆက် (Value chain) ဆိုသည်မှာ ကုန်ကြမ်းပစ္စည်း စတင်ဝယ်ယူခြင်းမှသည် ကုန်ချောထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်ပြီးသည့် ကုန်ချောကို ဝယ်ယူသူ အဆင်သင့်ဝယ်ယူနိုင်အောင် ဈေးကွက်တင် ရောင်းချသည်အထိ ကုမ္ပဏီတစ်ခုက ဆောင်ရွက်ရသော လုပ်ဆောင်ချက်အားလုံးကို ရည်ညွှန်းသည်။ ကုမ္ပဏီတစ်ခု၏ တန်ဖိုးကွင်းဆက်အတွင်း ပါဝင်သော လုပ်ဆောင်ချက်များမှာ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်း (After-sales service) တို့ ဖြစ်သည်။**

သိန်းမြင့်ဝေ

တန်ဖိုးကွင်းဆက်အတွင်းရှိတန်ဖိုးတိုးစေရန် ဆောင်ရွက်သော လုပ်ဆောင်ချက်အားလုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေသည်။ ကုမ္ပဏီများသည် ထုတ်ကုန်ကို အကောင်းမွန်ဆုံး ထုတ်လုပ်လိုပြီး ဝန်ဆောင်မှုကိုလည်း အကောင်းမွန်ဆုံးဖြည့်ဆည်းပေးလိုကြသည်။ ထို့ကြောင့် ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ယှဉ်ပြိုင်မှုအားသာချက် သို့မဟုတ် ပြိုင်ဆိုင်မှု အကျိုးကျေးဇူး (Competitive edvantage) ကို ဖြစ်စေသည်။

တန်ဖိုးကွင်းဆက်ဟူသော ဝေါဟာရသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို ရရှိအောင် စတင် ဆောင်ရွက်ခြင်းမှသည် ပို့ဆောင်ခြင်းနှင့် ဖောက်သည်စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ခြင်းအထိ စီးပွားရေး လုပ်ငန်းတစ်ခုက လုပ်ဆောင်ရသော အရာအားလုံး အကျုံးဝင်သည်။ ကုန်စည်တစ်ခုကိုထုတ်လုပ်သော ကုမ္ပဏီတစ်ခု၏ တန်ဖိုးကွင်းဆက်သည် အဆိုပါကုန်စည်ကို ထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်း (Raw materials) နှင့် စတင်ပါသည်။ ထို့ပြင် အဆိုပါကုန်စည်ကို ဝယ်ယူသူ မဝယ်ယူမီအချိန်ထိ တန်ဖိုးတိုးလာစေရန် ဆောင်ရွက်ရသော လုပ်ဆောင်ချက်အားလုံးလည်း ပါဝင်သည်။

## တန်ဖိုးကွင်းဆက်နှင့် ထုတ်လုပ်မှုကွင်းဆက်ကွာခြားချက်

တန်ဖိုးကွင်းဆက်ဆိုသည်မှာ အရာဝတ္ထုတစ်ခုကို တန်ဖိုးတိုးလာစေရန် ဆောင်ရွက်သော ကုမ္ပဏီတစ်ခု၏ လုပ်ဆောင်ချက်များဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်များတွင် ထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်းတို့ ပါဝင်သည်။

ထုတ်လုပ်မှုကွင်းဆက် သို့မဟုတ် အထောက်အပံ့ ကွင်းဆက် (Supply chain) ဆိုသည်မှာ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူသူထံ ရောက်ရှိအောင် ဆောင်ရွက်ရသော လုပ်ဆောင်ချက်များဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်မှုကွင်းဆက်တွင် မူရင်းကုန်ပစ္စည်းထုတ်လုပ်သူ (Original equipment manufacturer-OEM) အပြင် အပိုပစ္စည်းထုတ်လုပ်သူ (After-market parts) တို့နှင့် ဆက်သွယ်ဆောင်ရွက်ရမှုများ ပါဝင်သည်။

တန်ဖိုးကွင်းဆက်သည် ကုမ္ပဏီများအား ဈေးကွက်အတွင်း ယှဉ်ပြိုင်အားသာချက် သို့မဟုတ် ယှဉ်ပြိုင်မှု ကောင်းကျိုး (Competitive advantage) ကိုဖြစ်စေသည်။ ထုတ်လုပ်မှုကွင်းဆက်သည် ဝယ်ယူသူ၏ စိတ်ကျေနပ်မှုကို ဖြစ်စေသည်။ ထို့ကြောင့် တန်ဖိုးကွင်းဆက်တွင် ကုမ္ပဏီတစ်ခုက ယှဉ်ပြိုင်အားသာချက် ရရှိအောင် ဆောင်ရွက်သော အပြန်အလှန်ဆက်စပ်နေသည့် လုပ်ဆောင်ချက်များ ပါဝင်သည်။

ထုတ်လုပ်မှုကွင်းဆက်တွင် ထုတ်ကုန်တစ်ခု စတင်ဖန်တီးသည့်အဆင့်မှ နောက်ဆုံးသုံးစွဲသူ (End-user) ထံ ရောင်းချသည့်အဆင့်ထိ စီးဆင်းသော သတင်းအချက်အလက်၊ ထုတ်ကုန်၊ ကုန်ကြမ်းနှင့် ငွေသားစီးဆင်းမှုအားလုံး ပါဝင်သည်။ တစ်နည်းအားဖြင့် ထုတ်လုပ်မှုကွင်းဆက်တွင် ဖောက်သည်၏ တောင်းဆိုမှု (Customer's request) ကို လက်ခံဖြည့်ဆည်းရေးအတွက် ဆောင်ရွက်ရသော လုပ်ဆောင်ချက်အားလုံး ပါဝင်သည်။ အဆိုပါ လုပ်ဆောင်ချက်များမှာ စတင်ထုတ်လုပ်ခြင်း (Product Development)၊ ဈေးကွက်ချဲ့ထွင်ခြင်း (Marketing)၊ လုပ်ငန်းလည်ပတ်ခြင်း (Operations)၊ ဖြန့်ဖြူးခြင်း (Distribution)၊ ဘဏ္ဍာငွေထောက်ပံ့ခြင်း (Finance) နှင့် ဖောက်သည်ဝန်ဆောင်မှုပေးခြင်း (Customer service) တို့ဖြစ်သည်။

## တန်ဖိုးကွင်းဆက်၏အစ

တန်ဖိုးကွင်းဆက်ဟူသော အယူအဆကို အမေရိကန်ပညာရှင် မိုက်ကယ်ပေါ်တာ (Michael Porter) က ၁၉၈၅ ခုနှစ်တွင် စတင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် မိုက်ကယ်ပေါ်တာ၏ စာအုပ်အမည်မှာ Competitive Advantage: Creating and Sustaining Superior Performance ဖြစ်သည်။ "ယှဉ်ပြိုင်အားသာချက်" (သာလွန်သော လုပ်ရပ်ကို ဖန်တီးထိန်းသိမ်းခြင်း) ဟူ၍ အဓိပ္ပာယ်ရရှိသည်။ ၎င်း၏ အယူအဆအရ ကုမ္ပဏီများ သည် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရာတွင် လည်းကောင်း၊ အဆိုပါ ကုန်ချောကို ဝယ်ယူသူထံရောက်ရှိအောင် ဈေးကွက်တင်ရောင်းချရာတွင်လည်းကောင်း အဆင့်ဆင့် တန်ဖိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

တန်ဖိုးကွင်းဆက်သဘောတရားသည် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုရှုထောင့် (Business management perspective) မှ ဆင်းသက်လာခြင်းဖြစ်သည်။ တန်ဖိုးကွင်းဆက်မန်နေဂျာများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအတွက် တန်ဖိုးတိုးမည့် အခွင့်အလမ်းများကို ရှာဖွေကြသည်။ ၎င်းတို့သည် ကုန်ပစ္စည်းပြုတ်လပ်မှုကို လျှော့ချနိုင်မည့် နည်းလမ်းများ၊ ထုတ်ကုန်အစီအစဉ်ရေးဆွဲသည့် နည်းလမ်းများ၊ ကွင်းဆက်အတွင်းရှိ အခြားလုပ်ငန်းများနှင့် လက်တွဲလုပ်ဆောင်မည့် နည်းလမ်းများကိုလည်း ရှာဖွေကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ဝယ်ယူသူအတွက် တန်ဖိုးမြင့်တက်စေရန် ရည်ရွယ်ပါသည်။ မိုက်ကယ်ပေါ်တာသည် ယင်း၏တန်ဖိုးကွင်းဆက် သဘောတရားအရ စီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ဆောင်ချက်များကို အုပ်စုနှစ်ခု ခွဲခြားထားသည်။ ၎င်းတို့မှာ အခြေခံလုပ်ဆောင်ချက်များ (Primary activities)နှင့် အထောက်အကူပြု လုပ်ဆောင်ချက်များ (Support activities) ဖြစ်သည်။

## အခြေခံလုပ်ဆောင်ချက်များ

တန်ဖိုးကွင်းဆက် ဖြစ်စဉ်တွင် အခြေခံလုပ်ဆောင်ချက် သို့မဟုတ် အဆင့်(၅)ဆင့် ရှိပါသည်။ ယင်းအဆင့်များက ကုမ္ပဏီတစ်ခုအား ကုန်စည်ထုတ်လုပ်မှုစရိတ်ထက် ပိုမိုများပြားသော တန်ဖိုးကို ဝယ်ယူသူများအတွက် ဖန်တီးနိုင်စေသည်။ ဖော်ပြပါ လုပ်ဆောင်ချက်ငါးမျိုးထဲမှ အနည်းဆုံး တစ်မျိုးကို လုပ်ဆောင်နိုင်သော ကုမ္ပဏီသည် ဈေးကွက်အတွင်းရှိ ပြိုင်ဘက်များထက် ယှဉ်ပြိုင်အားသာချက်ကို ရရှိစေပါသည်။ လုပ်ဆောင်ချက် ငါးမျိုးစလုံးကို ဆောင်ရွက်နိုင်ပါက ယှဉ်ပြိုင်အားသာချက် အများဆုံးရရှိမည်ဖြစ်သည်။

လုပ်ဆောင်ချက် ငါးမျိုးအနက် ပထမတစ်မျိုးမှာ ကုန်ပစ္စည်းနှင့် ကုန်ကြမ်းရယူသိုလှောင်စီမံခြင်း(Inbound logistics) ဖြစ်သည်။ ဤအဆင့်တွင် ကုန်လက်ကျန်ရရှိအောင် ဆောင်ရွက်ခြင်း၊ သိုလှောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း ကဲ့သို့သော လုပ်ဆောင်ချက်များ ပါဝင်သည်။ ဒုတိယတစ်မျိုးမှာ လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် ကုန်ချော ထုတ်လုပ်ခြင်း (Operations) ဖြစ်သည်။ ဤအဆင့်တွင် ကုန်ကြမ်းမှ ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်သော လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ တတိယတစ်မျိုးမှာ ကုန်ချောဖြန့်ဖြူးခြင်း (Outbound logistics) ဖြစ်သည်။ ဤအဆင့်တွင် စားသုံးသူထံ ကုန်ချောရောက်ရှိအောင် ဆောင်ရွက်သော လုပ်ဆောင်ချက်များ ပါဝင်သည်။

အဆင့် (၅) ဆင့်အနက် စတုတ္ထအဆင့်မှာ ဈေးကွက်ရှာဖွေရောင်းချခြင်း (Marketing and sales) ဖြစ်သည်။ ဤအဆင့်၌ ကုမ္ပဏီက ရည်ရွယ်ပစ်မှတ်ထားသော ဝယ်ယူသူများ ထုတ်ကုန်အကြောင်း ပိုမိုသိမြင်အောင် ဆောင်ရွက်သည့် မဟာဗျူဟာများ ပါဝင်သည်။ ဥပမာအားဖြင့် ကြော်ငြာခြင်း (Advertising)၊ အရောင်းမြှင့်တင်ခြင်း (Promotion) နှင့် ဈေးနှုန်းသတ်မှတ်ခြင်း(Pricing) ကဲ့သို့သော မဟာဗျူဟာများ ပါဝင်သည်။ အဆင့်(၅)ဆင့်အနက် နောက်ဆုံးအဆင့်မှာ ဝန်ဆောင်မှုပေးခြင်း (Services) ဖြစ်သည်။ ဤအဆင့်တွင် ထုတ်ကုန်ကို ထိန်းသိမ်းသော အစီအစဉ်နှင့် စားသုံးသူ၏ အတွေ့အကြုံကို မြှင့်တင်ပေးသော အစီအစဉ်များ ပါဝင်သည်။ ဥပမာအားဖြင့် ဝယ်ယူသူကို ဝန်ဆောင်မှုပေးခြင်း (Customer service)၊ ပြုပြင်ထိန်းသိမ်းပေးခြင်း (Maintenance)၊ ပြန်လည်ပြင်ဆင်ပေးခြင်း (Repair)၊ ငွေပြန်အမ်းခြင်း (Refund) နှင့် ဝယ်ယူပြီးသော ပစ္စည်းများ ပြန်လည်လဲလှယ်ပေးခြင်း (Exchange) စသည်တို့ဖြစ်သည်။


## အထောက်အကူပြုလုပ်ဆောင်ချက်များ

တန်ဖိုးကွင်းဆက်အတွင်း အခြေခံလုပ်ဆောင်ချက် ငါးမျိုး အဆင်ပြေချောမွေ့ရေးအတွက် အထောက် အကူပြုလုပ်ဆောင်ချက်များလိုအပ်ကြောင်း မိုက်ကယ်ပေါ်တာက ပြောကြားသည်။ တစ်နည်းအားဖြင့် အခြေခံ လုပ်ဆောင်ချက်များ ပိုမိုထိရောက်ရေးအတွက် အထောက်အကူပြု လုပ်ဆောင်ချက်များ အရေးကြီးကြောင်း ပြောကြားထားသည်။ အထောက်အကူပြု လုပ်ဆောင်ချက်လေးမျိုးရှိပါသည်။ ၎င်းတို့မှာ ဝယ်ယူခြင်း (Procurement)၊ နည်းပညာဖွံ့ဖြိုးတိုးတက်ခြင်း (Technology development)၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှု (Human resource management)နှင့် အခြေခံအဆောက်အအုံ (Infrastructure) တို့ဖြစ်သည်။ အထောက်အကူပြု အချက်လေးချက်ထဲမှ အနည်းဆုံးတစ်ချက်ကို စွမ်းဆောင်ရည်တိုးအောင် ဆောင်ရွက်နိုင်ပါက အခြေခံလုပ်ဆောင်ချက်တစ်ခုခုကို ကောင်းကျိုးဖြစ်ထွန်းစေနိုင်သည်။

အထောက်အကူပြုလုပ်ဆောင်ချက်များကို ယေဘုယျအားဖြင့် ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်းတွင် အပိုကုန်ကျစရိတ် (Overhead costs) အဖြစ် ထည့်သွင်းတွက်ချက်ပါသည်။ အထောက်အကူပြု အချက်များအနက် ပထမအချက်မှာ ဝယ်ယူခြင်း(Procurement) ဖြစ်သည်။ ဤလုပ်ဆောင်ချက်မှာ ကုမ္ပဏီတစ်ခု၏ ကုန်ကြမ်းဝယ်ယူခြင်းဖြစ်သည်။ ဒုတိယအချက်ဖြစ်သော နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ သုတေသနနှင့် ဖွံ့ဖြိုးရေး (Research and development- R & D) ကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်မှုနည်းလမ်းတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် အလိုအလျောက်ထုတ်လုပ်မှုဖြစ်စဉ်များ ဖန်တီးခြင်း စသည်တို့ဖြစ်သည်။ အထောက်အကူပြုလုပ်ဆောင်ချက်များ၏ နောက်ဆုံးအချက်ဖြစ်သော အခြေခံ အဆောက်အအုံပိုင်းတွင် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုစနစ်နှင့် စီမံရေးရာအဖွဲ့၏ ဖွဲ့စည်းပုံတို့ဖြစ်သည်။ ဥပမာအားဖြင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း (Planning)၊ ငွေစာရင်း (Accounting)၊ ဘဏ္ဍာရေး (Finance) နှင့် အရည်အသွေးထိန်းချုပ်မှု (Quality control) စသည်တို့ဖြစ်သည်။

အကျိုးအမြတ်ရှိသော တန်ဖိုးကွင်းဆက်တစ်ခုကို တည်ဆောက်ရန်အတွက် စားသုံးသူလိုချင်သော အရာနှင့် ကုမ္ပဏီက ထုတ်လုပ်သော အရာတို့ကို ချိတ်ဆက်ပေးနိုင်ရပါမည်။ ဆိုလိုရင်းမှာ တန်ဖိုးကွင်းဆက် အစီအစဉ်သည် ဝယ်ယူသူ၏ တောင်းဆိုခြင်း (Customer's request) မှ စတင်မြစ်ဖျားခံသည်။ ဝယ်ယူသူ၏ တောင်းဆိုခြင်းမှသည် တန်ဖိုးကွင်းဆက်အဆင့်ဆင့် ရွေ့လျားသွားပြီး နောက်ဆုံးတွင် ကုန်ချောအဆင့်၌ အဆုံးသတ်ပါသည်။ တန်ဖိုးကွင်းဆက်တွင် အလွန်အရေးကြီးသော လုပ်ဆောင်ချက်များမှာ ထုတ်ကုန်အရည်အသွေး တိုင်းတာခြင်း (Product testing)၊ တီထွင်ဆန်းသစ်ခြင်း (Innovation)၊ သုတေသနနှင့် ဖွံ့ဖြိုးရေး (R & D) နှင့် ဈေးကွက်ဖော်ဆောင်ခြင်း (Marketing) စသည်တို့ ဖြစ်ပါသည်။

**Source: investopedia**



သတိုးအောင်ဇေယျ
Computer Showroom
HPD
ကုမ္ပဏီဝန်ထမ်းများ
အစိုးရဝန်ထမ်းများ
အရစ်ကျငွေပေးသွင်းရုံနဲ့
ကွန်ပျူတာ ပိုင်ဆိုင်နိုင်ပါပြီ...
ဈေးနှုန်းအထူးသက်သာပြီး ကုမ္ပဏီတိုက်ရိုက်ရောင်းချပေးသော
နောက်ဆုံးထွက် အသစ်စက်စက်လက်တော့ Brand အစုံ
Showroom Display အလုံးအသန့်လက်တော့ Brand အစုံ ကို
လိုသလောက် လက်လီ ၊ လက်ကား ဝယ်ယူရရှိနိုင်ပါပြီ.......
Hotline 09 8888 666 83
1 YEAR Warranty
Lifetime Service
ShowRoom No.(A/1),Thanthumar Road,24th Quarter(Thuwana), Thingangyun Township, Yangon.
Contact 09 8830 888 42 / 43 , 45 ,46 , 47
https://www.facebook.com/ttazyhpd
hirepurchasedistribution.mm@gmail.com

# TIENS


**Tiens Group Myanmar Branch**
No.1115, South Okakalar (7)Quarter ,Thitsar Road Yangon. Tel-09-976674954
Facebook Page : Tiens Group Myanmar Office , facebook Account : Tiens Myanmar







## One World One Family



Tiens Group ကို မစ္စတာလီကျင်းယွမ်မှ (၁၉၉၅) ခုနှစ်တွင် တရုတ်နိုင်ငံ ထန်းကျင်းမြို့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရုံးခွဲဖွင့်လှစ်ခဲ့ သည်မှာ (၁၄ ) နှစ်တာ ကာလရှိခဲ့ပါပြီ။ လူသားတွေရဲ့ကျန်းမာရေးကိုစောင့်ရှောက်ဖို့အတွက် အဆင့်မြင့်အာဟာရအားဖြည့်ဓါတ်စာများကို နိုင်ငံတကာအဆင့်မှီစက်ကြီးများဖြင့် ထုတ်လုပ်ထားပါသည်။

တရုတ်တိုင်းရင်းဆေးနည်းပညာနှင့် ခေတ်မှီသိပ္ပံနည်းပညာများနဲ့ ပေါင်းစပ်ထုတ်လုပ်ထားတဲ့ **Tiens Company** ရဲ့ထုတ်ကုန်များကို မိသားစုတွေရဲ့ ကျန်းမာခြင်းအတွက် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါတယ်။







ကောင်းမွန်သောပညာရေးပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပြီး လူ့အဖွဲ့အစည်းကိုအကျိုးပြုနိုင်ဖို့ရည်ရွယ်ပြီး စတုရန်းကီလိုမီတာ (၃.၂) ကျယ်ဝန်းပြီး ကျောင်းသားပေါင်း (၄၀၀၀၀) ကျော် တပြိုင်နက်စာသင်ယူနိုင်တဲ့ ထျန်းယွမ်တက္ကသိုလ်ကြီးကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံတကာမှ ကျောင်းသားများကို စတင်လက်ခံသင်ကြားပေးနေပြီ ဖြစ်ပါတယ်။

## ကျန်းမာပြီး တန်ဖိုးရှိတဲ့မိသားစုဘဝတွေကို ပိုင်ဆိုင်ဖို့အတွက် Tiens အဆင့်မြင့် အာဟာရအားဖြည့်ဓါတ်စာ (Tiens Product တိုင်းတွင် Tiens Logo တံဆိပ်ပါရှိသည်)

# လူသားတို့၏ အစားအစာများ ပိုးသတ်ဆေးဓာတ်ကြွင်း အဆိပ်သင့်မှုမှ ကင်းဝေးစေရန် ကူစားခြင်း

ကမ္ဘာတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံများကို ဇရိယာတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်နှုန်း တိုးအောင်ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လာကြသည်။ ဤသို့ ဆောင်ရွက်ရင်း သီးနှံများနှင့်အတူ ယှဉ်တွဲပေါ်လာသည့် ဖွားဖက်တော်များမှာ သီးနှံများကို ဖျက်ဆီးသည့် အင်းဆက်ပိုးမွှားများ၊ ရောဂါများ၊ ပေါင်းပင်များဖြစ်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သူများ ထုတ်လုပ်သော သီးနှံများအနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှံစားသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများသည် လူသားတို့ စားသုံးရန်အတွက် အဓိကထုတ်လုပ်ကြခြင်းဖြစ်သည်။ ဤသို့ ထုတ်လုပ်ကြရင် မိမိတို့၏သီးနှံများ အရောင်အသွေး လှပရေး၊ ကြီးထွားဖွံ့ဖြိုးမှုကောင်းပြီး မြင်လျှင် စွဲမက်မှုရှိရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပိုးမွှားရောဂါ ဖျက်ဆီးမှုဒဏ်ရာများ ကင်းစင်ရေးတို့ကို သူ့ထက်ငါအပြိုင်စွမ်းဆောင်လာကြသည်။ ဤသို့ဖြင့် သီးနှံများကို ဖျက်ဆီးခြင်းကို တားဆီးနိုင်မည့်ပစ္စည်းကို တွေးတောကြံဆလိုကြသည်။ စီးပွားရေးသမားများကလည်း သီးနှံဖျက်ဆီးသည့် အင်းဆက်ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းနိုင်မည့် ဆေးများထုတ်လုပ်ရန် အကွက်မြင်လာကြသည်။ ဤသို့ဖြင့် ဓာတုပိုးသတ်ဆေးများ အလုံးအရင်းနှင့် ထုတ်လုပ်မှုကို အချိန်ကိုက် ဆောင်ရွက်လာကြသည်။ ယခုအခါတွင် ဓာတုပိုးသတ်ဆေးအမျိုးပေါင်း ၁၀၀၀ ကျော်၊ ဆေးစုစုပေါင်း ၁၃ သန်းကျော်ထိရှိနေပြီဖြစ်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ထောက်ပြထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးအမျိုးမျိုး တန်ချိန် ၃၀၀၀၀ တင်သွင်းထုတ်လုပ်ရောင်းချလျက်ရှိသည်။

ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သူများကလည်း ဓာတုပိုးသတ်ဆေးများကို လက်မလွှတ်တမ်း သုံးစွဲလာကြသည်။ ဤသို့သုံးစွဲရင်း အပျော့စားပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေး၊ အလတ်စား ပိုးသတ်ဆေးများမှသည် ပိုမိုပြင်းအားများသော ပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေးမျာထိပင် ခြေလွန်လက်လွန်ဖြစ်လာကြသည်ကိုတွေ့ရသည်။ ဤသို့ဖြင့် ပတ်ဝန်းကျင်ရေမြေ၊ လေထု ညစ်ညမ်းစေခြင်း၊ လူ၊ တိရစ္ဆာန်တို့၏ အသက်အန္တရာယ်ကို ထိပါးလာသည်ထိ ဆိုးရွားလာသည်ကို တွေ့ရသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ ၂၅ သန်းခန့်သည် ဓာတုပိုးသတ်ဆေး၏ ဓာတ်ကြွင်းအဆိပ်သင့်ခြင်းများ ခံစားနေကြရပြီး နှစ်စဉ်လူပေါင်း ၂၀၀၀၀ ခန့် အသက်စတေးခံနေရသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်လူပေါင်း ရာနှင့်ချီ၍ ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းများကြောင့် အသက် ဆုံးရှုံးနေရသည်ကို သတင်းစာ၊ ဂျာနယ်များတွင် မကြာခဏကြုံတွေ့ နေရသည်။

စီးပွားရေးလုပ်ငန်းရှင်များများမှ ထုတ်လုပ်လိုက်သော အထက်ပါဓာတုဆေးများသည် ပက်ဖျန်း အသုံးပြုပြီးပါက အဏုဇီဝပိုးများ၊ ခရမ်းလွန်ရောင်ခြည်၊ အင်ဇိုင်းများနှင့် ရူပဇီဝဓာတ်ပြုမှုကြောင့် ဓာတ်ပြိုကွဲပြောင်းလဲမှုဖြစ်ပေါ်ပါသည်။ ဤမှတစ်ဆင့် ပတ်ဝန်းကျင်အစိတ်အပိုင်းများ တစ်ခုမှတစ်ခုကို ရွှေ့လျားသယ်ဆောင်သည့် ဖြစ်စဉ်များဖြစ်ပေါ်စေသည်။ သိပ္ပံပညာရှင် L.Eishbein ဆိုသူမှ ပြိုကွဲသွားသောဓာတ်များ တစ်နေရာမှ တစ်နေရာသို့ အစိတ်အပိုင်းတစ်ခုမှ တစ်ခုသို့ ရွှေ့လျားပြောင်းလဲသည့်လမ်းကြောင်း မြေပုံကို ရှင်းလင်းမြင်သာအောင် ရေးဆွဲပြသခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များမှ ထုတ်လုပ်လိုက်သော ဓာတုဆေးများတွင် (၁) ပတ်ဝန်းကျင်တွင် တည်မြဲမှုကြာရှည်သော ဓာတုဆေးများ (Persistent Organic Pollutent)၊ (၂) သဘာဝတိရစ္ဆာန်သားငါးအပေါ် အဆိပ်ပြင်းထန်သော ဓာတုဆေးများ (WildLifeToxicty)၊ (၃) အိုဇုန်းလွှာကိုပျက်စီးစေသော ဓာတုဆေးများ (Ozone Depleting Substance=ODS) တို့ဖြစ်ကြသည်။

ပတ်ဝန်းကျင်တွင် တည်မြဲမှုကြာရှည်ခံသော ဆေးများမှာ ပတ်ဝန်းကျင်တွင် ကြာရှည်တည်မြဲနေနိုင်ခြင်း၊ ပတ်ဝန်းကျင်အတွင်း အစိတ်အပိုင်းတစ်ခုမှတစ်ခုသို့ မိုင်ပေါင်းများစွာ ရွှေ့လျားနိုင်ခြင်း၊ သက်ရှိများစွာတို့အတွက် အသက်ရှူရာ၊ စားသောက်ရာ၊ ထိတွေ့ ကိုင်တွယ်ရာမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းဝင်လာပြီး အဆီတစ်သျှူးများတွင် စုဝေးနေတတ်ခြင်း၊ လူနှင့်တိရစ္ဆာန်များကို အဆိပ်သင့်စေမှု အမျိုးမျိုးဖြစ်ပေါ်စေပါသည်။ အဆိပ်သင့်ခံရပါက ကင်ဆာရောဂါ၊ ကိုယ်ဝန်ဆောင်မိခင် သန္ဓေသားထိခိုက်မှု၊ ပုံမှန်မမွေးဖွားမှု၊ ကိုယ်လက်အင်္ဂါမစုံလင်မှု၊ မျိုးပွားစွမ်းအင်ကျဆင်းမှု၊ ကိုယ်လက်အင်္ဂါ အကြောဆွဲမှု၊ ဦးနှောက်မမှန်ကန်မှု၊ ဉာဏ်ရည်မမီမှု၊ ကိုယ်ခံစွမ်းအား ကျဆင်းမှု၊ နောက်ဆုံးတွင် အသက်အန္တရာယ်ဆုံးရှုံးမှုထိပါ အနိဋ္ဌာရုံများ၊ ကြုံတွေ့လာရကြောင်း သုတေသနစာတမ်းများက ဖော်ညွှန်းထားပါသည်။ ပတ်ဝန်းကျင်တွင် တည်မြဲမှု တာရှည်ခံသော ပိုးသတ်ဆေးများကို တင်းကြပ်စွာထိန်းချုပ်ထားပါသည်။ ၎င်းတို့မှာ အော်ဒရင်း၊ ကလိုဒိန်း၊ ဒီဒီတီ၊ ဒီလ်ဒရင်း၊ အင်ဒရင်း၊ စကပ်ပ်တာလို၊ မိုင်းရက်စ်၊ တော့စ်ဖိန်း၊ အိပ်ချ်စီဘီ (HCB)၊ ပီစီဘီ (PCB)၊ ဒိုင်အောက်စင်ဖျူရန်တို့ ဖြစ်ပါသည်။

သဘာဝတိရစ္ဆာန်များအပေါ် အဆိပ်ပြင်းထန်သော ပိုးသတ်ဆေးများ(WLT)သည် ဓာတ်ပြိုကွဲမှုမြန်ဆန်သော်လည်း လူနှင့်တိရစ္ဆာန်တို့အပေါ် အဆိပ်ပြင်းထန်မှုရှိသည်။ အဆိုပါဆေးများကို သေချာစွာနားလည်အောင်လေ့လာပြီး ချင့်ချိန်သုံးစွဲရန် လိုပါသည်။ အဆိုပါ ဓာတုပိုးသတ်ဆေးများအနက် Acephali ဆေးသည် ပျားများအပေါ် အဆိပ်ပြင်းထန်မှုမြင့်မားသည်။ ehlarpyriphos ဆေးသည် ပျားများ၊ ငါးများ၊ ငှက်များ၊ လူသားများအပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။ Diaginon ဆေးသည် ငါးများ၊ ဖားများ၊ ငှက်များ၊ လူသားများအပေါ် အဆိပ်သင့်မှုမြင့်မားသည်။ Dimethoate ဆေးသည် ပျားများ၊ ငှက်များ၊ လူသားများအပေါ် အဆိပ်သင့်မှုမြင့်မားသည်။ Monorotophos ဆေးသည် လူသားများ၊ ငါးများ၊ ပျားများအပေါ်တွင် အဆိပ်သင့်မှု အလွန်မြင့်မားသည်။ Permethrin ဆေးသည် ငါးများ၊ ပျားများအပေါ်တွင် အဆိပ်သင့်မှု မြင့်မားသည်။

အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတုဆေးများမှာ အလွန်အန္တရာယ်ကြီးမားသည် အိုဇုန်းလွှာမှာ ကမ္ဘာ့မြေပြင်အထက် (၆-၃၀) မိုင်အမြင့်အတွင်းရှိ အောက်စီဂျင်သုံးလုံးဖြင့် ဖွဲ့စည်းထားသော ဓာတ်ငွေ့တစ်မျိုး၏အလွှာ (ကမ္ဘာကြီးအား ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးထားသော အမိုးသဖွယ်)ဖြစ်သည်။ ကလိုရင်း၊ ဖလူအိုင်ရင်း၊ ကာဗွန်၊ ဟိုက်ဒရိုဂျင်ဓာတ်ပေါင်းများသည် အိုဇုန်းလွှာကိုပျက်စီးစေသည့် အဓိကတရားခံ များဖြစ်ကြောင်း၊ ၁၉၇၀ ခုနှစ်အစောပိုင်းမှစ၍သာ လေ့လာသူများက စတင်သိရှိလာခြင်းဖြစ်သည်။ နောက်တစ်ဖန် မီသိုင်းဗရိုမိုက်သည်လည်း အိုဇုန်းလွှာ ပျက်စီးစေသည့် အဓိကတရားခံကြီးဖြစ်ကြောင်း ထပ်မံလေ့လာသိရှိလာကြသည်။ မီသိုင်းဗရိုမိုက်၏ အိုဇုန်းလွှာပျက်စီးစေမှုစွမ်းရည်ကို သုည ဒသမ ၇ မှ သုည ဒသမ ၆ သို့ ၁၉၉၂ ခုနှစ်က ဗီယင်နာမြို့တွင် သဘောတူညီနိုင်း သတ်မှတ်ခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မီသိုင်းဗရိုမိုက်သုံးစွဲမှုကို ၂၀၁၅ ခုနှစ်တွင် အပြီးသတ်အဆုံးသတ်ခဲ့ကြပြီးဖြစ်ပါသည်။ ယခုအခါသီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင်လည်း ပဲတီစိမ်းသီးနှံတွင် အဆိပ်ပြင်းပြီး ဓာတ်ကြွင်းပါဝင်မှုများစေသော eabosulfan ဆေးကိုလည်းကောင်း၊ စပါးဂုတ်ကျိုးရောဂါကာကွယ်သော Trieyelagoleဆေးကိုလည်းကောင်း ပြင်းထန်စွာ တားမြစ်ထားပြီးဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များ ထုတ်လုပ်ကြသော ဓာတုပိုးသတ်ဆေးများမှာ အုပ်စုလေးစုရှိသည်။ အော်ဂင်နိုကလိုရင်းအုပ်စု (ထိသေ၊ စားသေ၊ အစာအိမ်အဆိပ်သင့်စေ)၊ အော်ဂင်နိုဖော့စ်ဖိတ် အုပ်စု (ထိသေ၊ စားသေ၊ ဓာတ်ကြွင်းကျန်မှုတာရှည်ခံ)၊ ကာဘေမိတ်အုပ်စု(ထိသေ၊စားသေ၊ ဓာတ်ကြွင်းကျန်မှုတာရှည်ခံ)၊ ပိုင်ရီသရိုက် (ထိသေ၊ အစာအိမ်အဆိပ်သင့်၊ မျက်လုံးအရေပြားယားယံစေ)တို့ဖြစ်ကြသည်။ ဓာတုပိုးသတ်ဆေးများ၏ အင်းဆက်ပိုးမွှားအပေါ် တုံ့ပြန်မှုအရ ထိသေဆေး၊ စားသေဆေး၊ ပင်လုံးပြန့်ဆေးဟုလည်း ဈေးကွက်တွင် ခွဲခြားထားသည်ကို တွေ့ရသည်။

ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်သောသူများမှ ဓာတုပိုးသတ်ဆေးများကို သီးနှံများအပေါ် ပက်ဖျန်းပြီးသောအခါ ဓာတုဓာတ်ကြွင်းများသည် သီးနှံထွက်ကုန်များ၊ လူ့အစားအစာများ၊ တိရစ္ဆာန်အစားအစာများ၊ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု၊ ငါး၊ ပုစွန်၊ နို့စား နွားမ၏ နို့၊ လူသားတို့၏ ခန္ဓာကိုယ်တွင်းရှိ အဆီအစုအဝေးနေရာများတွင် စုဝေး၍တာရှည်စွာ ဖွဲ့စည်းနေနိုင်ကြသည်။ ဤသည်မှ အဆိပ်သင့်ခြင်းကို စတင်ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။

ဤသို့ ဓာတုဓာတ်ကြွင်းများ အဆိပ်သင့်မှုကို ကာကွယ်တားဆီး ကုစားရန်မှာ နှစ်ပိုင်းရှိပါသည်။ (၁) ရိက္ခာသီးနှံများစိုက်ပျိုးထုတ်လုပ်သူနှင့် ထပ်ဆင့်ဝယ်ယူ၍ ရောင်းဝယ်ဖောက်ကားများမှ လိုက်နာကျင့်သုံးရမည့်အပိုင်း၊ (၂) ရိက္ခာသီးနှံများကို ဝယ်ယူစားသုံးသူများမှ လိုက်နာကျင့်သုံးရမည့် အပိုင်းဖြစ်ပါသည်။

ရိက္ခာသီးနှံထုတ်လုပ်သူများသည် ဓာတုပိုးသတ်ဆေးများကို မလိုအပ်ဘဲ အသုံးမပြုရန် ဂရုမူရန် လိုပါသည်။ ဓာတုပိုးသတ်ဆေးများကို သတ်မှတ်ထားသော နှုန်းထားများထက် ပိုမသုံးမိစေရန် ရှောင်ရှားရန် လိုပါသည်။ ပြင်းထန်စွာတားမြစ်ထားသော ဓာတုပိုးသတ်ဆေးများနှင့် အရည်အသွေးမမီ(အဆင့်မမီ)သော ဓာတုပိုးသတ်ဆေးများကို လုံးဝအသုံးမပြုရန် သတိပြုရန်လိုပါသည်။ မိမိပက်ဖျန်းသောဆေးနှင့် ကျရောက်နေသော ပိုးမွှားရောဂါ လုံးဝမကိုက်ညီသော ဓာတုပိုးသတ်ဆေးများကို အသုံးမပြုမိရန် သတိထားရန်လိုပါသည်။ ဓာတုပိုးသတ်ဆေးများပက်ဖျန်းရာတွင် ကျွမ်းကျင်ပညာရှင်များက သတ်မှတ်ထားသောအကြိမ်ထက် ပိုမိုပက်ဖျန်းခြင်းမပြုမိရန် ဂရုမူရန် လိုပါသည်။ အသုံးပြုသော ဆေးဖျန်းပုံးနှင့်နော်ဇယ်များ ပုံစံမမှန်ပါက ပက်ဖျန်းအသုံးပြုခြင်းမပြုမိရန် အလေးမူရန် လိုအပ်သည်။ ဓာတုပိုးသတ်ဆေးများ ပက်ဖျန်းရာတွင် ကျွမ်းကျင်ပညာရှင်များက သတ်မှတ်ပေးထားသော နည်းစနစ်မှန်မှန်ကန်ကန်ဖြင့် ပက်ဖျန်းရန်သတိ ပြုရန်လိုပါသည်။

**စာမျက်နှာ - ၂၁ သို့**

စာမျက်နှာ - ၂၁ သို့



# သာပေါင်းတွင် သီဟိုဠ် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ သာပေါင်းမြို့နယ်တာဝန်ခံသည် ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် လေ့ကြီးတက်ကျေးရွာ မြို့နယ်သီဟိုဠ် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ အသင်းသား ၂၃ ဦး တက်ရောက်ခဲ့ပြီး မြို့နယ်တာဝန်ခံက ယခင်နှစ်သီဟိုဠ်အထွက်နှုန်းများအခြေအနေ၊ ယခုနှစ်သီဟိုဠ်အထွက်နှုန်း အခြေအနေများ၊ အသီးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ၊ အသင်းသား တိုးတက်မှုအခြေအနေများ၊ မြေယာလျှောက်ထားမှုအခြေအနေများ၊ သီဟိုဠ်အဝယ်ဒိုင်များနှင့် ဆက်လက် စိုက်ပျိုးတိုးချဲ့မည့်အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပြီး သီဟိုဠ်လုပ်ငန်းများလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအသင်းမှ ကြိုးစားဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်၊ နည်းပညာများ ပြောင်းလဲကျင့်သုံး၍ပြည်ပသို့ တင်ပို့နိုင်အောင် မိမိတို့ဌာနမှလည်း ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုတက်ရောက်လာသူများက စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ကျင့်သုံး၍ လုပ်ငန်းရှင်နှင့်စားသုံးသူများကြားအငြင်းပွားမှုမရှိစေရေးဆောင်ရွက်ရန် အသိပေးရှင်းလင်းပြောကြားဆွေးနွေးခဲ့ပြီး မွန်းတည့် ၁၂ နာရီတွင် ပြီးဆုံးကြောင်းသိရသည်။ **မျိုးသီဟ(ပုသိမ်)**

# ဝဥ စမ်းသပ်စိုက်ခင်းသို့ ကွင်းဆင်းလေ့လာ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းဦး၊ ကော့ကရိတ်မြို့နယ်တာဝန်ခံ ဦးသက်လွင်၊ ကြာအင်းဆိပ်ကြီး မြို့နယ်တာဝန်ခံ ဦးမောင်မောင်အေးနှင့် ပြည်နယ်ဦးစီးမှူးရုံးမှ အမှုထမ်း လေးဦးတို့သည် ကော့ကရိတ်ခရိုင် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးလှရွှေ၏ ဝဥ စမ်းသပ်စိုက်ခင်းသို့ ဒီဇင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းလေ့လာခဲ့ကြသည်။

ကွင်းဆင်းလေ့လာရာတွင် ဝဥ ပထမတန်းစားသည် အဝါ ရောင်းမျိုး၊ ဒုတိယတန်စားသည် အပန်းရောင်မျိုးနှင့် တတိယတန်းစားသည် အဖြူမျိုးများ ဖြစ်ကြောင်း ဦးလှရွှေ၏ ဝဥစိုက်ခင်းတွင် ပထမတန်းစား အဝါမျိုးများကိုသာ စိုက်ပျိုးထားရှိပြီး မြေဧရိယာ ၀ ဒသမ ၇၆ ဧကတွင် ယခင်နှစ်က ဝဥမျိုး ၁၀၀၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဝဥမျိုး ၇၀၀၀ ခန့်သာ စိုက်ပျိုး၍ ပင်ခြား အကွာအဝေးကို တိုးချဲ့ပြီး ယခုနှစ်၏ ဝါဥ တစ်နှစ်သားကို တစ်ပိဿာခွဲမှ သုံးပိဿာထိ ထွက်ရှိနိုင်သည်ဟုခန့်မှန်းထားကြောင်းသိရှိရသည်။

မြေ၏အချိုးအစားကို သဲ၊ နုန်းမြေ ငါးဆ၊ နွားချေး နှစ်ဆ၊ လွှစာမှုန့် တစ်ဆနှင့် မြေကြီးတစ်ကျင်းလျှင် ထုံးနှစ်အိတ်( မြေတစ်ကျင်းလျှင် အိတ် ၇၀ ထွက်)တို့ကို အချိုးကျပေါင်းစပ်၍ စိုက်ပျိုးထားကြောင်းနှင့် တစ်နှစ်၏ရင်နှီးငွေမှာ ငွေကျပ်သိန်း ၆၀ ကြားတွင်ရှိပြီး တစ်နှစ် အသားတင်အမြတ်ငွေမှာ ငွေကျပ်သိန်း ၃၀ ဝန်ကျင်းခန့်ရရှိကြောင်း သိရှိရသည်။ **နန်းခင်ဇာဖြူ(ကရင်)**

# မွန်ပြည်နယ်နှင့် ဝဥ

မွန်ပြည်နယ်အတွင်း ဝဥအခြောက်စက်ရုံ ခြောက်ရုံတွင် ဒေသအတွင်း စိုက်ပျိုးသည့်သဘာဝ ဝဥထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် ဝဥစက်ရုံများတွင် ဝဥကို ယခင်နှစ်ထက် ပိုမိုဝယ်ယူရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကုန်ကြမ်းပိဿာချိန် ၈၉၀၀၀၀ခန့် ဝယ်ယူရခဲ့သည်။

ယခုနှစ်တွင် ၁၀၃၀၀၀၀ ပိဿာချိန် ဝယ်ယူရရှိခဲ့ရာ ပိဿာချိန် ၁၀၄၀၀၀ ခန့် ပိုမိုတိုးတက်ဝယ်ယူ ရရှိခဲ့သော်လည်း ဈေးနှုန်းအနေဖြင့် ၂၀၁၉ခုနှစ် ရာသီအစတွင် အစိုတစ်ပိဿာ ကျပ် ၁၆၀၀ ဖြင့် ဈေးနှုန်းဝယ်ယူခဲ့ရပြီး ရာသီကုန်ချိန်နီးတွင် အစိုတစ်ပိဿာကျပ် ၂၂၀၀ ခန့်ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အဖွင့်ဈေး အစိုတစ်ပိဿာကျပ် ၁၄၅၀ မှစ၍ ရာသီပိတ်ချိန်တွင် အစိုတစ်ပိဿာကျပ် ၂၀၅၀ သာရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်ထက်အစိုတစ်ပိဿာဈေးနှုန်းကျပ် ၁၀၀ မှ ၁၅၀ ခန့် လျော့နည်းခဲ့ကြောင်း၊ ဈေးနှုန်းလျော့နည်းဝယ်ယူရခြင်းမှာ စက်ရုံများမှ ထုတ်လုပ်သော ဝဥခြောက်များအား ယခင်နှစ်တွင် ချင်းရွှေဟော်၊ ယခုနှစ်မူဆယ်နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် တင်ပို့ခဲ့သော်လည်း ၃၀-၁၀-၂၀၂၀ ရက်မှစ၍ တရုတ်နိုင်ငံမှ အဆိုပါ နယ်စပ်စခန်းများမှ တင်ပို့၊ တင်သွင်းခွင့်မပြုတော့၍ ဝဥခြောက်များအား လက်ရှိအနေအထားတွင် ထိုင်းနိုင်ငံမှတစ်ဆင့် လာအို(CO- Country Origin) အနေဖြင့် တင်ပို့ရ၍ တစ်ပိဿာလျှင် ၅၇၅ ကျပ်ခန့်ပိုမိုကုန်ကျနေပြီး လုပ်ငန်း လည်ပတ်ငွေ ပြန်လည်ဝယ်ရန်အတွက် ရောင်းချနေခြင်းဖြစ်ပြီး အကျိုးအမြတ်နည်း၍ ကုန်ကြမ်းဝယ်ယူမှုတွင် ဈေးလျော့ဝယ်ယူရသည့် အခြေအနေရှိနေခဲ့ကြောင်းနှင့် စက်ရုံအနေဖြင့် ယခုလက်ရှိ မွန်ပြည်နယ်၏ ဝဥရာသီသည် ဒီဇင်ဘာလတွင် ကုန်ဆုံးကြောင်း မွန်ပြည်နယ်ရှိ ရွှေဝါမြေဝဥခြောက်စက်ရုံ၏ လုပ်ငန်းရှင်နှင့် တွေ့ဆုံမေးမြန်းမှုများအရ သိရသည်။ **ခင်ကြည်(မွန်ပြည်နယ်)**

စာမျက်နှာ (၂၀) လူသားတို့၏ အစားအစာများ. . . မှအဆက်

ပက်ဖျန်းအသုံးပြုပြီးပါက ဆေးဘူးကျန်၊ ဆေးကျန်၊ ဆေးပုံးဆေးကျောရေများကို ကျင်းနက်တူး၍ စနစ်တကျစွန့်ပစ်ရန် အထူးလေးထားရန်လိုအပ်ပါသည်။ နောက်ဆုံးအရေးကြီးဆုံးအချက်မှာ သီးနှံများရိတ်သိမ်းဆွတ်ခူးချိန် အလွန်နီးကပ်မှ ဆေးဖျန်းခြင်း၊ ဆေးဖျန်းပြီးပါကဖျန်းပြီးသောဓာတုပိုးသတ်ဆေး၏ ဆေးအာနိသင် ပျက်ပြယ်သောကာလ မစောင့်ဆိုင်းဘဲ သီးနှံများရိတ်သိမ်းဆွတ်ခူးခြင်းများကို မပြုလုပ်မိစေရန်အထူးအလေးအနက်ထား ရှောင်ကြဉ်ရန် လိုပါသည်။ ဤလုပ်ငန်းစဉ်သည် အလွန်အရေးကြီးပါသည်။ ဤသို့မဆောင်ရွက်ကြသဖြင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးများ၏ ဓာတ်ကြွင်းများကျန်ရှိနေပြီး စားသုံးသူများ မူးဝေ၊ အော့အန်၊ ဆေးရုံရောက်၊ အသက်ပါဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များ မရေမတွက်နိုင်အောင် ခံစားကြရခြင်းဖြစ်သည်။

အသုံးပြုသော ဓာတုပိုးသတ်ဆေးများ၏ အာနိသင်ပျက်ပြယ်ကာလများမှာ ပင်လုံးပြန့်ဆေးများအတွက် (၁၄-၃၀) ရက်စောင့်ဆိုင်းရန်၊ စားသေဆေးများမှာ (၁၄-၃၀) ရက်စောင့်ဆိုင်းရန်၊ ထိသေဆေးများမှာ (၇-၂၁) ရက်စောင့်ဆိုင်းရန် အစာအိမ်အဆိပ်သင့်ဆေးများမှာ (၂၅-၃၀) ရက်ထိ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်းဆွတ်ခူးရန်ဖြစ်ပါသည်။ သို့လျောင်လျှင်လည်း တားမြစ်အဆိပ်ပြင်းဆေးများ အသုံးမပြုမိရန် သတိပြုရမည်။

ရိက္ခာသီးနှံများထုတ်လုပ်သူများသည် ပိုးသတ်ဆေးများ၏ အင်းဆက်ပိုးမွှားများအပေါ် တုံ့ပြန်မှုသဘောတရားများ၊ ဓာတုပိုးသတ်ဆေးများ၏ အာနိသင်များကို သေချာစွာနားလည်သဘောပေါက်အောင်လေ့လာပြီးမှသာ အသုံးပြုသင့်သည်။ ရိက္ခာသီးနှံများတွင် ပဲမျိုးစုံ၊ နှံစားသီးနှံ၊ ဆီထွက်သီးနှံများအတွက်မူ အထက်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ နေ့စဉ်စားသုံးနေကြသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံ၊ ငရုတ်၊ ကြက်သွန်နီ/ဖြူ၊ ခရမ်းချဉ်၊ အာလူးနှင့်အမြစ်စား၊ ဥစား၊ အပွင့်စား၊ အရွက်စားစသည့် အပင်အစိတ်အပိုင်းများအလိုက် ဓာတုပိုးသတ်ဆေးကို ရွေးချယ်အသုံးပြုသင့်ပါသည်။ အထူးသဖြင့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံများကို ပင်လုံးပြန့်သွားသဖြင့် ပင်လုံးပြန့်ဆေးများကို ချိန်ဆသုံးရန်လိုအပ်ပါသည်။ ထို့အတူ ဓာတုဓာတ်ကြွင်းတာရှည်ခံသော ဓာတုပိုးသတ်ဆေးများကို လုံးဝအသုံးမပြုရန် လိုက်နာသင့်ပါသည်။ စားသေဓာတုပိုးသတ်ဆေးများသည် ပက်ဖျန်းလိုက်သောအခါ အပင်၏ အရွက်၊ အပွင့်၊ သီးကင်းတို့တွင် ကပ်နေပြီး အင်းဆက်ပိုးမွှားများက အပင်အစိတ်အပိုင်းကို စားမိသောအခါ သေကြေကြခြင်းဖြစ်သည်။ ဤဆေးများကို ဆေး၏အာနိသင်ပျက်ပြယ်ကာလအထိ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်းဆွတ်ခူးသင့်ပါသည်။

ထိသေဓာတုပိုးသတ်ဆေးများသည် အင်းဆက်ပိုးမွှားများအား တိုက်ရိုက်ထိပြီးသေစေသော အာနိသင်ရှိပါသည်။ " ထိ၊ ပြုတ်ကျအာနိသင်" (Konock Down Effect) ရှိသည်။ ပက်ဖျန်းလိုက်သောအခါ အင်းဆက်ပိုးမွှားကို တိုက်ရိုက်ထိအောင် ဖျန်းရန်လိုပါသည်။ အင်းဆက်ပိုးမွှားများ ထိသေစေသလို အပင်အစိတ်အပိုင်းများပေါ်တွင်လည်း ထိုက်သင့်သလောက် ကပ်ကျန်နေပါသည်။ အပွင့်၊ အရွက်ကျစ်လျစ်သောပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်) များကို ပက်ဖျန်းမိပါက ဓာတုဆေးများ၏ ဓာတ်ကြွင်းများသည် ကျစ်လျစ်သိပ်သည်းသော အပွင့်ကြား၊ အရွက်များကြားတွင် နေရောင်မထိ၊ လေမထိဘဲ စုစည်းခိုအောင်းနေနိုင်သဖြင့် စိုက်ခင်းပိုင်ရှင်များက ဆေး၏အာနိသင် ပျက်ပြယ်သောကာလကျော်လွန်မှ ဆွတ်ခူးရန် အထူးသတိပြုမည့်အချက်ဖြစ်သည်။

သစ်သီးဝလံ၊ ရိက္ခာသီးနှံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများကို ထပ်ဆင့်ဝယ်ယူ၍ လက်လီရောင်းချသူများသည် စားသုံးသူများနှင့် အနီးကပ်ဆုံး၊ နိစ္စဓူဝ ဆက်ဆံနေကြသူများဖြစ်သည်။ ထပ်ဆင့် ဝယ်ယူရောင်းချသူများသည် မိမိ၏သီးနှံ၊ အသီး၊ အရွက် (ဘူးညွှန့်၊ ဖရုံညွှန့်၊ ကန်စွန်း၊ ချဉ်ပေါင်၊ မုန်ညင်း၊ ကိုက်လန်၊ ကြက်သွန်မြိတ်၊ နံနံအမျိုးမျိုး၊ ပူတီနံ)များ ကြီးထွားစိမ်းစိုလန်းဆန်းနေပြီး ဝယ်ယူသူစွဲမက်စေရန် နံနက်စောစော ဈေးခုံပေးတင်ခါနီးမှ အားဆေးများရေဖျော်၍ လက်ဖြင့် ရေတောက်ခြင်း၊ ယူရီးယားမြေဩဇာကို ရေဖျော်၍ဖျန်းခြင်း၊ အပင်ဟော်မုန်းဆေးများ ရေဖျော်၍လက်ဖြင့်တောက်ခြင်းများပြုလုပ်၍ တစာစာအော်၍ ရောင်းချကြသည်။ အလွန်အန္တရာယ်ကြီးမားသောဖြစ်စဉ်ဖြစ်သည်။ အိမ်ရှင်မများသည် အဆိပ်များဖြင့် ပြည့်ဝနေသော စိမ်းစိုလန်းဆန်း ကြီးထွားဖွံ့ဖြိုးသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ စားဖိုဆောင်သီးနှံများကို ရင်ဝယ်ပိုက်၍ နေ့စဉ်ဈေးဝယ်နေကြရသည်။ ဓာတုအဆိပ်ပါသော ရိက္ခာများကို နေ့စဉ်မြိန်ယှက်စွာ စားသုံးရင်းကျေနပ်နေကြရသည်။ အဆိပ်များကို မျိုချနေကြရသည်ကို မသိရှိကြပါ။ အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။ သို့အတွက် လူသားတို့၏ အစားအစာများ ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းများကင်းဝေးကြစေရန် လက်ကားရောင်းဝယ်သူများအပိုင်းမှလည်း မိမိတစ်ကိုယ်အဖို့သာမကြည့်ဘဲ သတိတရားဖြင့် အဓိကထားရှောင်ကြဉ်ကြရန်လိုအပ်ပါသည်။

တစ်ဖန်ရိက္ခာအတွက် စားသုံးသူအိမ်ရှင်မများသည် ဈေးမှ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ စားဖိုဆောင်သီးနှံများ၊ဥစား၊ အမြစ်စားများကို နေ့စဉ်ဝယ်ယူနေကြရဦးမည်မှာ မလွဲမသွေပင် ဖြစ်ပါသည်။ ရှောင်လွှဲ၍ မရနိုင်ပါ။ ဝယ်ယူလာသော ရိက္ခာသီးနှံများ ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းများ လျော့ပါးကင်းဝေးစေရန် နည်းလမ်းများ မျှဝေပါမည်။ အရွက်စား(ဘူးညွှန့်၊ ဖရုံညွှန့်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ကိုက်လန်၊ ကြက်သွန်မြိတ်၊ နံနံအမျိုးမျိုး) စသည်တို့ကို အိမ်ရောက်လျှင် ရေသန့်သန့်ဖြင့် ဝအောင်ဆေးပါ။ နောက် ရေသန့်သန့်တွင် ဆားအနည်းငယ်ထည့်၍ ၁-၂နာရီခန့်စိမ်ထားပါ။ ပြန်ဆယ်ယူ၍ ရေသန့်သန့်ဖြင့် ဝအောင်ဆေးပြီးမှ ချက်ပြုတ်စားပါလို့ အကြံပြုပါသည်။

ပန်းမုန်လာ၊ မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်ကဲ့သို့အပွင့် အရွက်ကျစ်လျစ်သော ဟင်းသီးဟင်းရွက်များကို အပွင့်၊ အဖတ်၊ အရွက်များကိုခွာ၍ ရေသန့်သန့်ဖြင့် ဝအောင်ဆေးပါ။ ဆား အနည်းငယ်ထည့်ထားသော ဆားရည်တွင် ၁-၂ နာရီခန့် စိမ်ထားပါ။ ပြန်ဆယ်ယူပြီး ရေသန့်သန့်ဖြင့် ဝအောင်ဆေးပြီးမှ ချက်ပြုတ်စားသုံးပါ။ အသီး၊ အဥ၊ အမြစ်စားသီးနှံများ (အာလူး၊ ကြက်သွန်၊ မုန်လာဥ၊ ဂျုံးမြစ်၊ ကန်စွန်းဥ၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ပန်းသီး၊ သစ်တော်သီး) စသည်တို့ကို ကနဦးရေသန့်သန့်ဖြင့် ပွတ်တိုက်ဆေးပါ။ ဆပ်ပြာရည် အနည်းငယ်ထည့်၍ ဖျော်ပြီး ဆပ်ပြာရည်နှင့်ပွတ်တိုက်ဆေးကြောပါ။ ပြီးလျှင်ရေသန့်သန့်ဖြင့် သေချာပွတ်ဆေးပြီးမှ စားသုံးပါလို့ အကြံပြုပါသည်။ သို့ပါ၍ လူသားများအားလုံး ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းအဆိပ်သင့်မှုမှ လွတ်မြောက်ကြစေရန် မေတ္တာဖြင့် တင်ပြလိုက်ရပါသည်။

# ကုန်စည်ပြပွဲနှင့် ကျောက်မျက်အသင်း (MGJEA)

ညီညီအောင်

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ကုန်စည်ပြပွဲများ သွားရောက်ပြသရာတွင် ပြသသည့် ကုန်ပစ္စည်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များက ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ ထုတ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် သွားရောက်ခင်းကျင်းပြသူများက နိုင်ငံတော်၏မူဝါဒများကို သိရှိနားလည်နိုင်ရန်ဖြစ်သည်။ ပရိဘောဂများ တင်ပို့ခင်းကျင်းပြသသည့်အခါ သစ်တောဦးစီးဌာနမှ ကုန်စည်ပြပွဲနှင့်ပတ်သက်သော စည်းကမ်းချက်များချမှတ်ထားမည်။ သို့သော် သတ်မှတ်ချက်များမှာ နည်းကောင်းနည်းမည်။ များကောင်းများချင် များပေလိမ့်မည်။ သွားရောက်ခင်းကျင်းပြသသည့် အမယ်များအနက် ကျောက်မျက်ရတနာက အများဆုံးဖြစ်သည်။ လူကိုယ်တိုင်ယူဆောင်သွားခွင့်ရှိခြင်း၊ အရွယ်အစား၊ အလေးချိန်နည်းခြင်း၊ တန်ဖိုးမြင့်မားခြင်း၊ ပြပွဲ၌ ရောင်းရလျှင်လည်း သွားလာစရိတ်၊ နေထိုင်ကုန်ကျစရိတ်တို့ကို ကာမိသည့်အတွက် ပြည်ပကုန်စည်ပြပွဲများတွင် သွားရောက်ပြသည့် Exhibitor အများစုမှာ ရတနာကုန်သည်များဖြစ်ကြသည်။ သို့အတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်းသည် မိမိ၏အသင်းသား ရတနာကုန်သည်များအတွက် အမှားအယွင်းနည်းပါးအောင် နိုင်ငံတော်၏ဂုဏ်သိက္ခာ မထိခိုက်ရအောင်စည်းကမ်းချက်များစွာ ထုတ်ပြန်ပေးထားရသည်။

မြန်မာနိုင်ငံမှ ကုန်စည်ပြပွဲများ သွားရောက်ခင်းကျင်းပြသရာတွင် အမယ်ပေါင်းများစွာ သွားရောက်ခင်းကျင်းပြသကြသည်။ တချို့သောအမယ်များ (ဥပမာ - ကော်ဖီမစ်၊ လက်ဘက်ခြောက်)တို့မှာ Hand Carry ဖြင့် သယ်ဆောင်သွားကြသလို သစ်သီးဝလံ၊ပရိဘောဂနှင့် ပန်းပုရုပ်များမှာ အရွယ်အစားကြီးမားပြီး အလေးချိန်(Weight) လည်းရှိသည်။ ပြပွဲအပြန်တွင် မရောင်းချရပါက ပြန်လည် သယ်ဆောင်ရန် ခက်ခဲလှသည်။ သယ်ဆောင်ခမှာလည်း မသေးလှပေ။ သို့အတွက် သေးသေးကျစ်ကျစ်နှင့်တန်ဖိုးလည်းကြီးသော ကျောက်မျက်လက်ဝတ်ရတနာများကိုသာ သယ်ဆောင်ခင်းကျင်းလာကြတော့သည်။ သို့အတွက် ထုထည်သေးငယ်ပြီး စရိတ်စကကိုလည်း ကာမိသဖြင့် နောက်ပိုင်းကုန်စည်ပြပွဲများ သွားရောက်ခင်းကျင်းပြသရာတွင် ကျောက်မျက်လက်ဝတ်ရတနာများပြသကြသည် ဆိုင်အရေအတွက် များလာကြခြင်းဖြစ်သည်။ သို့အတွက် ကုန်စည်ပြပွဲနှင့်ပတ်သက်သော စည်းကမ်းချက်များအနက် ကျောက်မျက်ရတနာပြပွဲများနှင့်ထုတ်ပြန်သည်က များသည်ကို တွေ့ရသည်။

## ပြပွဲပြသရန်အတွက် လိုအပ်ချက်များ

ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသမည့် ကျောက်မျက်ရတနာ ကုန်သည်များသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များ ဦးစွာပြည့်စုံအောင် လျှောက်ထားရယူပြီး ကုန်စည်ပြပွဲသွားရန်ရှိသည့်အခါ ပြည်ပကုန်စည်ပြပွဲသွားရောက်ခွင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရပါမည်။ (၁) နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်လိုင်စင်(Money Changer Holder Licence)(သက်တမ်းရှိ)၊ (၂) ကျောက်/မျက်လုပ်ငန်းလိုင်စင်(သက်တမ်းရှိ)၊ (၃)ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (သက်တမ်းရှိ)၊ (၄)ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်လက်မှတ်(သက်တမ်းရှိ)၊ (၅) ငွေလက်ခံဘောက်ချာစာအုပ်(CASHMEMO) (သက်တမ်း ရှိ)၊ (၆) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ဘဏ်စာအုပ်)၊ (၇)မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်လက်မှတ်မိတ္တူ၊ (၈) ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အသင်းဝင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ လိုအပ်သည်။

## နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင် (Foreign Exchange Accepter and Holder Licence)

နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင် (Foreign Exchange Accepter and Holder Licence) မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကထုတ်ပေးပြီး အမေရိကန်ဒေါ်လာအပါအဝင် အခြားသော နိုင်ငံခြားငွေအမျိုးမျိုးကို တရားဝင်ကိုင်ဆောင်ခွင့်ရှိသည့်လိုင်စင်ဖြစ်သည်။ သို့မှသာ ပြည်ပကုန်စည်ပြပွဲများတွင် သွားရောက်ခင်းကျင်းပြသ၍သော်လည်းကောင်း၊ပြည်တွင်းတွင် ရောင်းချ၍သော်လည်းကောင်း၊ ရရှိလာသော နိုင်ငံခြားငွေများကို လက်ဝယ်တရားဝင်ကိုင်ဆောင်ရောင်းချခွင့်ရှိပေသည်။ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်လိုင်စင်ကို ကုမ္ပဏီအမည်၊ လုပ်ငန်းအမည် ထမ်းဆောင်ပြီးခဲ့သော အခွန်များကိုပူးတွဲတင်ပြ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင်လျှောက်ထားရယူရပါသည်။

## လုပ်ငန်းလိုင်စင် (Business Licence)

လုပ်ငန်းလိုင်စင်ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးထားသော "ကျောက်မျက်ရတနာ အချောထည်နှင့်လက်ဝတ်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်"ကို ခေါ်ခြင်းဖြစ်သည်။ လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ရတနာပစ္စည်းရောင်းချမည့်ဆိုင်ခန်းကို ဦးစွာငှားရမ်း ဖွင့်လှစ်ရပေမည်။ ထို့နောက် ထုတ်ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီတည်ထောင်ရပေမည်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် သို့မဟုတ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင် ရောင်းရသော နိုင်ငံခြားငွေများ ထည့်သွင်းထားရန်အတွက် စာရင်းဖွင့်လှစ်ထားရပေမည်။

> **ပြည်ပကုန်စည်ပြပွဲသို့ သွားရောက်မည့် ကိုယ်စားလှယ်အမည် စာရင်းတင်သွင်းရာ၌ မိမိ အရောင်းအဝယ်လုပ်ငန်းတွင်၊ အထောက်အကူဖြစ်စေမည့်သူများအပါအဝင် စုစုပေါင်း သုံးဦးထိ လျှောက်ထားနိုင်သည်။**

ပြီးလျှင် မြန်မာနိုင်ငံကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင်ထားသော အသင်းဝင်လက်မှတ်ရှိရပါမည်။ နိုင်ငံခြားငွေဖြင့် ရောင်းချလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့်ဆက်သွယ်၍ လုပ်ငန်းလိုင်စင်ရရှိရေးပုံစံ (မကလ၁၂)ကို ဖြည့်စွက်၊ ဓာတ်ပုံနှစ်ပုံကပ်ကာ လုပ်ငန်းလိုင်စင်လျှောက်ထားရပါသည်။ လိုင်စင်ရရှိသူသည် မိမိဆိုင်မှရောင်းချသော ရတနာများကို ပစ္စည်းအစစ်အမှန်ဖြစ်ကြောင်းနှင့် ကာလပေါက်ဈေးအမှန်ဖြစ်ကြောင်း မိမိတို့အစီအစဉ်ဖြင့် တာဝန်ယူ၊ တာဝန်ခံရပေမည်။ နိုင်ငံခြားငွေဖြင့် ရောင်းချရပါက လကုန်ပြီးလဆန်း ၁၀ ရက်အတွင်း မြို့နယ်အခွန်ရုံးသို့သွား၍ အခွန်ကြေညာလွှာ(Tax Return) တစ်စောင်တင်ရသည်။ လိုင်စင်ရရှိထားသူသည်တစ်ဆင့် ငှားရမ်းခြင်း လွှဲပြောင်းကိုင်ဆောင်ခြင်းမပြုရပေ။ လုပ်ငန်းဖျက်သိမ်းလိုလျှင် လုပ်ငန်း မဖျက်သိမ်းမီ တစ်လကြိုတင်၍ အကြောင်းကြားရပေမည်၊ လိုင်စင်သက်တမ်းတိုးလိုလျှင် သုံးလကြိုတင်၍ သက်တမ်းတိုးလျှောက်ထားရမည်ဖြစ်သည်။

## ငွေလက်ငင်းပြေစာ စာအုပ်(Cash Memo)

ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင်သည် လုပ်ငန်းလိုင်စင်(ဝါ) ဆိုင်လိုင်စင်လျှောက်၍ မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ခွင့်ပြုလိုင်စင်ရပြီးသည့်အခါမှ၊ နိုင်ငံခြားငွေဖြင့် ရောင်းဝယ်လိုပါသဖြင့် နိုင်ငံခြားငွေ အရောင်းဘောက်ချာစာအုပ်(CASH MEMO)ထုတ်ယူခွင့်ပြုပါရန်အတွက် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရပါသည်။ CASH MEMOအရောင်းဘောက်ချာစာအုပ်သည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသည့် စာအုပ်ဖြစ်သည်။CASH MEMOပြေစာ စာအုပ်တွင်လည်း မကလ (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)မှ (၁) ဤပြေစာသည် ထုတ်ကုန် ပါမစ်ကဲ့သို့ အသက်ဝင်ရမည်။ ဤပြေစာစာရွက်ထုတ်ပေးခြင်း၏ ရည်ရွယ်မှာ ဧည့်သည်များ ထွက်ခွာရာလေဆိပ်(သို့)ဆိပ်ကမ်းတို့၌ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ရန်ဖြစ်သည်။ တစ်ကြိမ်ရောင်းပြီး ကုန်ပစ္စည်းနှင့် တစ်ကြိမ်ထုတ်ပေးပြီးသော ကုန်ပစ္စည်းများအား ပြန်လည်လဲလှယ်ခြင်းနှင့် ပြန်လည်တင်ပို့ခြင်းတို့ကို လက်မခံပါ စသော စည်းကမ်းသတ်မှတ်ချက်များကို ရတနာဝယ်ယူသူများ သိရှိနားလည်ရန် အင်္ဂလိပ်ဘာသာဖြင့် ပြေစာပေါ်တွင် ရေးသားဖော်ပြထားသည်။

ငွေလက်ငင်းပြေစာ(Cash Memo)စာအုပ်သည် ထုတ်ကုန်ပါမစ်ကဲ့သို့ အသုံးဝင်သဖြင့် ကိုင်တွယ်ရသည်မှာလည်း အထူးသတိထားရသည်။ အရောင်းပြေစာဖြတ်ရာတွင် ရောင်းချသည့်ရက်စွဲ၊ ရတနာအရောင်းဆိုင်အမှတ်၊ ရတနာဆိုင်အမည်တို့ကိုတိတိကျကျဖော်ပြရသည်။ နိုင်ငံခြားကုန်စည်ပြပွဲများတွင် ရောင်းချရပါက ဝယ်ယူသူအမည်၊ပတ်စ်ပို့နံပါတ်၊နေရပ်လိပ်စာ၊ ဖြစ်နိုင်လျှင်လေယာဉ်ကွင်း၌ရောင်းချလျှင် Boarding Pass မိတ္တူ၊ ငွေစက္ကူအမျိုးအစားစာရင်း(Denomination List )ကိုပါ လက်ခံရယူထားရပေမည်။ ရောင်းချသည့် အမယ်အမည်၊ အလေးချိန်(ဂရမ်)၊အရေအတွက်၊ ဈေးနှုန်း၊ ကျသင့်ငွေတို့ကို ရေးသွင်းပေးရမည်။ပြေစာဖြတ်ရာ၌နှစ်ဖက်ထင်သည့် ကာဗွန်ခံ၍လေးစောင် ရေးသွင်းရပါသည်။ မူရင်းပြေစာ(Original)ကို ကုန်ဝယ်သူသို့လည်းကောင်း ပထမမိတ္တူပြေစာ(Customs Copy)ကို မူရင်းပြေစာနှင့်တွဲ၍ ဝယ်ယူသူသို့လည်းကောင်း ပေးရပါမည်။ သို့မှသာ ၎င်းကုန်ဝယ်သူ ပြန်ထွက်ရာရေဆိပ်၊လေဆိပ်ရှိ အကောက်ခွန်ရုံးသို့ပြရန်ဖြစ်သည်။ ပြေစာတွင် ဖျက်ရာပြင်ရာများပါရှိပါက အကောက်ခွန်က လက်ခံမည်မဟုတ်ပါ။ ဒုတိယမိတ္တူပြေစာကို ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့လည်းကောင်း၊ တတိယမိတ္တူပြေစာကို ကုန်ရောင်းသူရတနာဆိုင်အတွက် လက်ခံအဖြစ်လည်းကောင်း ဖြတ်ရပေသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ဖြတ်ပြီးသောပြေစာကို ပြန်လည်ပယ်ဖျက်လိုပါက ငွေရပြေစာ စာအုပ်(Cash Memo)တွင် ပြန်လည်ပူးတွဲထားရှိပြီး ပြေစာအသစ်တစ်စောင်ဖြတ်ရပေမည်။ ငွေလက်ငင်းပြေစာပေါ်တွင် မြန်မာကျပ်ငွေဖြင့် ရောင်းချရပါက နိုင်ငံခြားသို့ သယ်ယူခွင့်မရှိပေ။ နိုင်ငံခြားငွေဖြင့် ရောင်းချရမှသာ ပြည်ပသို့ ပထမမူရင်း(Customs Copy)နှင့်အတူ သယ်ဆောင်ခွင့်ရှိသည်။

## ပြပွဲစည်းကမ်းချက်များ

ရှေးဦးစွာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက သတ်မှတ်ထားသော ပြည်ပကုန်စည်ပြပွဲများသို့သွားရောက်ခွင့်လျှောက်လွှာပုံစံတွင် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်၍ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသို့ လိပ်မူ လျှောက်ထားရမည်။လျှောက်ထားသောလျှောက်လွှာများအား မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စိစစ်ရေးအဖွဲ့မှ ကနဦးစိစစ်ပြီးသတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြပွဲသို့သွားရောက်ပြသရာတွင် မိမိသယ်ဆောင်မည့်ပစ္စည်းစာရင်း(Packing List)ထက် ပိုမိုသယ်ဆောင်ခြင်းမပြုရ။ ရတနာပစ္စည်းများနှင့်ငွေကြေးများကို သက်ဆိုင်ရာနိုင်ငံအတွင်းသို့ဝင်ရောက်ရာတွင်လည်းကောင်း၊ပြန်လည်ထွက်ခွာရာ၌လည်းကောင်း၊ တရားဝင်ကြေညာ(Declare)ရမည်ဖြစ်ကြောင်း၊ပြည်ပရတနာပြပွဲမှ ပြန်ရောက်ပါက ရောင်းရငွေများအပေါ် တရားဝင်ကြေညာကာ နိုင်ငံတော်သို့ပေးသွင်းရန်ရှိသော အခွန်အခများ(ဝါ)ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း၊ ရတနာခွန် ၅ ရာခိုင်နှုန်း၊ Service Tax ၁ ရာခိုင်နှုန်းတို့နှင့် အခြားသောနိုင်ငံတော်က ကောက်ခံသော အခွန်များကို ပေးသွင်းရပါမည်။ ရတနာပစ္စည်းများနှင့်ပတ်သက်၍ ကုန်စည်ပြပွဲကျင်းပရာနိုင်ငံတော်က သတ်မှတ်ထားသော နှုန်းထားများအတိုင်း၊ အခွန်အခများကိုကျေပွန်စွာ ပေးဆောင်ရပါမည်။ မြန်မာနိုင်ငံတွင် ထုတ်ကုန်ကြေညာ(Declare) မတင်သွင်းဘဲ သွားရောက်ခင်းကျင်းပြသပါက သက်ဆိုင်ရာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာလည်းကောင်း၊ ပြန်လည်ထွက်ခွာရာတွင်လည်းကောင်း စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးအရေးယူခံရနိုင်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာပစ္စည်းများအတွက် Free Trade Trade Agreement မရှိသေးပါသဖြင့် အပြီးအပိုင် သိမ်းဆည်းခြင်းခံရပါမည်။ ကျောက်မျက်/ကျောက်စိမ်းအရိုင်း/အလွတ်ဆေးဆိုးကျောက်များကိုရောင်းချခွင့်မပြုရန်။ ရရှိထားသော ပြခန်း (Booths) များကို တစ်ဝက်၊ တစ်စိတ်တစ်ပိုင်း၊ တစ်ခုလုံးကိုပြန် လည်ငှားရမ်းခြင်း၊ ရောင်းချခြင်းမပြုရပါ။

စာမျက်နှာ - ၂၃ သို့

# မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ တတိယအကြိမ် ကျင်းပပြုလုပ်မည်

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်စေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်နိုင်ငံ လင်ချန်းမြို့ ပြည်သူ့အစိုးရတို့မှ ကြီးမှူး၍ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ပထမအကြိမ်၊ နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲကြီးကို လားရှိုးမြို့တွင်ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နှင့် လင်ချန်းမြို့ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာယန်ဟောက်သုံး ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး မြန်မာကုမ္ပဏီ ၄၀ မှ ပြခန်းပေါင်း ၅၈ ခန်း၊ လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်များ၊ ပရိဘောဂများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံဘက်နှင့် တရုတ်နိုင်ငံဘက်တို့မှ ကုမ္ပဏီများ၏ ကုန်စည်ပြခန်း စုစုပေါင်း ၁၃၈ ခန်းဖြင့် ပါဝင်ပြသနိုင်ခဲ့သည်။

မြန်မာ(လားရှိုး) - တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲကြီးကို လားရှိုးမြို့နှင့် လင်ချန်းမြို့တို့တွင် နှစ်စဉ်အလှည့်ကျ ကျင်းပနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် လင်ချန်းမြို့ ပြည်သူ့အစိုးရတို့ အကြား နားလည်မှုစာချွန်လွှာ (LOI)အား Virtual Signing Ceremony ဖြင့် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ဒုတိယအကြိမ် တရုတ်(လင်ချန်း)-မြန်မာ(လားရှိုး) နယ်စပ် စီးပွားရေးနှင့်ကုန်စည်ပြပွဲကို လင်ချန်းမြို့ ပြည်သူ့အစိုးရက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် လင်ချန်းမြို့၌ ကျင်းပရန်လျာထားသော်လည်း COVID-19 ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ကုန်စည်ပြပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။

ယခု ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲကို နိုဝင်ဘာလတွင် မြန်မာနိုင်ငံ(လားရှိုး)မြို့၌ ကျင်းပပြုလုပ်သွားရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် လင်ချန်းမြို့ ပြည်သူ့အစိုးရတို့က သဘောတူထားပြီး COVID-19 ကပ်ရောဂါ ထိန်းချုပ်နိုင်မှုအခြေအနေပေါ် မူတည်၍ ကုန်စည်ပြပွဲကျင်းပမည့် အစီအစဉ်များကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

MITC News

---

**စာမျက်နှာ (၂၂) ကုန်စည်ပြပွဲနှင့်. . . မှအဆက်**

ကိုယ်စားလှယ်များသည်နိုင်ငံတော်က သတ်မှတ်ခွင့်ပြုထားသော ကုန်ပစ္စည်းများကိုသာ ရောင်းချခွင့်ရှိပါသည်။ ပြပွဲသို့သွားရောက်ရောင်းချသောကျောက်မျက်ရတနာများသည်မြန်မာနိုင်ငံမှ ထွက်ရှိသောတွင်းထွက်ရတနာများဖြင့် စီချယ်ပြုလုပ်သော (Set Jewellery) များဖြစ်ရပါမည်။ ၎င်းတွင်းထွက်ရတနာများ၏ ပင်ရင်းဒေသ ( Country of Origin) မှာ မြန်မာနိုင်ငံဖြစ်ရပါမည်။ ကျောက်မျက်ရတနာအတုများနှင့် အခြားနိုင်ငံထွက် ကျောက်သက်သက်ဖြင့် ပြုလုပ်သော လက်ဝတ်ရတနာများအားလုံး သယ်ဆောင်ခင်းကျင်းပြသရောင်းချခြင်းခွင့်မပြု(မပြု)ရန်။ ပြည်ပကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံ တွင်းထွက်ကျောက်များကို အလွတ်(Loose Stone) ရောင်းချခွင့်မပြုရန်၊ Invoiceတွင်ဖော်ပြသောကုန်ပစ္စည်းအမျိုးအစားနှင့်အရေအတွက်မှာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကျောက်မျက်စိစစ်ရေးအဖွဲ့ထံ စစ်ဆေးခံစဉ် အမျိုးအစား၊ အရေအတွက်နှင့်ကိုက်ညီပြီး အမှန်တကယ် ယူဆောင်သွားမည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့်လည်း ကိုက်ညီရပါမည်။

ပြည်ပကုန်စည်ပြပွဲသို့ သွားရောက်မည့် ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းရာ၌ မိမိအရောင်းအဝယ်လုပ်ငန်းတွင်၊ အထောက်အကူဖြစ်စေမည့် သူများအပါအဝင် စုစုပေါင်းသုံးဦးထိ လျှောက်ထားနိုင်သည်။ ပြည်ပကုန်စည်ပြပွဲသို့ လေ့လာသူ(Observer) အဖြစ် သွားရောက်မည့်သူသည် အသင်းရုံးမှသတ်မှတ်ထားသော လျှောက်လွှာပုံစံကိုဖြည့်စွက်၍ လိုအပ်သည့် အထောက်အထားများ ပူးတွဲလျှက်သွားရောက်နိုင်သည်။ သို့သော် မည်သည့်ကုန်ပစ္စည်းကိုမျှ သယ်ဆောင်ရောင်းချခွင့်မပြုပါ။အခြားရည်ရွယ်ချက်ဖြင့်(လူပို)ခေါ်တာမျိုး၊ Overstay နေသည့်ဖြစ်စဉ်မျိုး မပေါ်ပေါက်စေရေးအတွက် လျှောက်ထားသူ(အုပ်ချုပ်သူတာဝန်ခံ)က တာဝန်ယူရမည်။

အမည်ခံ လျှောက်ထားသူတစ်ယောက် သွားသူတစ်ယောက် မဖြစ်စေရပါ၊ မိမိအား ချမှတ်ထားသောပြခန်းအား အခကြေးငွေယူ၍သော်လည်းကောင်း၊ အခကြေးငွေမယူဘဲသော်လည်းကောင်း ပြခန်းအားပြောင်း (Change)လဲခြင်း၊အခကြေးငွေယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုလုပ်ရ။ ပြပွဲပြီးဆုံးသည်အထိ မိမိပြခန်းအား ခင်းကျင်းပြသရမည်။

ပြည်ပကုန်စည်ပြပွဲနှင့်ပတ်သက်၍ သွားရောက်မည့်ကုမ္ပဏီ/ လုပ်ငန်းရှင်ကိုယ်စားလှယ် အဖွဲ့များသည် သွားလာရာတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံတာဝန်ရှိသူများ၏ဖိတ်ကြားချက်အရ သွားရောက်တွေ့ဆုံရာတွင်လည်းကောင်း၊ မိမိနိုင်ငံ၏ဂုဏ်သိက္ခာ မိမိအားစေလွှတ်သည့်အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို စောင့်ထိန်းသောအားဖြင့်၊ ဝတ်စားဆင်ယင်မှု ပြောဆိုနေထိုင်မှု အမှားအယွင်းမရှိအောင် ပြောဆိုနေထိုင်ရမည်။

အထူးသဖြင့် မိမိနိုင်ငံနှင့် ပတ်သက်သော နိုင်ငံရေးဝေဖန်သုံးသပ်ချက်များ၊ ပုဂ္ဂိုလ်ရေးဝေဖန်သုံးသပ်ချက်များ၊ မိမိနိုင်ငံနှင့် မိမိအသင်း၊ အသင်းချုပ်တို့၏ ဂုဏ်သိက္ခာတို့ကို ထိခိုက်စေမည့် ဝေဖန်ပြောဆိုမှုများ မပြုလုပ်၊ မဆောင်ရွက်ကြရန်၊ ပြည်ပကုန်စည်ပြပွဲနှင့် ပတ်သက်၍ သွားရောက်မည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့များသည် မိမိတို့အဖွဲ့ခေါင်းဆောင်၏ စကားအား လေးစားလိုက်နာပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့် ခရီးစဉ်လိုက်ပါနေထိုင်ပြီး ခရီးစဉ်တစ်ခုအတွက် သတ်မှတ်ကာလ ရက် ၃၀ အတွင်း မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိရမည်။ ပြည်ပတွင် ရောင်းချခဲ့သည့် အရောင်းစာရင်း(Sale Statement)ကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းသို့ မပျက်မကွက် တင်ပြရမည်။

ပြည်ပရောင်းချငွေ အနည်းအများအလိုက် နောက်တစ်ကြိမ်ခရီးစဉ်များအတွက် ဦးစားပေးစနစ်ထားရှိဆောင်ရွက်သွားမည်ဖြစ်၍ မိမိပြည်ပတွင် အမှန်တကယ်ရောင်းရငွေများကို မြန်မာနိုင်ငံလေဆိပ်အဝင်တွင် ကြေညာ(Declare)၍ သက်ဆိုင်ရာဘဏ်များသို့ ပေးသွင်းရမည်။ အကယ်၍အထက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များကို မလိုက်နာပါက အသင်းကချမှတ်ထားသော ပြစ်ဒဏ်ကို ခံယူပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များကို ချမှတ်ထားပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ချမှတ်ထားသောစည်းကမ်းချက်များမှာ အသင်း၏အကျိုး၊ နိုင်ငံတော်၏ရုပ်ပုံလွှာ(Image)ကို မထောက်ထားဘဲ စည်းမဲ့ကမ်းမဲ့ရောင်းချနေကြသော ကုန်သည်လုပ်ငန်းရှင်များ ပပျောက်ရေးအတွက်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလောကကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း များစွာ အထောက်အပံ့ကောင်းများဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**




**တနင်္ဂနွေသားသမီးများ -** ဒီရက်တွေအတွင်းမှာ ဘာမဆို စိတ်ရှည်ရှည် ခေါင်းအေးအေးနဲ့ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အရေးကြီးတဲ့ အလုပ်ကြီးတွေကို ရုတ်တရက်မဆုံးဖြတ်သင့်ပါဘူး။ အမှားအယွင်း၊ အလွဲအချော်တွေများနေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ မတင်မကျ အခြေအနေတွေ ကြုံရတတ်ပါတယ်။ **၄၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဆပ်ပြာဒါနပြုပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကြက်ဥပြုတ်နှင့် ခေါက်ပါလေ . . . ။

**တနင်္လာသားသမီးများ** - တနင်္လာသားသမီးများ ဒီရက်တွေအတွင်းမှာ လုပ်ငန်းအသစ်စခြင်း၊ အစီအစဉ်အသစ်များ စတင်ခြင်း၊ ခရီးသွားခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်ပြောင်းရွှေ့ခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ သေချာစီစဉ် ချိတ်ဆက်ထားတဲ့ကိစ္စကြီးတွေ လွဲချော်သွားတတ်ပါတယ်။ ကျန်းမာရေး အညှော်ဘက်ကိုများတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း အညှော်များ တတ်ပါတယ်။ **၉၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် သန့်ရှင်းရေးကုသိုလ်ပြုပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို မေမြို့ ၁၉ ပွင့်နဲ့ ရိုက်ပါလေ . . . ။

**အင်္ဂါသားသမီးများ -** ဒီရက်တွေအတွင်းမှာ ညှိနှိုင်းရခက်နေသောကိစ္စများကို စေ့စပ်ညှိနှိုင်းခြင်း၊ အဖိုးတန်ပစ္စည်းဝယ်ခြင်း၊ ရောင်းခြင်းတွေကို ဦးစား ပေးသင့်ပါတယ်။ လူရင်းထဲက သစ္စာဖောက်သွားတတ်ပါတယ်။ အအေးမိခြင်းကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အထစ်အငေါ့တွေ ပြေလည်သွားမယ်။ **၈၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ ရှောက်ယိုကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွန့်ခြောက်ညွန့်နဲ့ ရိုက်ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ** - ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခရီးတိုတွေလည်း တစ်ခုပြီးတစ်ခု သွားနေရတတ်ပါတယ်။ သေချာစီစဉ်ထားတဲ့ကိစ္စတွေ၊ ချိန်းဆိုထားတဲ့အလုပ်တွေ မရေမရာ ကြုံရတတ်ပါတယ်။ ကျန်းမာရေးမှာ နေ့တစ်မျိုး၊ ညတစ်မျိုးဆိုတာမျိုး ဖြစ်နေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ကတိပျက်စရာတွေ ကြုံရတတ်ပါတယ်။ **၈၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးများကို မုန့်ဝေကျွေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီသုံးပွင့်နဲ့ ရိုက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ -** ဒီရက်တွေအတွင်းမှာ အလုပ်လျှောက်ခြင်း၊ အမိဋ္ဌာန်ကိစ္စ၊ အောက်လက်ငယ်သား အလုပ်သမားနှင့် ပတ်သက်သောကိစ္စများ၊ ကျန်းမာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ မယူချင်သောတာဝန်၊ မတွေ့ချင်သော လူတွေနဲ့လာပြီး ပတ်သက်ရတတ်ပါတယ်။ ဘာခေါင်းစဉ်တပ်ရမှန်းမသိဘဲ ကျန်းမာရေး ညံ့တတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အကြပ်ကိုင်ခံရသလို ကြုံရတတ်ပါတယ်။ **၉၄ ဂဏန်းအစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဆေးဝါး ကုသိုလ်ပြု၍ ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကျောက်ခဲနှင့် ခေါက်ပါလေ . . . ။

**သောကြာသားသမီးများ -** ဒီရက်တွေအတွင်းမှာ မိဘ၊ ဆရာ ကြီးကဲသူတို့နှင့် ညှိနှိုင်းရမည့်ကိစ္စ၊ ပညာရေးဆိုင်ရာ၊ သင်တန်းဆိုင်ရာကိစ္စ၊ ရပ်ဝေးပြည်ပနှင့် ဆက်သွယ်ရသောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မီး၊ အပူ၊ လျှပ်စစ် အန္တရာယ်ကို သတိပြုပါ။ မျက်စိ၊ မျက်မှန် ဒုက္ခပေးတတ်ပါတယ်။အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကြီးကဲသူတို့ရဲ့ လမ်းညွှန်မှုကောင်းပေါ် ပေါက်လာတတ်ပါတယ်။ **၆၃ အစ ထီကိုထိုးပါ။**
**ယတြာ။** ။ကံဇာတာပွင့်လန်းရန် တရားစာအုပ်လှူ၍ ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို နဂါးပုံပါသောစာရွက်ဖြင့် ယပ်ခတ်ပါလေ . . . ။

**စနေသားသမီးများ** - ဒီရက်တွေအတွင်းမှာ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း၊ နေရာပြောင်းခြင်း၊ တာဝန်ပြောင်းခြင်း စတာတွေကို ဦးစား ပေးသင့်ပါတယ်။ စာရင်းဇယားကိစ္စ၊ စာချုပ်ကိစ္စတွေ ရှုပ်ထွေးတတ်ပါတယ်။ အကြောခါး ကျန်းမာရေးဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကောင်းသော အပြောင်းအလဲတွေ ပေါ်ပေါက်လာပါလိမ့်မယ်။ **၄၀ အစ ထီကိုထိုးပါ။**
**ယတြာ။** ။ကံဇာတာပွင့်လန်းရန် အိမ်မှအိုးအဟောင်းတစ်လုံးကို စွန့်ပစ်လိုက်ပါလေ။ ရောင်းချင်သောပစ္စည်းတွေကို မြေအိုးလေးတစ်လုံးဖြင့် ခေါက်ပါလေ . . . ။

# World Exposition 2025 ပြပွဲ ကျင်းပမည်

ဂျပန်နိုင်ငံ Osaka မြို့တွင် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှ အောက်တိုဘာ ၁၃ ရက် အထိ "World Exposition 2025" ပြပွဲကို ခြောက်လကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်နိုင်ရန် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ ဖိတ်ကြားလာသည်။

ပြပွဲ၏ Theme ဆောင်ပုဒ်မှာ "Designing Future Society for Our Lives" (ကိုယ်ပိုင်ဘဝများ ဖန်တီးနိုင်ရေးအတွက် အနာဂတ်လူ့အဖွဲ့အစည်းကို တည်ဆောက်ကြပါစို့) ဖြစ်ပြီး Subthemes သုံးခုမှာလူမှုဘဝများရှင်သန်ရေး (Saving Lives)၊ ကိုယ်ပိုင်ဘဝများ ဖန်တီးနိုင်ရေး(Empowering Lives)၊ လူသားအချင်းချင်း ချိတ်ဆက်ညှိနှိုင်းရေး (Connecting Lives) တို့ဖြစ်သည်။

ကမ္ဘာ့ကုန်စည်ပြပွဲများကို ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ အီတလီနိုင်ငံ မီလန်မြို့တွင် World Expo အား ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် World Expo အား ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရန် လျာထားခဲ့သော်လည်း ကမ္ဘာလုံးဆိုင်ရာ COVID-19 ကြောင့် ၂၀၂၁ ခုနှစ်တွင် ကျင်းပရန် ပြောင်းရွှေ့စီစဉ်ခဲ့ကြောင်း၊ ဂျပန် နိုင်ငံ၊ Osaka မြို့တွင် "World Exposition 2025" အား ၂၀၂၅ ခုနှစ်တွင်လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ရာ အဆိုပါ ပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင် ပြသနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသခြင်းဖြင့် မိမိတို့၏ ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သဖြင့် မြန်မာကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိပါရန် အသိပေးအပ်သည်။

**ဥမ္မာကြူ** (MITC)

# မထင်မှတ်သောဈေးများဖြင့် ရောင်းချနေသော တစ်ပတ်ရစ် ကားဈေးကွက်

ရန်ကုန်မြို့ကားဈေးကွက်၏လက်ရှိအခြေအနေမှာ လက်ရှိအသုံးပြုပြီးနှင့် အသုံးပြုနေသောကားများ အပြိုင်အဆိုင် ရောင်းချလာကြသဖြင့် ကားဈေးများကျဆင်းနေပြီး ကားရောင်းလိုသူများနေသလို တစ်ပတ်ရစ်ကားများ ဝယ်ယူသူများလည်းရှိနေကြောင်း သိရသည်။

ရန်ကုန်မြို့အပြင် အဓိက ကားဈေးကွက်ကြီးများရှိရာ မန္တလေးမြို့နှင့် နယ်မြို့တောင်ကြီးများရှိ ကားအရောင်းအဝယ်နေရာအားလုံးတွင် ယခုအချိန်သည် ရောင်းလိုသည့်ကားများရှိနေပြီး အင်ဂျင်ပါဝါများသည့် ဝက်ဝံကားလတ်များနှင့် ၁၃၀၀ စီစီ ၊ ၁၀၀၀ စီစီဝန်းကျင်ကား ငယ်လေးများပါ ရောင်းမည့်ကားများ အများအပြား ဈေးကွက်ထဲရောက်လာကြပြီး ယခုကဲ့သို့ တစ်ချိန်တည်းတစ်ပြိုင်တည်း ရောင်းကားများ ပြုံကျလာကြသဖြင့် ကားဈေးတန်းများ သိသိသာသာ ကျဆင်းလာပြီး ဝယ်ယူစိတ်ကြိုက်ဈေးတန်းများ ရောက်ရှိလာကြောင်းသိရသည်။

ပြီးခဲ့တဲ့နှစ်အတွင်း ဩဂုတ်လမှစ၍ ကားတင်သွင်းမှုနှင့် ပတ်သက်သည့် အခွန်အခများ နိုင်ငံတော်မှများစွာလျှော့ချပေးခဲ့သည့်နောက်ပိုင်းတွင် ကားဈေးတန်းများ တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ဒီဇင်ဘာလတွင်လည်း နိုင်ငံ့ဝန်ထမ်းများ သတ်မှတ်ချက်အလိုက် ပြည်ပမှမော်တော်ယာဉ် တင်သွင်းခွင့်ပြုခဲ့သဖြင့် ကားလောကတစ်ခုလုံး ပြောင်းလဲလာပြီးနှင့် ယခင်က ကျပ်သိန်း ၅၀၀ အထက်ရှိခဲ့သော မန်းဂတ်(၂၀၁၈/၂၀၁၉) များနှင့် စီအာမီ (၂၀၁၆/၂၀၁၇)များ ကလူဂျာ (၂၀၀၆/၂၀၀၇)ခုနှစ်ထုတ်များပင် ယခုအခါ ကျပ်သိန်း ၄၀၀ အောက်၊ ကျပ်သိန်း ၄၀၀ နှင့် ၅၀၀ ကြား ဈေးတန်းများသို့ သိသိသာသာ ပြောင်းလဲသွားသလို ယခင် ကျပ်သိန်း ၃၀၀ နီးပါးရောင်းချခဲ့ကြသော ဗုစ်(ရှ်)ကဲ့သို့ ဟွန်တာဖစ်ရှာတဲ ဟိုက်ဘရစ် မိုဒယ်မြင့်ကားများသည်လည်း ကျပ်သိန်း ၂၀၀ အထက်တန်းများသို့ ရောက်ရှိရောင်းချလာကြောင်း ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

သို့ဖြစ်၍ နောင်လာမည့်ကာလများတွင် ကားဈေးကွက်တစ်ခုလုံး မိုဒယ်မြင့်ကားများသာ ဈေးကွက်ဝေစုပိုမိုရရှိလာနိုင်ပြီး ကျပ်သိန်း ၃၀၀ ဝန်းကျင်နှင့် ၃၀၀ အောက် အလယ်အလတ်ကားများ ကျပ်သိန်း ၁၀၀ အထက် အောက်ကားလေးများ စသဖြင့် ကျန်ကားများသည်လည်းဈေးကွက်တစ်ခုရှိနေကာ ယခင်အများလက်ခံသုံးစွဲလာသည့် အစဉ်အလာအတိုင်း နေရာတစ်ခုကျန်ရှိနေဦးမည်ဖြစ်ကြောင်း သုံးသပ်ကြသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရက်တစ် (၂၀၀၉) | G | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဗန်းဂတ် (၂၀၀၈) | M | ၃၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | လာတီယို (နီဆန်း)(၂၀၀၉) | H | ၁၄၅ သိန်း | 1 .2 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဒီမီယို (၂၀၁၁) | F | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ပါဆို (၂၀၁၀) | F | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အေဒီဗင် (၂၀၁၀) | G | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၇။ | ကလူဂျာ (၂၀၀၁) | F | ၂၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟွန်ဒါဖစ် (ရှာတဲလ်) (၂၀၁၁) | M | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဟိုက်ဂျက် (၂၀၀၆) | I | ၉၅ သိန်း | 0.6 ဓာတ်ဆီ၊ နယ် |

# ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (၂၀၁၉) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း(၃)

## (Implementation of Trademark Law-2019)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမိုးမိုးသွယ်

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အလံနှင့် အခြားသော အမှတ်တံဆိပ်များ၊ အမည်နှင့်အတိုကောက်အမည်များ စသည်တို့ကို တုပခြင်း၊ တစ်စိတ်တစ်ပိုင်း အသုံးပြုထားခြင်း သို့မဟုတ် အဆိုပါ အမှတ်တံဆိပ်များနှင့်ထင်ယောင်ထင်မှားဖြစ်စေခြင်းစသည့်အချက်များနှင့်ငြိစွန်းလျှင် အဆိုပါအမှတ်တံဆိပ်ကို မှတ်ပုံတင်ရန် ခွင့်မပြုနိုင်ချေ။ ၎င်းအပြင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကိုလည်း အသုံးပြုခွင့်မရှိချေ။

၎င်းအပြင် အမှတ်တံဆိပ်တစ်ခုတွင် အသုံးပြုထားသော စကားလုံးများသည် မျက်မှောက်ဝေါဟာရအနေဖြင့် လူအများသုံးစွဲလာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်း သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးပြုလာလျှင်လည်း အဆိုပါအမှတ်တံဆိပ်ကိုငြင်းပယ်ရန်ခိုင်လုံသည့် အကြောင်းပြချက်တစ်ခုဖြစ်သည်။ သို့ဖြစ်၍ အမှတ်တံဆိပ်တစ်ခုကို ခွင့်ပြုနိုင်ရန်အတွက် အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများနှင့်စပ်လျဉ်းသည့် အမှတ်တံဆိပ်အဖြစ် အသိအမှတ်ပြုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သောအချက်များကို စစ်ဆေးမည်ဖြစ်သဖြင့် အမှတ်တံဆိပ်ပိုင်ရှင်များအနေနှင့် သိရှိနားလည်လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

### အမှတ်တံဆိပ်များကြေညာခြင်းနှင့်ကန့်ကွက်ခြင်း

မူပိုင်ခွင့်ထားလာသော အမှတ်တံဆိပ်များကို ပြဋ္ဌာန်းချက် (၁၃)ပါ အချက်များနှင့် စစ်ဆေးပြီးနောက် ခွင့်ပြုနိုင်သော အမှတ်တံဆိပ်များကို မူပိုင်ခွင့်ဦးစီးဌာန၏ အင်တာနက်ဝက်ဆိုဒ်(Website) မှတစ်ဆင့် အများပြည်သူသိရှိနိုင်စေရန် ကြေညာမည်ဖြစ်သည်။ ထိုသို့ထုတ်ပြန်ကြေညာထားသည့် အမှတ်တံဆိပ်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုခြင်းရှိပါက ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါ ခွင့်ပြုကာလအတွင်းတွင် မူပိုင်ခွင့်လျှောက်ထားသော အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ခွင့်ပြုမည်ဖြစ်ပြီး အများပြည်သူသိရှိနိုင်စေရန် အင်တာနက်ဝက်ဆိုဒ်မှတစ်ဆင့် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ကန့်ကွက်မှုရှိသော အမှတ်တံဆိပ်များအတွက် လိုအပ်သည့် စစ်ဆေးမှုများကို ဆက်လက်စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့စစ်ဆေးရာတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပြဋ္ဌာန်းချက် (၁၃) ဖြစ်သည့် ငြင်းပယ်ရန် ခိုင်လုံသော အကြောင်းပြချက်များနှင့် ပြဋ္ဌာန်းချက် (၁၄) တွင် ဖော်ပြထားသော ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်များ (Relative Ground) နှင့် ငြိစွန်းမှုရှိခြင်းမရှိခြင်းကို စစ်ဆေးမည်ဖြစ်သည်။ ထိုသို့စစ်ဆေးရာတွင် မှတ်ပုံတင်မည့် အမှတ်တံဆိပ်သည် အခြားသူတစ်ဦး၏မူပိုင်ခွင့်ကို ထိခိုက်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်းတို့ကို တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ပြီး အခြားသောကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများနှင့် ဆက်စပ်နေမှုနှင့် အခြားသူတစ်ဦးဦး အပေါ် မမျှတသည့် ဈေးကွက်ယှဉ်ပြိုင်မှုတို့ကို ကိစ္စရပ်၏အခြေအနေများအပေါ် မူတည်၍ စစ်ဆေးခြင်းဖြစ်သည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့၏ သဘောသဘာဝ၊ သုံးစွဲမှုနည်းလမ်းနှင့် ရည်ရွယ်ချက်၊ ဖြန့်ဖြူးသောဈေးကွက်၊ စားသုံးသူနှင့်အများပြည်သူများဆက်နွယ်မှု စသည့်အကြောင်းအရာများသည် စစ်ဆေးရာတွင် ထည့်သွင်း စဉ်းစားမည့်အချက်များဖြစ်သည်။

မှတ်ပုံတင်လျှောက်ထားသောအမှတ်တံဆိပ်သည် မူပိုင်ခွင့်ရပြီးသော အမှတ်တံဆိပ် သို့မဟုတ် ၎င်းထက်စော၍ထားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ဖြစ်သည့်အပြင် ၎င်းအမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ထပ်တူ သို့မဟုတ် အလားတူနေခြင်းကြောင့် သုံးစွဲသူများအား ထင်ယောင်ထင်မှားဖြစ်စေခြင်း၊ အခြားသူတစ်ဦး၏ မူပိုင်ခွင့်ရပြီးသော အမှတ်တံဆိပ်ကို ထိပါးချိုးဖောက်မှုဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်နေခြင်း၊အမှတ်တံဆိပ်ကို သဘောရိုးနှင့်မဟုတ်ဘဲ လျှောက်ထားခြင်း၊ နာမည် ထင်ရှားကျော်ကြားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသည့်အပြင် ၎င်းအမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်လည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသဖြင့် သုံးစွဲသူများအား ထင်ယောင်ထင်မှားဖြစ်စေခြင်း၊ နာမည်ကျော်ကြား ထင်ရှားသော အမှတ်တံဆိပ်သည် မှတ်ပုံတင်ထားလျှင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် မတူညီသော်လည်း ဆက်နွယ်မှုရှိနိုင်သည်ဟု ယူဆနိုင်ခြင်းနှင့် ကျော်ကြားအမှတ်တံဆိပ်ပိုင်ရှင်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း၊ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တရားဝင်အဖွဲ့အစည်းတစ်ခု၏အမည် သို့မဟုတ် ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည့်အမှတ်အသားကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုထားခြင်း စသည့်အချက်အလက်တစ်ခုခု သို့မဟုတ် အချက်အလက်များနှင့် ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရလျှင် ထိုအမှတ်တံဆိပ်ကို မူပိုင်ခွင့်ပေးရန်အတွက် ငြင်းဆိုနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အမှတ်တံဆိပ်ပိုင်ရှင်သည် သက်ဆိုင်ရာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြုမည့်အမှတ်တံဆိပ်သည် အခြားသော အမှတ်တံဆိပ်များနှင့် အမြင်အားဖြင့်လည်းကောင်း၊ ပါဝင်သော အမှတ်အသားများအားဖြင့်လည်းကောင်း၊ အဓိပ္ပာယ်အားဖြင့်လည်းကောင်း၊ အသံထွက်အားဖြင့်လည်းကောင်း စသည်တို့နှင့် တူညီမှုရှိခြင်း၊ မရှိခြင်းကို သိရှိစေရန် လေ့လာစမ်းစစ်မှုများကို ကြိုတင်ဆောင်ရွက်သင့်သည်။

> **လုပ်ငန်းရှင်များ အနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားခြင်းကို ကိုယ်တိုင်ဆောင်ရွက်လိုလျှင် မူပိုင်ခွင့်မှတ်ပုံတင်ဌာန တည်ရှိရာ နေရာများသို့လည်း သွားရောက် မှတ်ပုံတင်နိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကိုယ်စားလှယ် လွှဲအပ်၍လည်း ဆောင်ရွက်နိုင်သည်။**

### မူပိုင်ခွင့်သက်တမ်းနှင့်အခွင့်အရေးများ

အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားချက်များကို ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၏အခန်း(၈) မှတ်ပုံတင်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အခန်း(၉) စစ်ဆေးခြင်း၊ကန့်ကွက်ခြင်းနှင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း မူပိုင်ခွင့် ဦးစီးဌာန၏ အမှတ်တံဆိပ်ကို တာဝန်ယူစစ်ဆေးသူများ (Trademark Examiners) က စစ်ဆေးပြီးနောက် ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော အမှတ်တံဆိပ်များကို မူပိုင်ခွင့်မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်သည်။ လျှောက်ထားသော အမှတ်တံဆိပ်အတွက် အမှတ်တံဆိပ်မူပိုင်ခွင့် အသိအမှတ်ပြုလွှာ(Certificate)ကို မှတ်ပုံတင်အရာရှိမှ ထုတ်ပေးမည်ဖြစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုသော အမှတ်တံဆိပ်များကို မူပိုင်ခွင့် ဦးစီးဌာန၏ အင်တာနက်ဝက်ဆိုဒ်တွင်လည်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အမှတ်တံဆိပ်မူပိုင်ခွင့်ကို အမှတ်တံဆိပ်လျှောက်ထားသည့် နေ့ရက်မှ စတင်အသိအမှတ်ပြုမည်ဖြစ်ပြီး မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ရာတွင် ဖော်ပြထားသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ မူပိုင်ခွင့် သက်တမ်းကို ၁၀ နှစ်လျှင် တစ်ကြိမ်သက်တမ်းတိုးရန် လိုအပ်ပြီး မှတ်ပုံတင်လျှောက်ထားသော အမှတ်တံဆိပ်ကို အသုံးပြုသော ကာလတစ်လျှောက်လုံးရရှိမည်ဖြစ်သည်။ မူပိုင်ခွင့်သက်တမ်းတိုးခြင်းမရှိသော အမှတ်တံဆိပ်များအတွက် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို ဆက်လက်ရရှိတော့မည်မဟုတ်ချေ။ သို့ဖြစ်၍ မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ကို အသုံးပြုခွင့်ရထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအတွက် လက်တွေ့အသုံးပြုရန်နှင့် အမှတ်တံဆိပ်မူပိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် မူပိုင်ခွင့်သက်တမ်းတိုးခြင်းကို သက်တမ်းတိုးရန်လိုအပ်သည့်အချိန်တွင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ မှတ်ပုံတင်ခွင့်ရရှိထားသော အမှတ်တံဆိပ်အသစ်များအတွက် မူပိုင်ခွင့်ရသည့်နေ့မှ သုံးနှစ်အတွင်း အသုံးမပြုပါက အဆိုပါအမှတ်တံဆိပ်၏ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဆက်လက်ရရှိတော့မည်မဟုတ်ချေ။

အမှတ်တံဆိပ်မှတ်ပုံတင်ခွင့်ရရှိသော အမှတ်တံဆိပ်ပိုင်ရှင်သည် မူပိုင်ခွင့်တင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအတွက် မှတ်ပုံတင်အမှတ်တံဆိပ်ကို အသုံးပြုနိုင်သည်။ သီးသန့်အခွင့်အရေးများအဖြစ် အခြားသူတစ်ဦးက မှတ်ပုံတင်အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြုမှုများကြောင့် အများပြည်သူကို ထင်ရောင်ထင်မှား ဖြစ်စေခြင်း၊ အခြားသူတစ်ဦးက မူပိုင်ခွင့်ပိုင်ရှင်၏ မှတ်ပုံတင်အမှတ်တံဆိပ်ကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုခဲ့လျှင် သို့မဟုတ် အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေလျှင် တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုနိုင်သည်။ မှတ်ပုံတင်ထားသည့် ထင်ရှားကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်များအနေနှင့် သီးသန့်အခွင့်အရေးအဖြစ် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအတွက်၎င်း၏ သဘောတူညီချက်မပါဘဲ အသုံးပြုခြင်းကိုတားမြစ်နိုင်ခွင့်ရှိသည်။ အဆိုပါ ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုသည် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် ဆက်နွယ်မှုရှိသည်ဟု ယူဆနိုင်ခြင်း၊ အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း စသည့်အခြေအနေတစ်ရပ်ရပ်နှင့် ငြိစွန်းမှုသာလျှင် တားမြစ်ခွင့်ရှိမည်ဖြစ်သည်။

ထို့ပြင် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို မူပိုင်ခွင့်ပိုင်ရှင်က အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခွင့်ရှိခြင်း သို့မဟုတ် ခွင့်ပြု ချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့အပြင် ဈေးကွက်အတွင်းသို့ တင် သွင်းပြီးသည့် ကုန်ပစ္စည်းများ၏အခြေအနေပြောင်းလဲခြင်း သို့မဟုတ် ပျက်စီးယိုယွင်းခြင်းဖြစ်လျှင် ယင်းကုန်ပစ္စည်းများအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်ခြင်း စသည့် အခွင့်အရေးများကိုလည်း ရရှိမည်ဖြစ်သည်။

ထိုသို့ မူပိုင်ခွင့်ပိုင်ရှင်က အခြားသူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ လွှဲပြောင်းခြင်းနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့ကို မှတ်တမ်းတင်ပေးရန် မှတ်ပုံတင်အရာရှိ ထံလျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့ကို မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

သို့ရာတွင် အမှတ်တံဆိပ်မူပိုင်ခွင့်ပိုင်ရှင်သည် အခြားသူတစ်ဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းများအတွက် ပိုင်ရှင်၏အမည်နှင့်နေရပ်လိပ်စာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏အမျိုးအစား၊ ဆက်စပ်သောအကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ အသုံးဝင်မှု၊ တန်ဖိုးစသည်တို့ကို ဖော်ပြသည့်ညွှန်ပြကိန်းများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုရန် ရည်ရွယ်သည့်ဖော်ပြချက်၊ တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများ၏အသုံးပြုရန် ရည်ရွယ်သည့်ဖော်ပြချက် စသည်တို့နှင့်စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကိုမူ တားမြစ်ပိတ်ပင်ခွင့်မရှိချေ။ ၎င်းအပြင် အမှတ်တံဆိပ်ပိုင်ရှင်ကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ရသူက ပေးပို့ထားခြင်းကြောင့် ဈေးကွက်အတွင်းသို့ ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ မှတ်ပုံတင်အမှတ်တံဆိပ်အသုံးပြုခြင်းကိုလည်း ဟန့်တားခွင့်မရှိချေ။

စာမျက်နှာ - ၂၇ သို့

# ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းတွင် ကိုရီးယားကုမ္ပဏီ ၁၃၅ ခုကျော် ရင်းနှီးမြှုပ်နှံမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း(Korea-Myanmar Industrial Complex-KMIC) တွင် ကိုရီးယားကုမ္ပဏီ ၁၃၅ ခုကျော် ရင်းနှီးမြှုပ်နှံမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လာရောက် ရင်းနှီးမြှုပ်နှံမည့် ကိုရီးယားကုမ္ပဏီများမှ အီလက်ထရွန်နစ် ပစ္စည်းများ မြန်မာပြည်ထုတ်လုပ်ရန် အားသန်လျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သိန်းကျော်ကို ဖန်တီးနိုင်လိမ့်မည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က MRTVမှ KMICနှင့် ပတ်သက်သော ဆွေးနွေးမှုအစီအစဉ်တွင် ပြောသည်။

“ဒီကုမ္ပဏီ ၁၃၅ ကျော်ကနေ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်လုပ်မှာဖြစ်ရုံတင်မကဘူး။ အလုပ်အကိုင်အသစ်တွေလည်း များစွာဖန်တီးပေးမှာ ဖြစ်ပါတယ်။ စက်မှုနည်းပညာစီမံကိန်းကို ကိုရီးယားနိုင်ငံရဲ့ စက်မှုနည်းပညာနဲ့ အသုံးပြုအကောင်အထည်ဖော်မယ့် နည်းပညာတွေ ရရှိမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဆဋ္ဌမမြောက်အများဆုံးဖြစ်ပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအထိ ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ၁၈၇ ခုရှိကြောင်း သိရသည်။

ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း (Korea-Myanmar Industrial complex, KMIC)သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Korea Land and Housing Corporation (LH)တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး၊ ရန်ကုန်ဆိပ်ကမ်းတို့၏အနီးတွင် မဟာဗျူဟာကျကျ တည်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည် ဖြစ်ကြောင်းသိရသည်။

**ပန်းဆု**

# နိုင်ငံတော်က ဖြေလျှော့ပေးသည့်အခွန်အခများ ဇန်နဝါရီလကုန်ထိ တိုးမြှင့်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်က ဖြေလျှော့ပေးထားသည့် အခွန်အခများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလကုန်အထိ ကာလတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရသည်။

CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များနှင့် ပက်သက်၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ် ၃၁ ရက်တွင် ကုန်ဆုံးမည့် ဒုတိယသုံးလပတ်အတွက် လည်းကောင်း၊ ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည့် တတိယသုံးလပတ်အတွက် လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည့် စတုတ္ထသုံးလပတ်အတွက်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည့် ပထမသုံးလပတ်အတွက်လည်းကောင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ပေးဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ ၃၁ ရက်တွင် ကုန်ဆုံးမည့်လအတွက်အပြင် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဒီဇင်ဘာလ ၃၁ ရက်တွင် ကုန်ဆုံးမည့်လအတွက်အထိ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို ဇန်နဝါရီ ၃၁ ရက်အထိ ပေးဆောင်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ပန်းဆု**

**စာမျက်နှာ (၁၅) စက်သုံးဆီ . . . မှအဆက်**

ရေနံဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် ရေနံထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် နောင်လာမည့် အနာဂတ် ရေနံဝယ်လိုအားနှင့် ဈေးကွက်တိုးတက်မှုအခြေအနေအရ ရေနံထုတ်လုပ်တင်ပို့မှုကို အနည်းငယ် တိုးမြှင့်ရန် ရေနံတင်ပို့ရောင်းချနေသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက သဘောတူလိုက်ကြောင်း သိရှိရသည်။ ရေနံထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း OPEC အဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနှင့် အခြားရေနံထုတ်လုပ်သည့် နိုင်ငံများသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရှိရသည်။ အစည်းအဝေး ကျင်းပမှုအတွင်း လာမည့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ရုရှားနှင့် ကာဇက်စတန်နိုင်ငံတို့၏ ရေနံထုတ်လုပ်မှုကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှစတင်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်သည့် အလားအလာကောင်းများကြောင့် စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများကို ပြန်လည်ကောင်းမွန်လာစေနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရေနံဈေးနှုန်းများ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ရေနံထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် အနာဂတ်ရေနံဝယ်လိုအားနှင့်ပတ်သက်၍ သံသယဖြစ်နေဆဲ အခြေအနေပင်ဖြစ်ပါသည်။ ယခင်နှစ် မေလကတည်းက ရေနံစိမ်းဈေးနှုန်း ပြန်လည်ကောင်းမွန်လာစေရန်အတွက် ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများသည် ထုတ်လုပ်မှုကို လျှော့ချခဲ့ရာမှ ယခုအခါ ရေနံထုတ်လုပ်မှုကို အနည်းငယ်တိုးမြှင့်ရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဇန်နဝါရီ ၇ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၆၂၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာ လျှင် ၇၃၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၆၅၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၆၇၅ ကျပ်ပေါက်ဈေးရှိနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများကို လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၃၇၅ ကျပ်၊ ဒီဇယ်တစ် ဂါလန်လျှင် ၃၃၇၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၄၄၂ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၁၂၇ ကျပ်၊ လားရှိုးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၂၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၃၅၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး လွိုင်ကော်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၇၀၀၊ ဒီဇယ်တစ်ဂါလန် ကျပ် ၂၆၀၀၊ မန္တလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၇၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၂၉၅၀ အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ကျင်စန်းကျော့ဂိတ် အချိန်တိုးမြှင့်ဖွင့်ပေး၍သစ်သီးကားများ ပိုအဆင်ပြေ

သစ်သီးများတင်ပို့ရာ အဓိကလမ်းကြောင်းဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ကျင်စန်းကျော့ဂိတ်တွင် ဇန်နဝါရီ ၅ ရက်မှစ၍ နံနက် ၇ နာရီမှ ည ၈ နာရီခွဲအထိ အချိန်တိုးမြှင့်ဖွင့်လှစ်လိုက်ကြောင်းသိရသည်။

ထိုကဲ့သို့ အချိန်တိုးမြှင့်ဖွင့်လှစ်လိုက်သည့်အတွက် ဖရဲသခွားကားများ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်ကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှ ဦးစိုင်းမြင့်ဘိုက ပြောသည်။

“အချိန်တိုးဖွင့်ပေးရင် တိုးဖွင့်ပေးသလောက် ကားအစီးရေ တိုးဝင်လို့ရတယ်။အချိန်လေးနာရီ တိုးဖွင့်တော့ ကားအစီးအရေအတွက် ပိုဝင်နိုင်တာပေါ့။ ဒီရက်ပိုင်းမှာကုန်သွယ်မှုက ပုံမှန်ရှိတယ်။ အသင်းအဖွဲ့အနေနဲ့လည်း ဝိုင်းလုပ်ကြတယ်။ မူဆယ်(၁၀၅)မိုင်ဇုန်က ဌာနဆိုင်ရာတွေကလည်း ကူညီပေးတယ်။ ဒေသအာဏာပိုင်တွေကလည်း ကူညီပေးတဲ့အတွက် ဖရဲသခွားတင်ပို့မှုက အခက်အခဲသိပ်မရှိဘူး”ဟု ၎င်းက ပြောသည်။ တစ်ရက်လျှင် ဖရဲသခွား ကားအစီးရေ ၂၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိသော်လည်း ကိုဗစ်ကာလတွင် ကုန်စိုက်ပျိုးထုတ်လုပ်မှု အားမကောင်း၍ ယခင်နှစ်များထက် ကုန်သွယ်မှုလျော့သွားကြောင်း သိရသည်။

ဂိတ်အချိန်တိုးမြှင့်ဖွင့်လှစ်၍ ဖရဲသခွားကားများ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်သော်လည်း ဈေးကွက်ထိန်းသိမ်းနိုင်ရန်အတွက် နေ့စဉ်အရေအတွက် သတ်မှတ်၍ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

# ပြည်ပဆီဈေး မြင့်တက်၍ ပြည်တွင်းစားသုံးဆီဈေး မြင့်တက်ခြင်းဖြစ်ဟု အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းပြော

ပြည်တွင်းစားသုံးဆီဈေးများ အနည်းငယ် မြင့်တက်နေခြင်းသည် မလေးရှားနိုင်ငံမှ တင်သွင်းရာတွင် ဈေးနှုန်းမြင့်တက်နေ၍ ဖြစ်ကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းက ပြောသည်။

“မနေ့ကဆို တစ်တန်ကို ၁၀၇၀ လောက်အထိ တက်သွားတယ်။ ဒီနေ့ကျတော့ စားအုန်းဆီတစ်တန်ကို၁၀၃၅ ပြန်ဖြစ်တယ်။ ဒီရက်ပိုင်းမှာ ဈေးလေးကတော့ နည်းနည်းတက်တာပေါ့။ နိုင်ငံခြားဈေးကလည်း တောက်လျှောက် တက်လာတယ်။ မလေးရှားမှာလည်း ဆီလက်ကျန် တော်တော်နည်းသွားတယ်။ သူတို့ဆီမှာ မိုးများနေတယ်။စိုက်ပျိုးမှုတွေ ထုတ်လုပ်မှုတွေကို အင်တိုက်အားတိုက် မလုပ်နိုင်ဘူး။ နိုင်ငံခြားဈေးက တော်တော်လေး တက်လာတာကိုတွေ့ရတယ်။ နိုင်ငံဈေးကွက်ပေါ် တည်မှီပြီးတော့ ဈေးကွက်ကြီးမြင့်နေခြင်းဖြစ်ပါတယ်။ ကုန်သည်တွေ ဈေးကစားတာ မဟုတ်ဘူး”ဟု ၎င်းက ပြောသည်။

ကိုဗစ်ကာလတွင် စားသုံးဆီဈေး မတည်ငြိမ်မှု မဖြစ်ပေါ်စေရန်အတွက် အရန်ဆီတန်ချိန် ၁၂၀၀၀ ကျော် ဝယ်ယူထားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အသီးသီးရဲ့ ဆီလှောင်ကန်တွေမှာ ဖြန့်ဖြူးပေးထားကြောင်းသိရသည်။

ပြည်တွင်းဆီစားသုံးမှု ပမာဏက တစ်နှစ်လျှင် တန်ချိန်ဆယ်သိန်းခန့်ရှိပြီး ပြည်တွင်း ဆီထုတ်လုပ်မှုက တန်ချိန် လေးသိန်းခန့်သာ ရှိသည့်အတွက် ပြည်တွင်းဆီစားသုံးမှုဖူလုံရန် နှစ်စဉ် ဆီတန်ချိန် ခုနစ်သိန်းခန့် တင်သွင်းနေရကြောင်း သိရသည်။

**ပန်းဆု**

# စီးပွားရေးလုပ်ငန်းများအတွက် SMEကဏ္ဍတွင် စားသုံးသူကာကွယ်ရေး အရေးပါ

ငြိမ်းဝေနှင်း(လှိုင်ကော်)

စားသုံးသူကာကွယ်ပေးရေးသည် အသေးစားနှင့် အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံမှု တစ်ရပ်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အများပြည်သူ၏ကျန်းမာရေးအတွက်လည်း အာမခံချက်ရှိသော ကုန်ပစ္စည်း/ဝန်ဆောင်မှုများ ပေးနိုင်မှသာလျှင် စားသုံးသူများက ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်ပြီး အကျိုးဆက်အနေဖြင့် စားသုံးသူကို အခြေခံသော ခိုင်မာသည့်ဈေးကွက် ပေါ်ထွက်လာမည်ဖြစ်ပါသည်။

နယ်စပ်မှ ဝင်ရောက်လာသောကုန်ပစ္စည်းများတွင် စားသုံးရန် မသင့်သော ဆိုးဆေးပါ အစားအသောက်နှင့် တာရှည်ခံပစ္စည်းများ ပါဝင်ခြင်း၊ သက်တမ်းလွန်အစားအသောက်များ ပါဝင်ခြင်း၊ အရည်အသွေး မပြည့်မီသော လူသုံးကုန်ပစ္စည်းများ၊ အာမခံမရှိသော လူသုံးကုန်ပစ္စည်းများဝင်ရောက်လာပြီး သတ်မှတ်ထားသည့် အရည်အသွေးနှင့် ပြည့်မီ/မမီ စစ်ဆေးနိုင်သည့် အဖွဲ့အစည်းများ၊ စက်ကိရိယာများ မရှိခြင်းတို့ကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုပြဿနာများသည် ခိုင်မာသည့် စားသုံးသူဈေးကွက်တစ်ရပ်ကိုတာဝန်ယူမှု တာဝန်ခံမှုရှိရှိဖြင့် ဖော်ဆောင်ရန် အဟန့်အတားဖြစ်စေပါသည်။

ပထမအဆင့်တွင် နယ်စပ်မှ တင်သွင်းလာသည့် စားသုံးကုန် များ၊ လူသုံးကုန်များကို ပုံမှန်ကြီးကြပ်စစ်ဆေး၍ ရလဒ်များကို မှတ်တမ်းပြုစုထားရမည်ဖြစ်ပါသည်။ ၎င်းတင်သွင်းထားသော သွင်းကုန်များတွင်အန္တရာယ်ရှိသောပစ္စည်းများ ပါဝင်မှုနှုန်းပမာဏ၊ အန္တရာယ်ရှိသော အတိမ်အနက်စသည်တို့ကိုဓာတ်ခွဲစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးရမည်ဖြစ်ပါသည်။ ထို့နောက် အဆင့်သတ်မှတ်ချက်အရသော်လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအရသော်လည်းကောင်း အန္တရာယ်ရှိသည့် ကုန်ပစ္စည်းများကို တင်သွင်းသူ၊ သယ်ဆောင်သူနှင့် ရောင်းချသူတို့ထံမှ သိမ်းဆည်းကာ ၎င်းတို့အား သတိပေးရမည်ဖြစ်ပြီး သတိပေးစာရရှိပြီးနောက် ဆက်လက်တင်သွင်း၊သယ်ဆောင်၊ရောင်းချသည်ကိုတွေ့ရှိမှသာလျှင် အရေးယူရမည်ဖြစ်ပါသည်။ SME ကဏ္ဍတွင် သတင်းအချက်အလက်များမျှဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရာတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းဖော်ပြရမည်။

(က) ဓာတ်ခွဲခန်းမှ စမ်းသပ်စစ်ဆေး၍ ရရှိလာသော ရလဒ်များ (အထူးသဖြင့် အန္တရာယ်ရှိသော ထုတ်ကုန်အမည်များနှင့် ၎င်းတို့ကို ထုတ်လုပ်သည့် ကုမ္ပဏီအမည်၊ ဖြန့်ချိသူအမည်)

(ခ) FDAက ထုတ်ပြန်ထားပြီးဖြစ်သော အန္တရာယ်ရှိ အမျိုးအမည်များ

(ဂ) အခြေခံကျန်းမာရေး ဗဟုသုတများ၊ အာဟာရနှင့် ဆိုင်သောဗဟုသုတများ

(ဃ)အစားအသောက်များမှ ဖြစ်ပွားစေနိုင်သော ရောဂါများ၊ အစားအသောက်များ အရောအနှော ပြုလုပ်ခြင်းမှ ဖြစ်စေနိုင်သော ရောဂါများအကြောင်း

(င) သဘာဝမဟုတ်သော ပစ္စည်းများ၊ ဆိုးဆေးများနှင့်တာရှည်ခံပစ္စည်းများ သုံးစွဲခြင်းမှ ဖြစ်စေနိုင်သောရောဂါများအကြောင်း

(စ) လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များတွင် အန္တရာယ်ဖြစ်နိုင်ခြေ အတိုင်းအတာ

(ဆ) လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များတွင် Product label များကပ်ခြင်း

(ဇ) လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များ၏ အရည်အသွေး၊ အာမခံချက်၊ ပုံမှန်သက်တမ်း၊ ပုံမှန်ဈေးနှုန်း၊ ချင်တွယ်ပုံ အလေးချိန်နှင့် အခြေခံ ကုန်ကြမ်းဝါဒ ပေါများမှု/ ရှားပါးမှု အခြေအနေ

(ဈ) ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စွန့်ပစ်ခြင်း အစရှိသည့် အဆင့်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးမှု

(ည)စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း စသည်တို့ပင် ဖြစ်ပါသည်။

နိုင်ငံတကာ ကုန်စည်ကူးသန်းစင်တာ ( International Trade Center )က ဒေသအလိုက် ပို့ကုန်မြှင့်တင်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၆၄ နိုင်ငံအပေါ် ခြုံငုံသုံးသပ်ချက် စာတမ်းတစ်စောင် ပြုစုထားရှိရာ ဖွံ့ဖြိုးမှုအနောက်ကျဆုံးနိုင်ငံ ( Least Developing Countries Or LDCs)များတွင် ပို့ကုန်အမျိုးအစားသစ်များရှာဖွေရန် အရည်အချင်းရှိသော်လည်း အသုံးမချခြင်းဖြစ်သည်ဟု သုံးသပ်ထားကြောင်း လေ့လာမိပါသည်။ စီးပွားရေးလုပ်ငန်းများ(Msme)နှင့် အမျိုးသမီးထုကဲ့သို့ လူမှုသိုက်အသိုက်အဝန်းအတွင်း အနိမ့်ချခံရဆုံးသော သူများအားလုံး တန်းတူပါဝင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ရေရှည်ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ နယ်စပ်ဖြတ်ကျော် e-commerce လုပ်ငန်းတိုးတက်လာ

၂၀၂၀ ပြည့်နှစ် ပထမ ၁၁ လတွင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ နယ်စပ်ဖြတ်ကျော် e-commerce ကုန်သွယ်ရေးပမာဏသည် ၁၀ ဆကျော် တိုးတက်လာခဲ့ကြောင်းကို ဒေသခံအကောက်ခွန်အာဏာပိုင်များက ပြောကြားခဲ့သည့်သတင်းအား Xinhua Website တွင် ၁၅-၁၂-၂၀၂၀ ရက်၌ ဖော်ပြခဲ့သည်။

ပြည်နယ်အတွင်း နယ်စပ်ဖြတ်ကျော် e-commerce သွင်းကုန်နှင့်ပို့ကုန်တန်ဖိုးသည် ယွမ် ၆၄၀ သန်း (အမေရိ ကန်ဒေါ်လာ ၉၇ ဒသမ ၇ သန်း) ရောက်ရှိခဲ့ကြောင်း၊ ယခင်နှစ် တူညီကာလထက် ၁၃ ဒသမ ၃ ဆကျော် မြင့်တက်ခဲ့ကြောင်း ကူမင်းအကောက်ခွန်ဌာနမှ ပြောကြားခဲ့သည်။ ကူမင်းမြို့တော်အား အမျိုးသားအဆင့် အလုံးစုံ စမ်းသပ်ရေးဇုန်အဖြစ် သတ်မှတ်ပြီးသည့်အချိန်မှစ၍ ယူနန်ပြည်နယ်၏နယ်စပ်ဖြတ်ကျော် e-commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဟုဆိုသည်။

တိုးပွားလာသည့်ကဏ္ဍများ၏ လိုအပ်ချက်များ ပြည့်မီစေရန် ဒေသခံအကောက်ခွန် အာဏာပိုင်များသည် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းမှုများ လွယ်ကူစေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်မှုတိုးတက်စေရန် လုပ်ကိုင်လျက်ရှိကြောင်းကို အဆိုပါသတင်းတွင် ဖော်ပြထားသည်။

WTO

စာမျက်နှာ (၂၅) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ. . . မှအဆက်

### အမှတ်တံဆိပ်များအား ကြိုတင်လက်ခံခြင်း

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအာဏာသက်ဝင်ပြီးနောက် မူပိုင်ခွင့်ဦးစီးဌာနမှ မှတ်ပုံတင်လျှောက်လွှာများ စတင်လက်ခံသည့်နေ့တွင် နိုင်ငံတော်၏ဈေးကွက်တွင် အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်အဟောင်းများနှင့် အမှတ်တံဆိပ်အသစ်များ၏ မူပိုင်ခွင့်လျှောက်ထားခြင်းများကို တစ်ပြိုင်နက် လက်ခံဆောင်ရွက်မည်ဖြစ်သည်။ ဦးစွာထားသည့် အမှတ်တံဆိပ်များကို ဦးစားပေးသည့်စနစ်ဖြစ်သည့်အတွက် လျှောက်လွှာလက်ခံသည့် ပထမနေ့တွင် လျှောက်လွှာအရေအတွက် မြောက်မြားစွာကို လက်ခံရရှိမည်ဖြစ်သည်။ ၎င်းတို့တွင် အမှတ်တံဆိပ်ဟောင်းများ၏ အရေအတွက်သည် အမှတ်တံဆိပ်အသစ်များထက် အဆပေါင်းများစွာပိုနိုင်သည်။ သို့ဖြစ်၍ ဦးစီးဌာန၏ လျှောက်လွှာလက်ခံသည့် မှတ်ပုံတင်ဌာန (Reception) အနေဖြင့် များပြားလှသော အမှတ်တံဆိပ်လျှောက်လွှာများကို တစ်နေ့တည်းတွင် လက်ခံဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းအင်အားမလုံလောက်မှု၊ အလုပ်ချိန်မလုံလောက်မှု၊ အွန်လိုင်းဖြင့် မှတ်ပုံတင်ခြင်းကို လူများစွာက တစ်ပြိုက်နက် အသုံးပြုလျှင် ဆာဗာ၏ခံနိုင်ရည်အတိုင်းအတာထက် ဝန်ပိုခြင်းကြောင့် ပြတ်တောက်မှု (Sever BreakDown) စသည့် အခက်အခဲများစွာ ကြုံတွေ့နိုင်သည်။

သို့ဖြစ်၍ များလှစွာသော အမှတ်တံဆိပ်ဟောင်းများကို ဥပဒေအာဏာ မသက်ဝင်မီ ကြိုတင်လက်ခံခြင်းကို ဆောင်ရွက်နိုင်မည်ဆိုလျှင် ကြုံတွေ့နိုင်မည့်အခက်အခဲများကို လျှော့နည်းစေမည်ဖြစ်သည်။ ထိုသို့ ကြိုတင်လျှောက်ထားရာတွင် အွန်လိုင်းစနစ် (Wipo File)ဖြင့် လျှောက်လွှာတင်သည့် အိုင်တီစနစ်ကို အသုံးပြုမည်ဖြစ်သည်။ Wipo File ကို မူပိုင်ခွင့်ဦးစီးဌာန၏အင်တာနက်ဝက်ဆိုဒ်ဖြစ်သည့် www.ipd.gov.mm တွင် ချိတ်ဆက်ထားမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာတင်သွင်းခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

WIPO file ကို အသုံးပြုနိုင်ရန်အတွက် ၎င်းစနစ်ကို ဝင်ရောက်အသုံးပြုနိုင်မည့် အသုံးပြုသူ၏ (WIPO File User) မှတ်ပုံတင်မှုတစ်ရပ် လိုအပ်သည်။ မှတ်ပုံတင်ပြီးပါက အသုံးပြုသူ၏အမည်နှင့် စကားဝှက်ကို သတ်မှတ်ရမည်ဖြစ်သည်။ အသုံးပြုသူသည် မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ Wipo File ကို အဆိုပါ အသုံးပြုသူအမည်နှင့် စကားဝှက်ကို အသုံးပြု၍ မူပိုင်ခွင့်ဦးစီးဌာန၏ Website မှတစ်ဆင့် WIPO File သို့ ဝင်ရောက်နိုင်သည်။ သို့ဖြစ်၍ ယင်းစနစ်သည် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများကို ဝန်ဆောင်မှုပေးသောလုပ်ငန်းများ၊ ဥပဒေအကျိုးဆောင်များ၊ ကုမ္ပဏီများနှင့် အမှတ်တံဆိပ်များစွာပိုင်ဆိုင်သောလုပ်ငန်းရှင်များအတွက် မှတ်ပုံတင်ထားခြင်းကို လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသော လုပ်ငန်းများကို အမှတ်တံဆိပ်ပိုင်ရှင်၏ကိုယ်စား တာဝန်ယူ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်နေသူများသည် မူပိုင်ခွင့်လျှောက်လွှာ အရေအတွက်များစွာ တင်သွင်းနိုင်သည့် သို့မဟုတ် အနာဂတ်တွင် ထိုသို့ လုပ်ဆောင်နိုင်ရန် အလားအလာရှိသည့်လုပ်ငန်းများဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားခြင်းကို ကိုယ်တိုင်ဆောင်ရွက်လိုလျှင် မူပိုင်ခွင့်မှတ်ပုံတင်ဌာနတည်ရှိရာနေရာများသို့လည်း သွားရောက်မှတ်ပုံတင်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်လွှဲအပ်၍လည်း ဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာ မသက်ရောက်မီ အမှတ်တံဆိပ်များ ကြိုတင်လက်ခံခြင်းကို ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် အမိန့်အမှတ် ၆၃/ ၂၀၂၀ ကို ထုတ်ပြန်၍ အမှတ်တံဆိပ်လျှောက်ထားခြင်းများကို အွန်လိုင်းစနစ်ဖြင့် အောက်တိုဘာ ၁ ရက်မှစတင်၍ ကြိုတင်လက်ခံနိုင်ခဲ့သည်။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရေးအတွက် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းများကို Virtual စနစ်ဖြင့် ၁၆ ကြိမ်ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ အသိပညာပေးခြင်းများကို IP Myanmar Facebook တွင် live လွှင့်၍လည်းကောင်း၊ အင်တာနက်ဝက်ဆိုဒ်တွင်လည်းကောင်း၊ အများပြည်သူသိရှိလိုက်နာဆောင်ရွက်နိုင်ရန် ထုတ်လွှင့်ခဲ့သည်။ အမှတ်တံဆိပ် မှတ်ပုံတင်ခွင့်ပြုရန်အတွက် လျှောက်ထားလွှာများကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာသက်ရောက်ပြီးမှသာလျှင် စစ်ဆေးဆောင်ရွက်ခြင်းများကို အထက်တွင် ဖော်ပြခဲ့သည့် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းကာလတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအပါအဝင် မူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်ရေးအတွက်ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းတွင် ရင်းနှီးမြှုပ်နှံ၍ စီပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသော ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ အားလုံးတို့အတွက် တန်းတူညီမျှမှုရှိသော မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများရရှိနိုင်ရေး၊ မူပိုင်ခွင့်ချိုးဖောက်မှုများကို အကာအကွယ်ရယူခြင်းဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုရှိစေရေးနှင့် အရည်အသွေးမြင့်မားသော ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ရပ်တည်နိုင်စေရေး၊ ဈေးကွက်ချဲ့ထွင်နိုင်စေရေးတို့အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်မှတ်ပုံတင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# တန်ဖိုးကွင်းဆက်အတွက် နမူနာဖြစ်ရပ်

သိန်းမြင့်ဝေ

တန်ဖိုးကွင်းဆက် (Value Chain) သည် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုသဘောတရားတစ်ခု ဖြစ်သည်။ တန်ဖိုးကွင်းဆက်ဟူသော အယူအဆကို အမေရိကန်ပညာရှင် မိုက်ကယ်ပေါ်တာ (Michael Porter) က ၁၉၈၅ ခုနှစ်တွင် စတင်ဖော်ထုတ်ခဲ့သည်။ တန်ဖိုးကွင်းဆက်သဘောတရားတွင် စီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းလည်ပတ်မှုလုပ်ဆောင်ချက် အားလုံးပါဝင်သည်။ တန်ဖိုးကွင်းဆက်ကို လေ့လာရာတွင် ထုတ်လုပ်မှုကွင်းဆက် သို့မဟုတ် ထုတ်လုပ်မှုလမ်းကြောင်းဟူသော Supply Chain နှင့်တွဲဖက်၍ လေ့လာနိုင်သည်။

ထုတ်လုပ်မှုကွင်းဆက်သည် ကုန်ပစ္စည်းဝယ်ယူမှု (Procurement process of goods and services) ကို အဓိကလေ့လာသည်။ တန်ဖိုးကွင်းဆက်သည် လုပ်ဆောင်ချက်အဆင့်ဆင့်၏ အဆင့်တိုင်း၌ တိုးတက်လာသော တန်ဖိုး (Value added) ကို အဓိကလေ့လာသည်။ တန်ဖိုးကွင်းဆက်၏ ရည်ရွယ်ချက်မှာ ရောင်းချသော ထုတ်ကုန်တစ်ခုအတွက် အမြတ်ရရှိနိုင်သော တန်ဖိုး (Profitable value) ကို ဖန်တီးရန်ဖြစ်သည်။ မိုက်ကယ်ပေါ်တာက ၁၉၈၅ ခုနှစ်တွင် ထုတ်ဝေသောသူ၏စာအုပ်၌ တန်ဖိုးကွင်းဆက်အကြောင်း ရှုထောင့်မျိုးစုံမှဆွေးနွေးတင်ပြထားသည်။ သို့သော်လည်း ဤနေရာတွင် တန်ဖိုးကွင်းဆက်အကြောင်းနားလည်ရန် အရေးကြီးသော အချက်အနည်းငယ်ကိုသာ ဖော်ပြထားပါသည်။

## တန်ဖိုးကွင်းဆက် အခြေခံသဘောတရား

ယေဘုယျအားဖြင့် တန်ဖိုးကွင်းဆက် လုပ်ဆောင်ချက်များ (Value-chain business activities) ကို အခြေခံလုပ်ဆောင်ချက်များနှင့် အထောက်အကူပြုလုပ်ဆောင်ချက်များဟူ၍ ခွဲခြားလေ့ရှိသည်။ အခြေခံလုပ်ဆောင်ချက်များ (Primary activities) သည် ကုန်စည်ထုတ်လုပ်မှုနှင့် တိုက်ရိုက်ဆက်စပ်နေကြသည်။ အထောက်အကူပြုလုပ် ဆောင်ချက်များ (Support activities) သည် အခြေခံလုပ်ဆောင်ချက်များ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေသော လုပ်ဆောင်ချက်များ ဖြစ်သည်။ ထို့ပြင် အထောက်အကူပြုလုပ်ဆောင်ချက်များက လုပ်ငန်းတူ လုပ်ဆောင်သော အခြားကုမ္ပဏီ များထက်ယှဉ်ပြိုင်အားသာချက် (Competitive advantage) ကို ပိုမိုရရှိစေသည်။

စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းမန်နေဂျာများ၏ အဓိကရည်ရွယ်ချက်မှာ အစွန်းထွက်အမြတ် (Margins) အများဆုံး ရရှိရေးဖြစ်သည်။ ထို့အတွက် ၎င်းတို့သည် သွင်းအားစုများ (Inputs) ကို ကုန်စည်နှင့် ဝန်ဆောင်မှု (Output) အဖြစ် ပြောင်းလဲကြသည်။ တစ်နည်းအားဖြင့် ကုန်ကြမ်းကဲ့သို့သော သွင်းအားစုများကို အသုံးပြု၍ ကုန်ချောထုတ်လုပ်ကြသည်။ အဆိုပါ ထုတ်လုပ်မှုဖြစ်စဉ်၏ အဆင့်တိုင်း၌ တန်ဖိုးတိုးတက်လာပါသည်။ ထိုကဲ့သို့ ထုတ်လုပ်ခြင်းအတွက် စုစုပေါင်း အစွန်းထွက်အမြတ် (Gross profit margin) ကို တွက်ချက်နိုင်သည်။

စုစုပေါင်း အစွန်းထွက် အမြတ်များလေလေ၊ ထုတ်ကုန်ကို ပိုမိုထုတ်လုပ်လေလေဖြစ်ပါသည်။ သို့သော်လည်း တန်ဖိုးကွင်းဆက် လေ့လာမှုတွင် အစွန်းထွက်အမြတ်မှာ အရေးမကြီးလှပေ။ အဘယ်ကြောင့်ဆိုသော် တန်ဖိုးကွင်းဆက် လေ့လာမှုသည် ကုမ္ပဏီတစ်ခု၏ ငွေလုံးငွေရင်းအသုံးစရိတ် (Capital expen- ditures)၊ အခွန် (Taxes)၊ ရင်းနှီးမြှုပ်နှံမှု (Investment activities) တို့ကို အဓိကလေ့လာသောကြောင့်ဖြစ်သည်။

## စတားဘတ်ကော်ပိုရေးရှင်း

စတားဘတ် ကော်ပိုရေးရှင်း (Starbucks) သည် အမေရိကန် ကော်ဖီကုမ္ပဏီတစ်ခု ဖြစ်သည်။ ကော်ဖီဆိုင်ခွဲများစွာ ပိုင်ဆိုင်သည်။ ၁၉၇၁ ခုနှစ်တွင် ဝါရှင်တန်ပြည်နယ်၊ ဆီယက်တယ်မြို့၌ ကော်ဖီဆိုင်တစ်ဆိုင်ဖြင့် စတင်ခဲ့သည်။ ယခုအခါ စတားဘတ်သည် ကမ္ဘာပေါ်တွင် အလွန်ထင်ရှားသော ကော်ဖီဆိုင်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ စတားဘတ်ကော်ဖီဆိုင်လုပ်ငန်း၏ စီမံခန့်ခွဲမှုကို လေ့လာခြင်းအားဖြင့် တန်ဖိုးကွင်းဆက် သဘောတရားကို ပိုမိုနားလည်နိုင်သည်။ စတားဘတ်ကုမ္ပဏီ၏ လုပ်ဆောင်ချက် အဆင့်ဆင့်ကို မိုက်ကယ်ပေါ်တာ၏ တန်ဖိုးကွင်းဆက် လေ့လာထားသည့်ပုံနှင့် ယှဉ်တွဲကြည့်ရှုသင့်ပါသည်။




## စတားဘတ်ကုမ္ပဏီ၏ အခြေခံလုပ်ဆောင်ချက်များ

မိုက်ကယ်ပေါ်တာ၏ တန်ဖိုးကွင်းဆက်ပုံတွင် ဖော်ပြထားသည့်အတိုင်း အခြေခံလုပ်ဆောင်ချက်ငါးမျိုးကို လေ့လာပါမည်။ ပထမအချက်မှာ Inbound Logistics ဖြစ်သည်။ စတားဘတ်ကုမ္ပဏီအတွက် Inbound Logistics ဆိုသည်မှာ ကော်ဖီစေ့ (Coffee beans) ဝယ်ယူခြင်းဖြစ်သည်။ ထိုသို့ဝယ်ယူရာတွင် ကုမ္ပဏီက ခန့်ထားသော ဝယ်ယူသူများက လက်တင်အမေရိက၊ အာဖရိကနှင့်အာရှတိုက်ရှိ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများထံမှ အရည်အသွေး အကောင်း ဆုံးသော ကော်ဖီစေ့များကို ရွေးချယ် ဝယ်ယူခြင်း ဖြစ်သည်။ အထူးသဖြင့် အစိမ်းရောင်ကော်ဖီစေ့ သို့မဟုတ် မလှော်ရသေးသော (အခြောက်မခံရသေးသော) ကော်ဖီစေ့များကို စတားဘတ်ကုမ္ပဏီ၏ ဝယ်ယူသူများက ကော်ဖီစိုက်ခင်းမှ ကိုယ်တိုင်ဝယ်ယူခြင်းဖြစ်သည်။ အဆိုပါ ကော်ဖီစေ့အစိမ်းများကို သက်ဆိုင်ရာ ဂိုဒေါင်သို့ ပို့ဆောင်သည်။ ထို့နောက် ကော်ဖီစေ့များကိုလှော်ပြီး သို့မဟုတ် မီးအပူပေးပြီး ထုပ်ပိုးထားရှိသည်။

ထိုကဲ့သို့ စတားဘတ်ကုမ္ပဏီ၏ ကိုယ်တိုင်အပူပေးထုပ်ပိုးလိုက်ခြင်းကြောင့် ကော်ဖီစေ့၏တန်ဖိုး မြင့်တက်လာသည်။ ထို့ကြောင့် ကော်ဖီစေ့ရောင်းချသော ဈေးနှုန်းကို မြှင့်တင်ရောင်းချနိုင်သည်။ သေချာစွာ ထုပ်ပိုးထားသော ကော်ဖီစေ့များကို ကုန်ဖြန့် စင်တာများ (Distribution centers) သို့ ပေးပို့သည်။ ထိုသို့ ပို့ဆောင်ရာတွင် အချို့ကော်ဖီထုပ်များကို ကုမ္ပဏီပိုင် မော်တော်ယာဉ်များဖြင့် ပို့ဆောင်သည်။ အချို့ကော်ဖီထုပ်များကို အခြားကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီများမှတစ်ဆင့် ကုန်ဖြန့်စင်တာများသို့ ပို့ဆောင်ပါသည်။ စတားဘတ်ကုမ္ပဏီသည် ကော်ဖီစေ့ဝယ်ယူရာတွင် အခြားသူများမှ တစ်ဆင့်ဝယ်ယူခြင်းမပြုဘဲ ကိုယ်တိုင်ဝယ်ယူသည်။ သို့မှသာ အရည်အသွေးအလွန်ကောင်းမွန်သော ကော်ဖီစေ့များကို ရရှိမည်ဖြစ်သည်။

ဒုတိယ အခြေခံလုပ်ဆောင်ချက်မှာ ကုန်ချောထုတ်လုပ်ခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်ခြင်း (Operations) ဖြစ်သည်။ စတားဘတ်ကုမ္ပဏီသည် ဈေးကွက် ၈၀ ကျော် ပိုင်ဆိုင်ထားသည်။ ဈေးကွက်အများစုတွင် ကိုယ်ပိုင်ကော်ဖီဆိုင်များ တည်ထောင်ရောင်းချသည်။ ထို့ပြင် တချို့ဈေးကွက်များ၌ စတားဘတ်ကုမ္ပဏီ၏ လိုင်စင်ဖြင့် ဖွင့်လှစ်ရောင်းချသော ကော်ဖီဆိုင်များလည်းရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ စတားဘတ်ကုမ္ပဏီဆိုင်ပေါင်း ၃၂,၀၀၀ ကျော်ရှိသည်။ စတားဘတ်ကုမ္ပဏီသည် Teavana, Seattle's Best Coffee, Evolution Fresh စသည့် ထုတ်ကုန်တံဆိပ်အမျိုးမျိုးကိုလည်း ပိုင်ဆိုင်ထားသည်။ ကုမ္ပဏီ၏ စုစုပေါင်း အသားတင်ရငွေ (Total net revenue) ၏ ၈၁ ရာခိုင်နှုန်းကို ကိုယ်ပိုင်ဆိုင်များမှရရှိပြီး စုစုပေါင်း အသားတင်ရငွေ၏ ၁၁ ရာခိုင်နှုန်းကို လိုင်စင်ပေးထားသောဆိုင်များထံမှ ရရှိသည်။

တတိယ အခြေခံလုပ်ဆောင်ချက်မှာ ကုန်ချောဖြန့်ဖြူးခြင်း (Outbound logistics) ဖြစ်သည်။ စတားဘတ်ကုမ္ပဏီသည် ထုတ်ကုန်ရောင်းချရာတွင် တိုက်ရိုက်ရောင်းချသည်။ အခြားသူများမှတစ်ဆင့်ရောင်းချခြင်းမျိုး အလွန်နည်းပါးပါသည်။ သို့သော်လည်း လက်လီရောင်းချခြင်းအတွက် အရေးကြီးသော သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းကိစ္စများကို အခြားကုမ္ပဏီထံမှ ငှားရမ်းသုံးစွဲလေ့ရှိပါသည်။

စတုတ္ထလုပ်ဆောင်ချက်မှာ ဈေးကွက်ရှာဖွေ ရောင်းချခြင်း (Marketing & Sales) ဖြစ်သည်။ ကုမ္ပဏီသည် အလွန်အမင်း ဈေးကွက်ရှာဖွေခြင်း (Aggressive marketing) ထက် ထုတ်ကုန် အရည်အသွေးကောင်းမွန်ရေးနှင့် ဝန်ဆောင်မှု(Customer service) ကောင်းမွန်ရေးကို အထူးဦးစားပေးလုပ်ဆောင်သည်။ သို့သော်လည်း လိုအပ်သော ဈေးကွက်ရှာဖွေရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါသည်။ ဥပမာအားဖြင့် ထုတ်ကုန်အသစ် စတင်မိတ်ဆက်သည့် အချိန်မျိုးတွင် ကော်ဖီဆိုင်ဝန်းကျင် ဧရိယာများ၌ နမူနာပေး၊ ကော်ဖီတိုက်ခြင်းမျိုး လုပ်ဆောင်ပါသည်။

နောက်ဆုံးအခြေခံလုပ်ဆောင်ချက်မှာ ဝန်ဆောင်မှုပေးခြင်း (Service) ဖြစ်သည်။ စတားဘတ်ကုမ္ပဏီသည် ကော်ဖီဆိုင်အတွင်း အကောင်းဆုံး ဝန်ဆောင်မှုပေးခြင်းအားဖြင့် စားသုံးသူ၊ ဖောက်သည်၏ သစ္စာရှိမှု (Customer loyalty) ကို တည်ဆောက်ရန် ရည်ရွယ်သည်။ ကော်ဖီသောက်သုံးသူ ဖောက်သည်များအား ပြိုင်ဘက်ကင်းသည့် စတားဘတ်အတွေ့အကြုံ (Unique Starbucks Experience) နှင့်အတူ ထူးခြားသည့် ဝန်ဆောင်မှုကို ဖြည့်ဆည်းပေးသည်။ ဝန်ဆောင်မှုသင်တန်းပေးခြင်း (Service Training) သည် တန်ဖိုးကွင်းဆက်၏ သော့ချက်ကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကော်ဖီသောက်သုံးသူများအပေါ် ကုမ္ပဏီဝန်ထမ်း သို့မဟုတ် ဝန်ဆောင်မှုပေးသူများ (Baristas) က ဝန်ဆောင်မှုကောင်းကောင်းပေးလေလေ၊ တန်ဖိုးတက်လေလေဖြစ်ပါသည်။

## စတားဘတ်ကုမ္ပဏီ၏ အထောက်အကူပြုလုပ်ဆောင်ချက်များ

မိုက်ကယ်ပေါ်တာက ပုံတွင်ပြထားသည့်အတိုင်း တန်ဖိုးကွင်းဆက်ကို လေ့လာရာတွင် အရေးကြီးသော အထောက်အကူပြုလုပ်ဆောင်ချက်လေးချက်ကို ဖော်ပြခဲ့သည်။ ပထမဆုံး အထောက်အကူပြုလုပ်ဆောင်ချက်မှာ ကုမ္ပဏီ၏ အခြေခံအဆောက်အအုံ (Infrastructure) ဖြစ်သည်။ ဤတွင် စီမံရေးရာဌာန၊ ဘဏ္ဍာရေးဌာန၊ တရားရေးဌာန စသည့် ဌာနနှင့် ဌာနခွဲများ ပါဝင်သည်။ ၎င်းတို့သည် စတားဘတ်ကော်ဖီဆိုင်များ၏ လုပ်ငန်းလည်ပတ်မှုကို တာဝန်ယူကြရသည်။ ကုမ္ပဏီသည် ယင်း၏ ကုမ္ပဏီရုံးများတွင် မန်နေဂျာများ (Business managers) ခန့်ထားသည်။ ထို့အတူ ကော်ဖီဆိုင်များ၌ ဆိုင်မန် နေဂျာများ (Store managers) ခန့်ထားသည်။ ဆိုင်မန်နေဂျာများက ကော်ဖီဆိုင်၏ ဒီဇိုင်းနှင့် အခင်းအကျင်း ကောင်းမွန်ရေးကိုလည်းကောင်း၊ ဆိုင်ဝန်ထမ်းများ၏ ဝန်ဆောင်မှု ကောင်းမွန်ရေးကိုလည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

ဒုတိယအထောက်အကူပြု လုပ်ဆောင်ချက်မှာ လူသားအရင်းအမြစ် စီမံခန့်ခွဲမှု (Human resource management) ဖြစ်သည်။ ဝန်ထမ်းများသည် ကုမ္ပဏီ၏အောင်မြင်မှုနှင့် ရေရှည်တိုးတက်မှုအတွက် အလွန်အရေးကြီးသည်။ စတားဘတ်ကုမ္ပဏီသည် ဝန်ထမ်းအား အကျိုးခံစားခွင့်နှင့် မက်လုံးများ (Generous benefits and incentives) ပေးခြင်းဖြင့် တွန်းအားပေးပါသည်။ ဝန်ထမ်းများကို အထူးဂရုစိုက်သောကြောင့် ဝန်ထမ်းမတည်မြဲမှုပြဿနာ အလွန်နည်းပါးသည်။ ဤအချက်က ကုမ္ပဏီ၏လူသားအရင်းအမြစ် စီမံခန့်ခွဲမှု အလွန်ကောင်းမွန်ကြောင်း ညွှန်ပြနေသည်။ ထို့ပြင် ဝန်ထမ်းများအတွက် သင်တန်းများစွာကိုလည်း စီစဉ်ပေးသည်။ ဤအချက်က ဝန်ထမ်းများ၏ စိတ်ဓာတ်ခွန်အား မြင့်တက်စေပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်စေသည်။

တတိယ အထောက်အကူပြု လုပ်ဆောင်ချက်မှာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး (Technology development) ဖြစ်သည်။ စတားဘတ်ကုမ္ပဏီသည် နည်းပညာကို အလွန်အသုံးချသည်။ ကော်ဖီထုတ်လုပ်မှုဖြစ်စဉ်အတွက်သာမက ဖောက်သည်များနှင့် ချိတ်ဆက်ရာတွင်လည်း နည်းပညာအသုံးပြုသည်။ ကော်ဖီထုတ်လုပ်မှုဖြစ်စဉ်အတွက် နည်းပညာအသုံးပြုရာတွင် ကော်ဖီ၏ အနံ့၊ အရသာ၊ အရည်အသွေး ကောင်းမွန်ရေးနှင့် ကုန်ကျစရိတ် သက်သာရေးတို့အတွက် နည်းပညာအသုံးပြုခြင်း ဖြစ်သည်။ ကော်ဖီ သောက်သုံးသူများသည် စတားဘတ်ကော်ဖီဆိုင်များအား ၎င်းတို့၏ ယာယီရုံးခန်း (Makeshift office) သို့မဟုတ် အစည်းအဝေး ကျင်းပရာနေရာ (Meeting place) အဖြစ် အသုံးပြုကြသည်။

စာမျက်နှာ ၂၉ သို့

# တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ (၂/၂၀၂၀) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အစည်းအဝေး(၁/၂၀၂၀)ကို(၂၇-၁၀-၂၀၂၀) ရက်နေ့မှာကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်(၁၁)ချက်ကို ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်များကို တိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီဝင်များကို အသိပေးရန် လိုအပ်သည့်အတွက် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီကိုဖွဲ့စည်းပြီးဖြစ်၍ ခရိုင်စားသုံးသူရေးရာကော်မတီများကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ သို့မှသာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည့်အပြင် စားသုံးသူအကျိုးစီးပွားအတွက် အကျိုးပြုနိုင်မှာဖြစ်ကြောင်း COVID-19 ရောဂါအခြေအနေကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ခက်ခဲရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများသည် အများပြည်သူအတွက် အကျိုးများစေ၍ အားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထွန်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ပထမသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ခရိုင်ကော်မတီဖွဲ့စည်းရန်အတွက် လျာထားအမည်စာရင်းများ၊ တိုင်ကြားမှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**



## လက်ပံတန်းမြို့ပေါ်ရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအား စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိစားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် COVID-19 စည်းကမ်းများနှင့် အညီ စားသောက်ဆိုင်များ ပြင်ဆင်ထားရှိရမည့်အချက်များ၊ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများလိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများလိုက်နာဆောင်ရွက်မှုရှိ/မရှိCOVID-19 ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဇန်နဝါရီ ၅ ရက်တွင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ခိုင်ခိုင်ရီ(သာယာဝတီ)**

## ဝန်းသိုမြို့ စည်ပင်သာယာဈေးအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ် စည်ပင်သာယာဈေးအတွင်း ရောင်းချနေသော ဈေးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ဇန်နဝါရီ ၇ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ၊ ခရိုင်ဦးစီးမှူး ဦးသန်းပိုနှင့်အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကုန်စုံဆိုင်များတွင် တားမြစ်ကုန်စည်များ ရောင်းချမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ ကိုဗစ်(၁၉)ကာလအတွင်း အရေးကြီးကုန်စည်များဖြစ်သည့် ကိုဗစ်(၁၉)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ၊မရှိ စစ်ဆေးခြင်းနှင့် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ရောင်းချသူဆိုင်ရှင်များအား သက်တမ်းလွန် စားသောက်များ ရောင်းချခြင်းမပြုရန်၊ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြပြီးမှသာ ရောင်းချကြရန် မှာကြားခဲ့ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **အေးမွန်သန့်(ကသာ)**

## မအူပင်တွင် စားသောက်ဆိုင်များအား အသိပညာပေးဆောင်ရွက်

မအူပင်ခရိုင် မအူပင်မြို့နယ် စားသောက်ဆိုင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေးနိုင်ရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း အသိပညာပေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးဦးစီးဌာနမှ စားသောက်ဆိုင်များ ဖွင့်လှစ်ရန် ညွှန်ကြားထားသည့်အချက်အလက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ/မရှိကို အသေးစိတ်စစ်ဆေးခြင်းနှင့် စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **CONSUMER MT**

## စာမျက်နှာ (၂၈) တန်ဖိုးကွင်းဆက်အတွက် နမူနာဖြစ်ရပ် . . . မှအဆက်

အဘယ်ကြောင့်ဆိုသော် စတားဘတ်ကော်ဖီဆိုင်သည် စားသုံးသူဖောက်သည်များအတွက် အင်တာနက် (Wi-Fi) ကို အကန့်အသတ်မရှိ အခမဲ့သုံးစွဲခွင့်ပြုထားသောကြောင့်ဖြစ်သည်။

စတားဘတ်ကုမ္ပဏီသည် စားသုံးသူများက မေးခွန်းမေးမြန်းနိုင်သော၊ အကြံပြုနိုင်သော၊ အမြင်နှင့် ယူဆချက်များကို ပွင့်ပွင့်လင်းလင်း ဖော်ပြနိုင်သော၊ အတွေ့အကြုံမျှဝေနိုင်သော အစီအစဉ်အမျိုးမျိုး (Several platforms) စီစဉ်ထားရှိသည်။ ဤနည်းပညာ အစီအစဉ်က စားသုံးသူဖောက်သည်များ၏တုံ့ပြန်မှု (Feedback) ကို ရရှိ နိုင်သည်။ တုံ့ပြန်မှုအလိုက် ဆုကြေးပေးသည့် အစီအစဉ်ကိုလည်း စီစဉ်ထားရှိပါသည်။ စတားဘတ်ကုမ္ပဏီသည် Apple's iBeacon စနစ်ကိုလည်း အသုံးပြုထားသည်။ ဤစနစ်ကို အသုံးပြုခြင်းအားဖြင့်ဖောက်သည်များသည် မိမိတို့၏ Smart Phone မှတစ်ဆင့် ကော်ဖီမှာယူနိုင်ပါသည်။ ထို့ပြင် ကော်ဖီဆိုင်သို့ ရောက်ရှိမည့်အချိန်တွင် အသင့်ပြင်ဆင်ထားပေးရန်လည်း ကြိုတင်အကြောင်းကြားထားနိုင်သည်။

စတုတ္ထနှင့် နောက်ဆုံး အထောက်အကူပြုလုပ်ဆောင်ချက်မှာ ဝယ်ယူခြင်း (Procurement) ဖြစ်သည်။ ကုန်ကြမ်းနှင့် အခြားလိုအပ်သောပစ္စည်းဝယ်ယူရာတွင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရသည်။ ကုမ္ပဏီများသည် ၎င်းတို့၏ ပစ္စည်းဝယ်ယူရေးကိစ္စအားလုံးအတွက် စည်းကမ်းသတ်မှတ်ချက် (Terms)၊ လိုအပ်ချက် (Requirements)နှင့် စံချိန်စံညွှန်း (Standards) တို့ကို သေချာသတ်မှတ်ထားသည်။ စတားဘတ်ကုမ္ပဏီသည် ကော်ဖီကို ကိုယ်တိုင်ကွင်းဆင်း ဝယ်ယူသောကြောင့် ယှဉ်ပြိုင်အားသာချက် (Competitive advantage) ရှိကြောင်း တွေ့ရသည်။

### နောက်ဆုံးရလဒ်

အထက်ဖော်ပြပါ တန်ဖိုးကွင်းဆက် သဘောတရားက လုပ်ငန်းမန်နေဂျာများအား အသုံးဝင်သော လုပ်ဆောင်ချက်များနှင့် အသုံးမဝင်သော လုပ်ဆောင်ချက်များ (Useful and wasteful activities) ကို ခွဲခြားသိမြင်စေသည်။ တန်ဖိုးကွင်းဆက်တွင် ပါဝင်သူများ (Stakeholders) အတွက်လည်း လုပ်ငန်းလည်ပတ်မှုနှင့်ဆက်နွယ်နေသော အရေးကြီးသည့်အမြင်များကို ရရှိစေသည်။ ထို့ပြင် လုပ်ငန်းတစ်ခု၏ အဆင့်တိုင်း၌ တန်ဖိုးမြှင့်တင်နိုင်သည့် အခွင့်အလမ်းများ (Value improvement opportunities) ဖော်ထုတ်ရန်အတွက် တန်ဖိုးကွင်းဆက် လေ့လာမှုသဘောတရားကို အသုံးပြုနိုင်သည်။ အကျိုးဆက်အနေဖြင့် အစွန်းထွက်အမြတ် (Margin efficiency) ကိုလည်း တိုးတက်စေနိုင်သည်။

**Source: Investopedia**



# အဂူရိုကို ခေါ်ယူရန် ပိုချက်တီနို စိတ်ဝင်စားနေ

ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်း နည်းပြသစ် ဖြစ်လာသည့် ပိုချက်တီနိုက မိမိအနေဖြင့် မန်စီးတီးအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး အဂူရိုကို ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း ထုတ်ဖော်ပြောဆိုလာသည်။

မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် မသေချာသေးသည့် တိုက်စစ်မှူး အဂူရိုကို ပီအက်စ်ဂျီအသင်းအတွက် ပိုချက်တီနိုက ခေါ်ယူလိုခြင်းဖြစ်သည်။

လက်ရှိ ပီအက်စ်ဂျီအသင်း တိုက်စစ်ပိုင်းတွင် နေမာ၊ အမ်ဘတ်ပီ၊ အိုင်ကာဒီနှင့် ကီရန်တို့ရှိနေရာ နေမာနှင့် အိုင်ကာဒီတို့မှာ ဂိုးသွင်းအားကျဆင်းနေသလို အမ်ဘတ်ပီ၏ အနာဂတ်မှာလည်း ပီအက်စ်ဂျီအသင်းတွင် ဆက်ရှိနေရန်မှာ မရေရာမသေချာသည့် အနေအထားသို့ ရောက်ရှိနေသည်။

ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုက မိမိအသင်းတွင် နေမာ၊ အမ်ဘတ်ပီနဲ့ ကီရန်တို့ကဲ့သို့ တိုက်စစ်ကစားသမားကောင်းများ ရှိနေကြောင်း၊ သို့သော် အဂူရိုကိုသာ ခေါ်ယူနိုင်မည်ဆိုပါက တိုက်စစ်ပိုင်းအတွက် စိတ်ပူစရာ မလိုတော့ကြောင်း ပြောဆိုခဲ့သည်။



# လူငယ် ကစားသမား အာမက်ဒီရယ်လိုကို မန်ယူအသင်း ခေါ်ယူ

မန်ယူအသင်းသည် အီတလီစီးရီးအေကလပ် အတ္တလန္တာအသင်းမှ အိုင်ဗရီကို့စ် တောင်ပံတိုက်စစ်ကစားသမား အာမက်ဒီရယ်လိုကို အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း အသင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၈ ရက်တွင် တရားဝင် ကြေညာလိုက်သည်။

မန်ယူအသင်းသည် အဆိုပါ အသက်(၁၈)နှစ်ရှိ လူငယ်ကစားသမားကို ပေါင် ၃၇ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်အထိရှိနေမည့် ငါးနှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ထပ်မံဖော်ပြထားသည်။

"ဥရောပမှာ အခြေချကစားနေကြတဲ့ အိုင်ဗရီကို့စ်ကစားသမားတွေဟာ မည့်ကြသလို အာမက်ဒီရယ်လိုဟာလည်း မည့်တဲ့ ကစားသမားတစ်ဦးပါ။ သူ့မှာ ဘောလုံးနဲ့ပတ်သက်ပြီး အရည်အချင်းတွေ တော်တော်လေးပြည့်ဝနေပါတယ်။ နောက်ထပ် သင်ယူစရာတွေကို ဆက်လက်သင်ယူပြီး အတွေ့အကြုံနဲ့ပါ ထပ်ပေါင်းလိုက်ရင် အာမက်ဒီရယ်လိုဟာ ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာမှာ သေချာပါတယ်။ သူ့ကို ကျွန်တော်တို့ ယုံကြည်မှုအပြည့်နဲ့ ကောင်းကောင်း လမ်းဖွင့်ပေးဖို့ လိုအပ်ပါတယ်"ဟု မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက ပြောဆိုခဲ့သည်။

မန်ယူအသင်းသို့ ရောက်ရှိလာသည့် အာမက်ဒီရယ်လိုက "ခုတော့ ကျွန်တော့်အိပ်မက်တွေ အကောင်အထည် ဖော်နိုင်ခဲ့ပါပြီ။ သမိုင်းအစဉ်အလာကြီးမားတဲ့ မန်ယူလို အသင်းမျိုးမှာ ကစားရဖို့က ကျွန်တော့် ငယ်ဘဝအိပ်မက်ပါ။ မန်ယူအသင်းမှာ ထိပ်တန်းကစားသမားတွေများနေတာကြောင့် ကျွန်တော့်အတွက်တော့ စိန်ခေါ်မှုတစ်ရပ်ပါ။ စိန်ခေါ်မှုအသစ်တွေကြားကပဲ ကျွန်တော့်ကစားသမားဘဝ မြင့်မားတိုးတက်အောင် ကြိုးပမ်းရမှာပါ။ အတ္တလန္တာအသင်းမှာ ကစားခွင့်ရရှိခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်။ အသင်းဖော်ဟောင်းတွေကို ကျွန်တော် မမေ့ပါဘူး။ သူတို့ရဲ့ ကျေးဇူးတွေကိုလည်း ကျွန်တော် အမြဲအမှတ်ရနေမှာပါ။ လတ်တလောကာလမှာတော့ အသင်းသစ် မန်ယူအသင်းနဲ့အတူ ဆုဖလားတွေ ရယူဖို့ ရည်မှန်းထားပါတယ်"ဟု သတင်းစာရှင်းလင်းပွဲအပြီးတွင် မီဒီယာများသို့ ပြောဆိုခဲ့သည်။

# စပါးနှင့် မန်စီးတီး ကာရာဘောင်းဖလား ဗိုလ်လုမည်

အင်္ဂလန်လိဂ်ဖလားဟု လူသိများသည့် ကားလင်းဖလားတစ်ဖြစ်လဲ ကာရာဘောင်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပပြီးစီးခဲ့ရာ ယင်းဆီမီးဖိုင်နယ်ပွဲစဉ်များတွင် စပါးအသင်းက ဘရန့်ဖို့ဒ်အသင်းကို ၂-၀ ဂိုးဖြင့် လည်းကောင်း၊ မန်စီးတီးအသင်းက မန်ယူအသင်းကို ၂-၀ ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ကြသည်။

စပါးအသင်းအနေဖြင့် ကာရာဘောင်းဖလား ဗိုလ်လုပွဲသို့ မတက်ရောက်နိုင်သည်မှာ ၁၃ နှစ်ပင် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းရဲ့ ဒီရာသီ ခြေစွမ်းက ဝေဖန်စရာတွေဖြစ်နေရပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို အလေးထားသလို ကာရာဘောင်းဖလားကိုလည်း အလေး



အနက် ထားပါတယ်။ ဒါကြောင့်လည်း ဒီပြိုင်ပွဲမှာ အသင်းရဲ့ အဓိကကစားသမားတွေကို ထုတ်သုံးခဲ့တာပါ။ ကစားနေတဲ့ ပွဲစဉ်တိုင်းကို အလေးအနက်ထားပါလို့လည်း ကျွန်တော့်ရဲ့ ကစားသမာတွေကို တိုက်တွန်းချင်ပါတယ်။ ပွဲစဉ်တိုင်းက ကျွန်တော်တို့အတွက် တိုက်ပွဲ တစ်ခုပါပဲ"ဟု စပါးအသင်းနည်းပြ မော်ရင်ဟိုက ပြောဆိုခဲ့သည်။

ကာရာဘောင်းဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲမှာ မန်စီးတီးအသင်းနှင့် ဆုံတွေ့ရမည်ဖြစ်ခြင်းကြောင့် မိမိတို့အသင်းအတွက် အလွန်ပင် ခက်ခဲမည်ဖြစ်ကြောင်း၊ မန်စီးတီးအသင်းမှာ လက်ရှိ ပရီးမီးယားလိဂ်တွင် အကောင်းဆုံး အသင်းဖြစ်ကြောင်း၊ သို့သော် ကာရာဘောင်းဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ချန်ပီယံဖြစ်ရေးမှာ မိမိတို့စပါးအသင်းအတွက်လည်း အခွင့်အရေးရှိနေမည်ဖြစ်ကြောင်း၊ မန်စီးတီးအသင်းမှာ ခက်ခဲသည့် ပြိုင်ဘက်အသင်းဖြစ်သော်လည်း အနိုင်ရရှိရေးမှာ မိမိအသင်း ကစားသမားများ၏ စိတ်ဓာတ်ပိုင်းနှင့်သာ သက်ဆိုင်ကြောင်း၊ ကာရာဘောင်းဖလားကို အလေးအနက်ထား ယှဉ်ပြိုင်နေခြင်းကြောင့် မိမိတို့အသင်း ဆုဖလားရနိုင်မည်ကို ယုံကြည်ထားကြောင်း မော်ရင်ဟိုက ဆက်လက်ပြောဆိုသည်။

စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ကာရာဘောင်းဖလား နောက်ဆုံးဗိုလ်လုပွဲကို ဧပြီ ၄ ရက် ည ၉း၃၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# လီဗာပူးအသင်း ရာမို့စ်ကိုခေါ်ယူရန် စိတ်ဝင်စားနေ

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းမှ စပိန်လက်ရွေးစင် နောက်ခံကစားသမား ရာမို့စ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

လီဗာပူးအသင်း၏ တိုက်စစ်ပိုင်းမှာ ယမန်နှစ်ကအတိုင်း ကောင်းမွန်မှုရှိနေပြီး အားရစရာ အနေအထားမျိုးဖြစ်သော်လည်း ခံစစ်ပိုင်းပြဿနာဖြင့် ကြုံတွေ့နေရသည်။ ယခုနှစ်ရာသီတွင် ဗဟိုခံစစ်ကစားသမား ဗန်ဒိုက်ဒဏ်ရာရသွားပြီးချိန်မှစ၍ လီဗာပူးအသင်းသည်လည်း ရလဒ်ပိုင်း ကမောက်ကမဖြစ်ကာ နိုင်ပွဲတစ်ပွဲ ရရှိရေးအတွက် ခက်ခက်ခဲခဲ ကြိုးပမ်းနေရသည်။

လီဗာပူးအသင်းနည်းပြ ဂျာကင်ကလော့က "ကျွန်တော်တို့အသင်း အဓိက ကြုံတွေ့နေရတာက ခံစစ်ပိုင်းပြဿနာပါ။ ခံစစ်ပိုင်းမှာ အားထားရတဲ့ ဗန်ဒိုက် ဒဏ်ရာရသွားတာ အသင်းအတွက် အဓိက ထိုးနှက်ချက် တစ်ရပ်ဖြစ်ခဲ့ရပါတယ်။ သူ့နေရာမှာ အစားထိုးဖို့ ကျွန်တော်တို့မှာ ပါဝါတူ ကစားသမားမရှိဘူး။ အသင်းရဲ့ ရလဒ်ပိုင်း တည်ငြိမ်အောင် ကျွန်တော်တို့ ခက်ခက်ခဲခဲ ကြိုးပမ်းနေရပါတယ်။ ဒါကြောင့် ဗဟိုခံစစ်နေရာအတွက် ထိပ်တန်းကစားသမားတစ်ဦး ခေါ်ယူဖို့ မဖြစ်မနေ လိုအပ်နေပါပြီ။ အခုအခြေအနေက ကျွန်တော်တို့အသင်းဟာ အိတ်ပေါက်နဲ့ ဖားကောက်သလိုဖြစ်နေပါတယ်။ ဒါကြောင့် ခံစစ်ပိုင်း အင်အားဖြည့်ဖို့ ပြင်ဆင်နေပါပြီ"ဟု ပြောဆိုခဲ့သည်။

လီဗာပူးအသင်းသည် ရာမို့စ်ကို ခေါ်ယူနိုင်ရေးအတွက် မကြာမီ ကမ်းလှမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ရာမို့စ်သည် အသက်(၃၄)နှစ်ရှိပြီဖြစ်သည်။

အဆိုပါ ကစားသမားသည် ဇန်နဝါရီ ၈ ရက်အထိ ရီးရဲလ်မက်ဒရစ်အသင်းအတွက် ၄၆၇ ပွဲပါဝင် ကစားပေးထားကာ ၇၂ ဂိုးသွင်းနိုင်ခဲ့ပြီး စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၁၇၈ ပွဲ ကစားထားပြီး ၂၃ ဂိုး သွင်းယူထားသည်။



ဟန်နေသစ် စုစည်းသည်

# ကိုရီးယားနိုင်ငံအခြေစိုက် Celltrion Co., Ltd. ကိုဗစ်(၁၉) ကုသဆေး အတည်ပြုချက်ရရှိရန် စီစဉ်နေ

ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Celltrion Co., Ltd.သည် ၎င်း၏ COVID-19 ကုသဆေးကုထုံးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း စတင်နိုင်ရန်စီစဉ်နေပြီး ကူးစက်မှုနှုန်း ပိုမိုမြင့်မား လျင်မြန်သောကြောင့် ပြည်သူများကြောက်ရွံ့နေကြသည့် COVID-19 ကူးစက်ရောဂါမျိုးစိတ်အသစ်ကို တိုက်ဖျက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ အစားအစာနှင့် ဆေးဝါးအန္တရာယ် ကင်းရှင်းရေးဝန်ကြီးဌာန (Ministry of Food & Drug Safety) မှ CT-P59 ထိုးဆေးဖြင့် ကုသမှုကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုကြောင်းကို ကုမ္ပဏီက ပြောကြားခဲ့ကြောင်း၊ Conditional Approval ဆိုသည်မှာကူးစက်ရောဂါအတွက် အခြားသောကုထုံးများမရှိပါက အဆင့်(၂) လက်တွေ့စမ်းသပ်မှုများ ပြီးဆုံးသည့်ဆေးအသစ်ကို အခြေအနေအရ အတည်ပြုပေးခြင်းဖြစ်ကြောင်း၊ တစ်ဆက်တည်းတွင် ဆေးဝါးထုတ်လုပ်သူအနေဖြင့် လက်တွေ့စမ်းသပ်မှုအဆင့်အားလုံးပြီးမြောက်စေရန် ဆက်လက်လုပ်ဆောင်ရန်လိုအပ်ကြောင်းလေ့လာသိရှိရသည်။

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် COVID-19 ကာကွယ်/ကုသဆေးအား စစ်ဆေးသုံးသပ်ခြင်းဆိုင်ရာ ရက်သတ်မှတ်ချက်ကို ၁၈၀ ရက်မှ ၄၀ ရက်သို့ လျှော့ချကြောင်း ကြေညာခဲ့ရာ ကုသဆေးသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ နှောင်းပိုင်းတွင် ခွင့်ပြုချက်ရရှိ၍ ကုသပေးခွင့်ရနိုင်မည်ဟု Celltrion Co., Ltd. က မျှော်လင့်ထားသည်။

အဆင့်(၂) စမ်းသပ်ခြင်းကို တောင်ကိုရီးယားနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊စပိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် လူနာပေါင်း ၃၂၇ ဦးဖြင့် စမ်းသပ်ခဲ့ပြီး နောက်ဆုံးအဆင့် ကုသဆေးထိုးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၅ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ Celltrion Co., Ltd. အနေဖြင့်စမ်းသပ်မှုအဆင့်အားလုံးပြီးစီးသည်နှင့် တောင်ကိုရီးယား ပြည်တွင်းအတည်ပြုချက်ရရှိရန် သက်ဆိုင်ရာသို့ တင်ပြရမည့် အချက်အလက်နှင့် စမ်းသပ်မှုမှတ်တမ်းများကို ပြည့်စုံစွာ ပြုစုတင်ပြထားပြီးဖြစ်သည်။

Celltrion သည် COVID-19 ကုသဆေး ပြည်တွင်းခွင့်ပြုချက်အတည်ပြုမှုကိုရရှိခဲ့ပါက လက်ရှိ Eli Lilly နှင့် Regeneron တို့ပြီးလျှင် COVID-19 Antibody ကုသမှုကို ဆောင်ရွက်နိုင်သည့် ကမ္ဘာ့တတိယကုမ္ပဏီဖြစ်လာမည်ဖြစ်သည်။ Celltrion က ထုတ်လုပ်သောဆေးသည် COVID-19 အပျော့စားလက္ခဏာများမှစ၍ COVID-19 ရောဂါအမျိုးအစားအားလုံးကို ကုသနိုင်မည်ဖြစ်ကြောင်း ၂၈-၁၂-၂၀၂၀ ရက်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတစ်ရပ်တွင် Celltrion ၏ဒုတိယဥက္ကဋ္ဌ Kee Woo-sung က ထုတ်ဖော်ပြောကြားခဲ့သည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး**
**(မြန်မာသံရုံး၊ ဆိုးလ်မြို့)။**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း လျှော့ချ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်တွင်း၌ ဈေးနှုန်းမြင့်တက်မှုကို ထိန်းသိမ်းရန်နှင့် အရန်ဆန်ဖူလုံမှုကို တိုးမြှင့်ရန်အတွက် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် သွင်းကုန်အခွန်အား ၆၅ ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာဝန်ကြီး Mr. Sadhan Chandra Majumdar က ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဆန်စပါးသုတေသနဌာန၏စာရင်းများအရ ၂၀၁၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆန်တန်ချိန် ၃၄၆ သိန်းခန့် ထုတ်လုပ်ခဲ့သော်လည်း ယခုနှစ် သီးနှံစိုက်ပျိုးရေးရာသီ၌ ရေကြီးမှုများကြောင့် ဆန်တန်ချိန် ၁၅ သိန်းခန့် ထုတ်လုပ်မှုလျော့ကျခဲ့ကြောင်း၊ သို့ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ယခုဘဏ္ဍာနှစ်အတွင်း ဘာစမာတီ မဟုတ်သောဆန်များအား တန်ချိန်ငါးသိန်းအထိ တင်သွင်းဖွယ်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီး Mr. Majumdarက အစိုးရသည် စားသုံးသူများနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်အောင် ဆန်တင်သွင်းမှုအား ကြပ်မတ်လုပ်ဆောင်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက် နောက်ပိုင်းမှစ၍ ဆန်ကုန်သည်များသို့ သွင်းကုန်လိုင်စင်များချထားပေးမည်ဟုပြောဆိုကြောင်း၊ အိန္ဒိယဆန်တင်ပို့သူ လုပ်ငန်းရှင်များအသင်း (AIREA) အမှုဆောင်ညွှန်ကြားရေးမှူး Mr. Vinod Kaul က အိန္ဒိယကုမ္ပဏီနှစ်ခုသည် ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် တစ်သိန်းတင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အစိုးရချင်းသဘောတူညီမှုဖြင့် ဆန်တန်ချိန် ၂ ဒသမ ၅ သိန်းကို ဝယ်ယူမည်ဖြစ်သည်ဟုပြောကြားကြောင်း၊ ကျန်ရှိသော ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းကို ပုဂ္ဂလိက ကုန်သည်များမှတစ်ဆင့် ဝယ်ယူတင်သွင်းဖွယ်ရှိကြောင်းဖြင့် အိန္ဒိယသတင်းဌာနများက ဖော်ပြသည်။

လက်ရှိကာလတွင် IR64 အမျိုးအစား ဆန်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်၌ ရူပီးငွေ ၄၀ ခန့်ရှိပြီး အိန္ဒိယနိုင်ငံ၌ ဘာစမာတီမဟုတ်သော ဆန်များအား အများဆုံးစိုက်ပျိုးထုတ်လုပ်ရာ အနောက်ဘင်ဂယ်လ်ပြည်နယ်၌ ၂၄ ရူပီးခန့်သာ ကျသင့်သဖြင့် ယင်းဒေသရှိ ဆန်တင်ပို့သူ ကုန်သည်များအနေဖြင့် အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**နေအေးလွင်၊**
**စီးပွားရေးသံမှူး**

# ၂၀၂၁ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ ပို့ကုန်တိုးတက်မှုနှုန်း ၁၃ ဒသမ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ရန် မျှော်မှန်း

၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ ပို့ကုန် သည် ၁၃ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၂၃၇ ဒသမ ၃ ဘီလီယံရရှိရန် မျှော်မှန်းလျက်ရှိသည်။ တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေသည် ပဲပုပ်စေ့၊ လောင်စာဆီနှင့် သံသတ္တုရိုင်းများ တင်ပို့ရောင်းချမှုအခြေအနေအပေါ်တွင် မူတည်ကြောင်း ဘရာဇီးနိုင်ငံခြားကုန်သွယ်မှုအသင်း(the Brazilian Foreign Trade Association - AEB) က ပြောကြားခဲ့သည်။

အဆိုပါပို့ကုန်သုံးမျိုး၏ ကမ္ဘာ့ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်မှုနှင့် သင်္ဘောတင်ပို့မှု ပမာဏလျော့ကျနေမှုတို့ကြောင့် ဘရာဇီးနိုင်ငံ၏ ပို့ကုန်သည် ယခင်ကထက် ၄၀ ဒသမ ၂ ရာခိုင်နှုန်းအထိ ဈေးကွက်ဝေစုပိုမိုရရှိနိုင်ကြောင်း နိုင်ငံခြားကုန်သွယ်မှုအသင်းက ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် ဆီထွက်သီးနှံဈေးနှုန်းသည် ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ ၂၀၂၁ ခုနှစ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၀ အထိဖြစ်နိုင်ကြောင်း၊ တရုတ်နိုင်ငံ၏ ဝယ်လိုအား မြင့်တက်မှုကြောင့် ဘရာဇီးနိုင်ငံအတွင်း ပဲပုပ်စေ့များ တိုးချဲ့စိုက်ပျိုးခဲ့ရာ ၂၀၂၁ ခုနှစ်တွင် စံချိန်တင်ထွက်ရှိနိုင်ကြောင်း၊ ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့်နိုင်ငံများအနက် အကြီးမားဆုံးဖြစ်ကြောင်း အသင်းက ပြောကြားခဲ့သည်။

သံရိုင်းသည် ဘရာဇီးနိုင်ငံ၏ ဒုတိယအများဆုံးထုတ်လုပ်တင်ပို့သည့် ပို့ကုန်ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇ ဘီလီယံတန်ဖိုး တင်ပို့ခဲ့သည်။ နှစ်စဉ်သံရိုင်းဈေးနှုန်းများသည် ၄၂ ရာခိုင်နှုန်း ပျမ်းမျှ မြင့်တက်လျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၅ ဒေါ်လာအထိ ဈေးနှုန်းရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ သတ္တုရိုင်းထုတ်လုပ်သည့် Vale ကုမ္ပဏီသည် ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံအား ကမ္ဘာ့သတ္တုရိုင်း အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

ဘရာဇီးနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပသို့ဆီတင်ပို့ခဲ့ရာအမေရိကန်ဒေါ်လာ ၁၉ ဒသမ ၈ ဘီလီယံ ဝင်ငွေရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ပြည်ပသို့ ဆီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၅ ဘီလီယံအထိ ဝင်ငွေရရှိနိုင်ရန် ရည်မှန်းထားသည်။ နိုင်ငံခြားကုန်သွယ်မှုအသင်း၏ ခန့်မှန်းတွက်ချက်မှုအရ အဓိကတင်ပို့နေသည့် ပို့ကုန်ပစ္စည်း သုံးမျိုးအနက် လောင်စာဆီ တင်ပို့မှုတွင် ၅ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး တန်ချိန် ၇၅ သန်းအထိ တင်ပို့နိုင်ရန် ခန့်မှန်းထားသည်။

လတ်တလောအခြေအနေတွင် ဘရာဇီးနိုင်ငံသည် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားမှုကြောင့် စက်မှုထုတ်ကုန်ပစ္စည်းများ၏ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတွင် အားနည်းမှုများ ဖြစ်ပေါ်လျက်ရှိရာ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုအပေါ်တွင်သာ အဓိကမှီခိုအားထားနေရလျက်ရှိသေးကြောင်း ပြည်ပကုန်သွယ်မှုအသင်းက ပြောကြားခဲ့သည်။

**ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး။**

# စင်ကာပူနိုင်ငံ၏ စီးပွားရေး ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ထုတ်ပြန်

ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ၄-၁- ၂၀၂၁ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၀ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးတွင် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။

၎င်းအခြေအနေမှာ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူ၏ စီးပွားရေးသည် ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ကျဆင်းနိုင်သည်ဟု ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ယခင်ကြိုတင်ခန့်မှန်းချက်ထက် ရလဒ်ကောင်းမွန်ခဲ့သည်။ ယခုကဲ့သို့ ၂၀၂၀ ပြည့်နှစ်၊ စတုတ္ထသုံးလပတ်အတွင်းနှင့် ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးအတွက် စင်ကာပူ၏ စီးပွားရေးအခြေအနေကို ခန့်မှန်းရာတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ရရှိခဲ့သော စာရင်းအချက်အလက်များကိုသာ အဓိကထည့်သွင်း တွက်ချက်ထားပါကြောင်းနှင့် ပိုမိုပြည့်စုံသော စာရင်းအချက်အလက်များရရှိချိန်တွင် စာရင်းပြန်လည်ညှိနှိုင်းချက်များပြုလုပ်၍ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စီးပွားရေးတိုးတက်မှုနှုန်းကိုတွက်ချက်တိုင်းတာသည့် လုပ်ငန်းကဏ္ဍအလိုက် တိုးတက်ပြောင်းလဲမှုအခြေအနေများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းကဏ္ဍတို့မှာ ကိုဗစ် (၁၉) ကပ်ရောဂါကာလဖြစ်သော်လည်း ၂၀၁၉ ခုနှစ်ထက်ပင် တိုးတက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်(၁၉) ကပ်ရောဂါ ထိန်းချုပ်ရေး အစီအမံများကြောင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍ၊ တည်းခိုနေထိုင်မှုနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ၊ လက်လီရောင်းဝယ်ရေးနှင့် လက်ကားကုန်သွယ်ရေးလုပ်ငန်းကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုကဏ္ဍတို့မှာ ထိခိုက်မှုများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**(မြန်မာသံရုံး၊ စင်ကာပူမြို့)**

# ကိုရီးယားသမ္မတနိုင်ငံ၌ ကိုဗစ်(၁၉)ကာကွယ်ဆေးထိုးခြင်းကို ဖေဖော်ဝါရီလအတွင်း စတင်နိုင်ရန် စီစဉ်လျက်ရှိ

ကိုရီးယားသမ္မတနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတတိယလှိုင်းသည် သိသာစွာ လျော့ကျခြင်းမရှိဘဲ ကာလရှည်ကြာလာသည့်အလျောက် တစ်နိုင်ငံလုံး COVID-19 ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်းအစီအစဉ်ကို ယခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်နိုင်ရန် အသေးစိတ်အစီအစဉ်များအား ယခုလကုန်တွင် ပြီးစီးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးမည့် အသေးစိတ်အစီအစဉ်များကို ပြည်သူများသို့လည်း ရှင်းလင်းစွာ ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Chung Sye-kyun က ထုတ်ဖော်ပြောကြားခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ပြည်သူ ၅၆ သန်းအတွက် လုံလောက်သော ကာကွယ်ဆေးများရရှိစေရန် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီငါးခုထံမှ ဝယ်ယူထားပြီးဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ပထမဦးဆုံးရောက်ရှိမည့် ကာကွယ်ဆေးမှာ AstraZeneca မှ ဝယ်ယူထားသော ကာကွယ်ဆေးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ(သို့မဟုတ်) မတ်လတွင်လည်းကောင်း၊ Janssen ESihf Moderna တို့မှ ဝယ်ယူထားသည့် ကာကွယ်ဆေးများသည် ဒုတိယသုံးလပတ်အတွင်းလည်းကောင်း၊ Pfizer နှင့် BioNTech တို့မှ ဝယ်ယူထားသည့် ကာကွယ်ဆေးများသည် တတိယသုံးလပတ်တွင်လည်းကောင်း အသီးသီးရောက်ရှိမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရာတွင် COVID-19 ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတဝန်ထမ်းများနှင့် အသက်ကြီးသူများကို ဦးစားပေး၍ ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဦးစားပေးစာရင်းအား Korea Disease Control & Prevention Agency (KDCA) မှ ပြုစုလျက်ရှိကြောင်း သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံ၊ Ministry of Food & Drug Safety သည် AstraZeneca ၏ ကာကွယ်ဆေးအတည်ပြုရေးလျှောက်လွှာအား စိစစ်ခြင်းကို ၄-၁-၂၀၂၁ရက်နေ့တွင် စတင်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ကာလ ရက် ၄၀ အကြာတွင် အတည်ပြုချက် ချောမွေ့စွာရရှိနိုင်ရေး မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ၄-၁-၂၀၂၁ ရက်နေ့စာရင်းအရ နေ့စဉ် COVID-19 ကူးစက်သူဦးရေသည် ၁၀၂၀ ခန့်ရှိပြီး တင်းကြပ်သည့် စည်းမျဉ်းများ ချမှတ်ထားသည့်တိုင် ကူးစက်မှုကဆက်လက်တည်ရှိနေဆဲဖြစ်သလို ဗြိတိန်နိုင်ငံမှ ဝင်ရောက်လာသည့် ခရီးသည်များမှ ကူးစက်သည့် COVID-19 အသွင်ပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်းသည်လည်း ၁၂ ဦးအထိ ရှိလာပြီဖြစ်သည်။ မူလက ဆိုးလ်မြို့တော်နှင့်ပတ်ဝန်းကျင်ဒေသ ဧရိယာအတွက်သာ ၃-၁-၂၀၂၀ ရက်အထိ သတ်မှတ်ခဲ့သော လူငါးဦးထက်ပို၍ မစုဝေးရသည့်စည်းကမ်းအား တစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် ၁၇-၁-၂၀၂၁ရက်အထိသို့ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာထားသည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး**
**(မြန်မာသံရုံး၊ ဆိုးလ်မြို့)**

# တရုတ်နိုင်ငံ၏ ပြည်ပနိုင်ငံများသို့တင်ပို့မှု စံချိန်တင် မြင့်တက်ပြီး ကုန်သွယ်မှုအသာစီးရရှိလျက်ရှိ

တရုတ်နိုင်ငံမှ ထုတ်လုပ်ထွက်ရှိသည့် စက်မှုထုတ်ကုန် များ၊ ကုန်ကြမ်းပစ္စည်းများအပေါ် ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာသည့်အတွက် တရုတ် နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ တရားဝင်ထုတ်ပြန်ကြေညာခဲ့သည့် အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့မှုပမာဏ အမေရိကန် ဒေါ်လာ ၂၆၈ ဘီလီယံ ရရှိခဲ့ကြောင်း၊ အဆိုပါပမာဏသည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်သည့်ကာလအတွင်း အမြင့်ဆုံးဖြစ်ပြီး ပြီးခဲ့သည့်နှစ်၊ ကာလတူထက် ၂၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အလားတူပင် တင်သွင်းမှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၆ ဘီလီယံရရှိခဲ့သည့် အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် ၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ကုန်သွယ်မှုပမာဏ ၊ အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၄ ဘီလီယံ အသာစီး ရရှိလျက်ရှိကြောင်း သိရှိရသည်။

တရုတ်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အထည်အလိပ်များ၊ ပလတ်စတစ် ထုတ်ကုန်များ တင်ပို့မှုမြင့်တက်လာခဲ့သော်လည်း အဝတ်အထည်နှင့်ခရီးဆောင်အိတ်များ တင်ပို့မှုမှာမူ လျော့ကျလာခဲ့ကြောင်း ၊ အသုံးအဆောင်ပစ္စည်းများတင်ပို့မှု လျော့ကျလာခြင်းမှာ ကမ္ဘာ့ နိုင်ငံအများစုတွင် ကမ္ဘာ့ကပ်ရောဂါ ပြန်လည် ဖြစ်ပွားလာခြင်းကြောင့် ဖြစ်ကြောင်း၊ ပြည်တွင်း၌ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိမှုနှင့် နှိုင်းယှဉ်ပါက ပြည်တွင်းစားသုံးသူဈေးကွက် ပြန်လည်နလန်ထူလာမှု နှေးကွေးလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် နိုင်ငံ့စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ စွမ်းအင်နှင့် သတ္တုတင်သွင်းမှုများ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၂၁ ခုနှစ်အတွင်း ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိရန် စီးပွားရေးကျွမ်းကျင်သူများမှ ခန့်မှန်းထားကြောင်း သိရှိရသည်။

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့။**



စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယခုနှစ်အတွင်း ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် သယ်ယူပို့ဆောင်မှုအခက်အခဲများ၊ ကုန်စည်စီးဆင်းမှု ပြတ်တောက်ခြင်းများ ကြုံတွေ့ရလျက်ရှိပြီး ဆန်စပါးဈေးနှုန်းတည်ငြိမ်မှုမရှိခြင်းကြောင့်ဆန်တင်ပို့မှုရောင်းချရာတွင် အားနည်းချက်များကြောင့် ဆန်တင်ပို့ရောင်းချနိုင်မှု ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။

ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားဝင်ငွေများရရှိရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းအချုပ်အနေဖြင့် ပြည်ပမှဝယ်လိုအားရှိသည့် နိုင်ငံများနှင့် ဆက်သွယ်၍ တန်ဖိုးမြင့်ဆန်များဆက်လက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးရန်လည်းဦးဇော်မင်းဝင်းက တိုက်တွန်းပြောကြားထားသည်ကို သိရှိရသည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆန်လိုအပ်ချက်ကြောင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန်သုံးသိန်းတင်ပို့ရောင်းချသွားမည်ဖြစ်ပြီး လက်ရှိတွင် ဆန်တန်ချိန်တစ်သိန်းအားတင်ပို့ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆန်များရောင်းချပေးရန် တချို့နိုင်ငံများက ကမ်းလှမ်းထားမှုများရှိကြောင်းနှင့် အခက်အခဲကြုံတွေ့နေရသည့်နိုင်ငံများအပေါ် သင့်တင့်သည့်ဈေးနှုန်းနှင့် အရည်အသွေးရှိသည့်ဆန်များရောင်းချပေးစေလိုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကလည်းတိုက်တွန်း ပြောကြားခဲ့သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၂၀၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်အိတ်လျှင် ကျပ် ၂၃၈၀၅ မှ ၂၄၈၄၀ ကြားပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်းသိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၃၀၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၂၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့တွင် ကျပ် ၁၀၅၀၊ စစ်တွေနှင့် မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၏ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၇၆ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ကိုဗစ်(၁၉)ကြောင့် ဘရာဇီးနိုင်ငံ၏စီးပွားရေး ထိခိုက်နစ်နာပြီး တစ်ဦးချင်းဝင်ငွေပါ ကျဆင်း



ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုသည် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေးကို ကျဆင်းစေခဲ့သည့်အပြင် ကိုဗစ်-၁၉ကာလ ကန့်သတ်တားဆီးမှုများ ချမှတ်ဆောင်ရွက်ခဲ့မှုကြောင့် ဘရာဇီးနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုမှာ လုပ်ငန်းများလည်ပတ်နိုင်ခြင်းမရှိတော့ဘဲ စီးပွားရေးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်ငန်းများဆောင်ရွက်မည့်အချိန်ကို ရွှေ့ဆိုင်းရခဲ့သည့်အတွက် နိုင်ငံသားများ၏ တစ်ဦးချင်း ဝင်ငွေများပါ ကျဆင်းလျက်ရှိသည်။

**စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများ**

ကိုဗစ်-၁၉ ကူးစက်မှုမှကာကွယ်ရန်အတွက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်မှု စည်းကမ်းသတ်မှတ်ချက်များကြောင့် နိုင်ငံ့စီးပွားရေး၏ အဓိကကဏ္ဍများတွင် လျင်မြန်စွာ ကျဆင်းမှုများဖြစ်ပေါ်ခဲ့သည်။ အစောပိုင်းကာလများတွင် စက်မှုလုပ်ငန်းများသာ အထိနာခဲ့သော်လည်း နောက်ပိုင်းတွင် ထုတ်လုပ်မှုရပ်ဆိုင်းရမှုများ၏နောက်ဆက်တွဲအဖြစ် ကုန်ပစ္စည်းမှာယူမှုများပါ ကျဆင်းခဲ့သည်။

ကိုဗစ်ရောဂါကူးစက်မှုမြင့်တက်နေသည့် ဧပြီလနှင့် မေလများတွင် ကုန်ထုတ်လုပ်မှု ကဏ္ဍအသီးသီးမှာ ပုံစံအမျိုးမျိုးဖြင့်ပြန်လည် လည်ပတ်နိုင်ရန် လုပ်ဆောင်ခဲ့ကြသည်။ ဗဟိုအစိုးရ၏ အလုပ်သမားများ အလုပ်အကိုင်တည်မြဲရေးနှင့် သက်ဆိုင်သည့် မူဝါဒများချမှတ်ခြင်းနှင့်အကောက်အခွန်ဆိုင်ရာဖြေလျှော့ပေးမှုမက်လုံးများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် ကုန်ထုတ်လုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများအား အကျိုးဖြစ်ထွန်းစေခဲ့သည်။ ကိုဗစ်ကာလအတွင်း အဓိက အကျိုးအမြတ်ရရှိသူများမှာ online အသုံးပြု၍ ရောင်းဝယ် ဖောက်ကားနေသည့်လုပ်ငန်းများဖြစ်သည်။ ကိုဗစ်ကာလအတွင်း E-commerce စနစ်ဖြင့်လုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ၏ လစဉ်အကျိုးအမြတ်ရရှိမှုမှာ အရှိန်အဟုန်ဖြင့် တိုးတက် လျက်ရှိနေသည်။

ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များကြောင့် ဝန်ဆောင်မှုကဏ္ဍများဖြစ်သည့် အဖျော်ယမကာ ဘားဆိုင်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုပေးသည့်လုပ်ငန်းများကဲ့သို့သော စီးပွားရေးလုပ်ငန်းများမှာ လတ်တလောကာလတွင် ရပ်နားထားရသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုသည် နိုင်ငံသားများ၏စားသုံးမှုပုံစံကိုပါ ပြောင်းလဲစေခဲ့သည်။ ကိုဗစ်ကာလ မတိုင်ခင်ကထက် လက်လီမှာယူစားသုံးမှုများ ပိုမိုများပြားလာပြီး ဝန်ဆောင်မှုပေးရသည့်လုပ်ငန်းများ၏ ဝင်ငွေမှာ ကျဆင်းလျက်ရှိကြောင်း စီးပွားရေးပညာရှင် Juan Jensen က ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းအများစု၏ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည့်အချိန်မှာ ကိုဗစ်ကာကွယ်ဆေးရရှိချိန်အထိ ကြာမြင့်ဦးမည်ဖြစ်ရာ ၂၀၂၁ ခုနှစ်သို့ ကူးပြောင်း ရောက်ရှိသည့်တိုင် ဝန်ဆောင်မှုလုပ်ငန်းများ၏ဝင်ငွေ တိုးတက်နိုင်မည့်အခြေအနေမရှိသေးကြောင်း၊ စီးပွားရေးပုံမှန်အခြေအနေတွင် ကုန်သွယ်မှုကျဆင်းနေချိန်တွင်ပင် ဝန်ဆောင်မှုလုပ်ငန်းများမှာ အရှိန်အဟုန်ဖြင့် တိုးတက်တတ်ကြောင်း Jensen က ပြောကြားခဲ့သည်။

**ပြည်တွင်းစားသုံးမှုပုံစံများ**

ကိုဗစ်ကပ်ရောဂါကာလအတွင်း အစိုးရ၏ ပြန်လည် ကုစားရေးစီမံဆောင်ရွက်မှုများသည် နိုင်ငံသားများ၏စားသုံးမှု ပြန်လည်မြင့်တက်လာစေမည့် လုပ်ငန်းများအပေါ်တွင် အာရုံစိုက်လုပ်ဆောင်ခဲ့သည်။ နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာစေရန်အတွက် ဘရာဇီးလ်ဟဲရာ ဘီလီယံ ၃၀၀ တန်ဖိုးရှိသည့် အရေးပေါ်ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။ ကိုဗစ်ကာလအတွင်း ပြည်သူများ၏ဝင်ငွေများဆုံးရှုံးမှုမရှိအောင် အစိုးရက အစီအမံများ ချမှတ် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ ယခင်နှစ်ဝင်ငွေရရှိမှုနှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သို့ရာတွင် အစိုးရ၏ ကူညီထောက်ပံ့ရေးအစီအစဉ်များကြောင့်ဖြစ်ကြောင်း၊ နိုင်ငံ၏ဝင်ငွေ ကျဆင်းမှုမှာ ၁၂ ဒသမ ၆ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း 4E အကြံပေးကုမ္ပဏီ၏ တွက်ချက်မှုများတွင် ဖော်ပြခဲ့သည်။

အစိုးရ၏ ကိုဗစ်-၁၉ သွားလာမှုစည်းကမ်းကန့်သတ်ချက်များသည် နိုင်ငံသားများအား အခြေခံကုန်စည်များအပေါ်တွင်သာ ပိုမိုဝယ်ယူစုဆောင်းလာခြင်းနှင့် ငွေကြေးစုဆောင်းမှု ပိုမိုများပြားလာခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သဖြင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

အစိုးရ၏ ကိုဗစ်-၁၉ အရေးပေါ်အကူအညီသည် ဆင်းရဲသားမိသားစုများအား ပုံမှန်အခြေအနေထက် ဝင်ငွေ သုံးဆအထိ ရရှိစေခဲ့သည့်အတွက် ဈေးကွက်တွင်ပိုမိုဝယ်ယူ စားသုံးလာကြကြောင်း၊ စားသောက်ကုန်များဝယ်ယူမှုနှင့် ယခင်က ထက်ငွေတန်ဖိုးမြင့်တက်မှုများလည်း ဆက်လက်ဖြစ်ပေါ်လာကြောင်း၊ ထုတ်လုပ်မှုအများစုမှာ ရပ်ဆိုင်းသွားသဖြင့် အဝတ်အစားကဲ့သို့သော ကြာရှည်ခံသည့် ကုန်ပစ္စည်းများမှာ ဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အစိုးရ၏ငွေကြေးထောက်ပံ့မှုသည် နိုင်ငံ၏စီးပွားရေးလည်ပတ်မှုအတွက် သွယ်ဝိုက်သောနည်းဖြင့် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်းကို Brazilian Institute of Economics of FGV မှ စီးပွားရေးပညာရှင် André Braz က ပြောကြားခဲ့သည်။

**ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး။**

## ယူကေ-စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် စတင်အာဏာသက်ဝင်

ယူကေနှင့် စင်ကာပူ နှစ်နိုင်ငံအကြား ၁၀-၁၂-၂၀၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် ယူကေ-စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (UK – Singapore Free Trade Agreement : UKSFTA) သည် ၁-၁-၂၀၂၁ ရက်တွင် စတင်အာဏာသက်ဝင်ပြီဖြစ်ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၃၁-၁၂-၂၀၂၀ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

ယူကေ-စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (UKSFTA) စတင်အာဏာသက်ဝင်ပြီဖြစ်သောကြောင့် အီးယူမှ ယူကေ နုတ်ထွက်ခဲ့ပြီးဖြစ်သော်လည်း အီးယူနှင့်စင်ကာပူတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်(EUSFTA)ပါအတိုင်း တူညီသော အကျိုးကျေးဇူးများကို ယူကေနှင့် စင်ကာပူကုမ္ပဏီတို့က ဆက်လက် အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်သည်။

ဤသဘောတူစာချုပ်သည် ယူကေနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပထမဆုံး လက်မှတ်ရေးထိုးနိုင်ခဲ့သည့် FTA ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြားအဆင့်မြင့် ရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေးသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ရန် ကတိကဝတ်ပြုခဲ့ကြပြီးဖြစ်သည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**

## တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဆက်လက်မြင့်တက်ခဲ့

တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည့် အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏသည် ယွမ် ၉၈ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၈ ဘီလီယံ) ရရှိခဲ့သည်။ အဆိုပါ ပမာဏသည် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ရှစ်လ ဆက်တိုက် တည်ငြိမ်စွာ မြင့်တက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမ ၁၁ လ အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ယွမ် ၈၉၉ ဘီလီယံရရှိခဲ့သည့်အတွက် ၂၀၁၉ ခုနှစ် ပထမ ၁၁ လနှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမ ၁၁ လအတွင်း တရုတ်နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ယွမ် ၇၀၄ ဘီလီယံရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ပထမ ၁၁ လနှင့်နှိုင်းယှဉ်ပါက ၁၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၌ ၇၈ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း၊ အဆင့်မြင့်နည်းပညာဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ တရုတ်နိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ(Pilot Free Trade Zones-FTZs) သည် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေရန် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ဦးဆောင်ပါဝင်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏လွတ်လပ်သောကုန်သွယ်ရေးဇုန် ၁၈ ခု၏ ကုန်သွယ်မှု ပမာဏသည် ယွမ် ၄ ဒသမ ၆ ထရီလီယံရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ၊ ကွမ်တုံးပြည်နယ်နှင့် ရှန့်ဟိုင်မြို့ရှိ လွတ်လပ်သောကုန်သွယ်ရေးဇုန်များတွင် ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးငွေစီးဝင်မှု သည် ယွမ် ၁၄၃ ဒသမ ၅၅ ဘီလီယံရှိခဲ့ကြောင်း၊ ရှန့်ဟိုင်မြို့ရှိ လွတ်လပ်သော ကုန်သွယ်ရေးဇုန်အား ၂၀၁၃ ခုနှစ်မှစတင်၍ တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံတွင် ၂၀၁၉ ခုနှစ်ထိ လွတ်လပ်သော ကုန်သွယ်ရေးဇုန် ၁၈ ခု တည်ထောင်ထားပြီးဖြစ်ကြောင်း၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အတွက် ကန့်သတ်ထားသည့်လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်အား လျှော့ချခဲ့ပြီးဖြစ်သည်ဟု တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ (မြန်မာသံရုံး၊ ပေကျင်းမြို့)။**






# Paing Family International Co., Ltd

**Export & Import Trading Company**

**(Beans and Pulses, Sesame Seeds, Sugar)**



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.

Tel : +95-9-955188885, +95-9-955188886, +95-9-955188887

# ကိုလှထွန်း

ငရုတ်သီးမှုန့် နှင့် အမှုန့်မျိုးစုံ




**ဝယ်ယူရရှိနိုင်သောလိပ်စာများကတော့ -**

Hotline - 09 972291056, 09 5022749, 09 961636424

ဆိုင်အမှတ်(၁) - အမှတ်(၇၄)၊ ကျောက်စိမ်းလမ်း၊ ရတနာထွန်းပွဲရုံ၊ မော်လမြိုင်မြို့။

Ph : 057 26826, 09 425288585

ဆိုင်အမှတ်(၂) - ဆိုင်(၇)၊ အမှတ်(၂)ဈေးသစ်၊ မော်လမြိုင်မြို့။

Ph : 09 5322483, 09 255872300

ဆိုင်အမှတ်(၃) - R-8၊ အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်မြို့။

Ph : 09 263345266, 09 697479966

E mail : kohlatunchillipowder@gmail.com.

# COMMERCE INTERNATIONAL

## ဗီယက်နမ် လက်မှုပစ္စည်းများအတွက် ခိုင်မာသော ပို့ကုန်မဟာဗျူဟာ လိုအပ်

ဗီယက်နမ်လက်မှုပစ္စည်းများသည် ပိုမိုအလားအလာကောင်းသော ထုတ်ကုန်အုပ်စုဖြစ်ပြီး အမြတ်နှုန်းများသော ကုန်ပစ္စည်းဖြစ်ကြောင်းနှင့် အနာဂတ်ကာလတွင်ပို့ကုန်မြှင့်တင်ရန် မဟာဗျူဟာလိုအပ်နေသော ထုတ်ကုန်အမျိုးအစားဖြစ်နေကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့လက်မှုပစ္စည်း ဝယ်လိုအားသည် မြင့်မားလျက်ရှိပြီး ဈေးကွက်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရှိနေသော်လည်း စီးပွားရေးလုပ်ငန်းတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ဗီယက်နမ်က ဤအခွင့်အရေးကို အသုံးမချနိုင်သေးကြောင်း ဗီယက်နမ် လက်မှုပစ္စည်း တင်ပို့သူများအသင်း (VHEA) က ပြောသည်။

လွန်ခဲ့သော ငါးနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏လက်မှုထုတ်ကုန်များ၏ ပို့ကုန်တန်ဖိုးသည် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ ပြီး ၂၀၁၅ ခု နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ၂ ဘီလီယံဖိုးရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံဖိုးရှိခဲ့ကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။



ဗီယက်နမ် လက်မှုပစ္စည်းထုတ်ကုန်များတွင် အမျိုးအစား ငါးမျိုးပါဝင်သည်။ လက်ကိုင်အိတ်၊ ပိုက်ဆံအိတ်၊ လက်ဆွဲသေတ္တာ၊ ဦးထုပ်နှင့်ထီး၊ ကစားစရာ၊ အားကစားပစ္စည်း၊ ကြွေထည်၊ ကြိမ်၊ ဝါးနှင့် မြက်ဖြင့်ပြုလုပ်သောပစ္စည်းနှင့် သစ်ဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများဖြစ်သည်။

ထို့ပြင်ဖက်ရှင်ပစ္စည်းနှင့် လက်ဆောင်ပစ္စည်း အများအပြားကို တစ်ထိုင်တည်းပြုလုပ်ပေးသော ပစ္စည်းများအဖြစ် ဗီယက်နမ်သို့လာရောက်သော နိုင်ငံသားခရီးသည်များကို ဆောင်ရွက်ပေးလျက်ရှိရာ လောလောဆယ်တွင် စုစုပေါင်းရောင်းချရသည့် တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းရှိသည်။

ထုတ်ကုန်အများစုကို နိုင်ငံခြားဈေးကွက်များက တန်ဖိုးထားဝယ်ယူလျက်ရှိရာ ထိုပစ္စည်းများတွင် ကြွေထည်၊ ကြိမ်ထည်နှင့် ဝါးထွက်ပစ္စည်းများ၊ လက်ဖြစ် ရွှေချည်ထိုးနှင့် ချည်ထည်ပစ္စည်းများဖြစ်သည်။ ထိုပစ္စည်းများမှာ နှစ်စဉ်ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာရရှိပြီး ပို့ကုန်ဝင်ငွေအများဆုံးရရှိသော ထုတ်ကုန်များဖြစ်သည်။

လက်မှုလုပ်ငန်းသည် သတ္တုတူးဖော်ရေးအပါအဝင် စက်မှုလုပ်ငန်အများစုနှင့် နှိုင်းယှဉ်ပါက အမြတ်အစွန်း ငါးဆ၊ ၁၀ဆ မြင့်တက်ပြီး အလုပ်အကိုင်ထောင်ချီ၍ဖန်တီးပေးနိုင်သည်။ ကျေးလက်လုပ်သားများကိုလည်း ဝင်ငွေနည်းသော လယ်ယာစိုက်ပျိုးရေးလုပ်သားဘဝမှ ဝင်ငွေမြင့်မားသော အလုပ်သမားများအဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။



## တောင်ကိုရီးယား၏ ၂၀၂၁ စီးပွားရေးဖွံ့ဖြိုးနှုန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ် တိုးမြှင့်ခန့်မှန်း

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်မှုရှိသော်လည်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အဓိက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်က အနည်းငယ်မြှင့်တင်၍ ခန့်မှန်းကြကြောင်း ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်သော အစီရင်ခံစာကို ကိုးကား၍ ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

ဒီဇင်ဘာလကုန်တွင် တည်ရှိသော စာရင်းများအရ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်မည်ဟု ဘာကလေနှင့် ဂိုလမန်ဆက်တို့ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးကိုးခုက ခန့်မှန်းခဲ့ရာ တစ်လခန့်အကြာက ခန့်မှန်းခဲ့သော အလယ်အလတ်ခန့်မှန်းချက်ထက် သုည ဒသမ ၁ ရာခိုင်နှုန်း ပိုခဲ့ကြောင်း ကိုရီးယားအပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးဗဟိုဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဘာကလေ၊ မယ်ရီလင်း၊ ဂျေပီမော်ဂန်၊ စီးတီး၊ ဂိုလမန်ဆက်၊ နော်မူရာနှင့် ယူဘီအက်စ်စသည့် ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီး ခုနစ်ခုကမူ ယခုနှစ်တိုးတက်နှုန်းကို ယခင်ခန့်မှန်းချက်အတိုင်း ဆက်လက်ထိန်းသိမ်းထားသည်။

ခရက်ဒစ်ဆွိဘဏ်ကမူ မူလခန့်မှန်းချက်ဖြစ်သော ၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၃ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်းခဲ့သည်။ HSBC ဘဏ်ကမူလခန့်မှန်းထားသော ၂ ဒသမ ၂ ရာခိုင်နှုန်းမှ တိုးမြှင့်၍ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သည်။ UBS ဘဏ်က တိုးတက်မှုနှုန်းကို ၄ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဟု အမြင့်ဆုံး ခန့်မှန်းထားသည်။ ၂၀၂၀ ပြည့်နှစ် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၁ ရာခိုင်နှုန်းဝန်းကျင်ကျဆင်းမည်ဟု ဒီဇင်ဘာလအတွင်းက အစိုးရကခန့်မှန်းခဲ့သည်။

၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယား၏ စီးပွားရေးတိုးတက်နှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်များက ခန့်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

Recycle for clean and green future

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့**
**စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

## မိုဒါနာဗိုင်းရပ်စ်ကာကွယ်ဆေး နှစ်ပေါင်းများစွာ ကာကွယ်နိုင်မည်ဟု ကုမ္ပဏီ စီအီးအိုပြော

တိတိကျကျ လေ့လာသုံးသပ်ရန် ဒေတာအချက်အလက်များရရှိရန် လိုသေးသော်လည်း အမေရိကန်အခြေစိုက် မိုဒါနာကုမ္ပဏီက ထုတ်လုပ်သော COVID-19 mRNA ကာကွယ်ဆေးသည် နှစ်အနည်းငယ်ကြာသည်ထိ ကာကွယ်မှုပေးနိုင်လိမ့်မည်ဟုယူဆကြောင်း ကုမ္ပဏီအမှုဆောင်အရာရှိချုပ်၏ ဇန်နဝါရီ ၇ ရက်က ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မိုဒါနာကုမ္ပဏီသည် ကိုရိုနာဗိုင်းရပ်စ်သစ်ဖြစ်ပွားပြီး သီတင်းပတ်အနည်းငယ်အကြာတွင် ကာကွယ်ဆေး ထုတ်နိုင်ပြီဟု ကြေညာခဲ့ပြီး လွန်ခဲ့သောနှစ်က ကမ္ဘာကြီးကို အံ့အားသင့်စေခဲ့သော ဇီဝနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီကထုတ်လုပ်သော ထိုဆေးကိုအသုံးပြုရန် ဥရောပကော်မရှင်က ဇန်နဝါရီ ၆ ရက်တွင် ခွင့်ပြုပေးခဲ့သည်။ ကာကွယ်ဆေးထုတ်လုပ်မှုနှင့် ဘေးန္တရာယ်ကင်းရှင်းမှုအတွက် ဆောင်ရွက်ရေးမှာ နှစ်ပေါင်းများစွာကြာသောကိစ္စဖြစ်သည်။ COVID-19 ထိုးဆေးက ကာကွယ်မှုပေးမည့်ကာလကို ဆုံးဖြတ်ရန်မှာ သိပ္ပံပညာရှင်များအတွက် မဝေခွဲနိုင်သေးသော မေးခွန်းဖြစ်သည်။

“ကာကွယ်ရေးထိုးဆေးက တစ်လ၊ နှစ်လပဲ အလုပ်ဖြစ်မယ်ဆိုပြီး မီဒီယာတွေမှာဖော်ပြခဲ့တဲ့ အိပ်မက်ဆိုးကြီးက ပြီးဆုံးသွားပြီလို့ ကျွန်တော်ထင်ပါတယ်”ဟု မိုဒါနာ စီအီးအို စတက်ဖင်ဘန်စယ်က အခမ်းအနားတစ်ခုတွင် ပြောသည်။

လူသား၏ခန္ဓာကိုယ်တွင်း၌ ကာကွယ်ဆေးကြောင့် ပဋိဇီဝပစ္စည်းများ ယိုယွင်းမှုက အလွန်နှေးကွေးကြောင်းနှင့် ကာကွယ်နိုင်စွမ်းသည် နှစ်ပေါင်းများစွာ တည်တံ့နေနိုင်ကြောင်း ၎င်းကပြောသည်။ ကုမ္ပဏီ၏ကာကွယ်ဆေးက ဗြိတိန်နှင့်တောင်အာဖရိကတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများကို ထိရောက်စွာ ကာကွယ်နိုင်မည်ကို သက်သေပြမည်ဖြစ်ကြောင်း ဘန်စယ်ကပြောသည်။

## တက်စလာကားကုမ္ပဏီ ဈေးကွက်တန်ဖိုးက ဖေ့စ်ဘွတ်ခ်ကိုကျော်

အရောင်းအဝယ် အထူးကောင်းမွန်မှုကြောင့် တက်စလာ လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ၏ ရှယ်ယာဈေးသည် ဇန်နဝါရီ ၇ ရက်က တစ်ဟုန်ထိုးမြင့်တက်ခဲ့ကြောင်းနှင့် ကုမ္ပဏီ၏ဈေးကွက်တန်ဖိုးသည် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ဈေးကွက်တန်ဖိုးကို ပထမဆုံးအကြိမ်အဖြစ်ကျော်လွန်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကုမ္ပဏီရှယ်ယာများသည် ဈေးပိတ်ချိန်၌ ၈ ရာခိုင်နှုန်းနီးပါး မြင့်တက်ပြီး တစ်ရှယ်ယာကို အမေရိကန်ဒေါ်လာ ၈၁၆ နှုန်းရှိခဲ့သည်။ ထို့ကြောင့် ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၇၄ ဘီလီယံရှိဖြင့် ဝေါလ်စထရိတ်တွင်ပဉ္စမမြောက် တန်ဖိုးအကြီးမားဆုံး ကုမ္ပဏီဖြစ်ကာ Facebook ကိုကျော်တက်ပြီး Google ၏ မိခင်ကုမ္ပဏီ Alphabet ၏နောက်မှကပ်၍ ရပ်တည်လျက်ရှိနေသည်။

Facebook ၏ စတော့ဈေးနှုန်းမှာ ၂ ရာခိုင်နှုန်း မြင့်တက်ပြီးနောက် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၅ ဘီလီယံသို့ ရောက်ရှိခဲ့သည်။

ဈေးကွက်ဖွင့်နေသည့် ကာလအတွင်း တက်စလာ၏ ရှယ်ယာများမှာ အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံဖိုး အရောင်းအဝယ်ဖြစ်ခဲ့ပြီး တက်စလာအတွက် စံချိန်တင်ပမာဏဖြစ်ခဲ့သည်။ အရောင်းအဝယ် အများဆုံးဖြစ်ခဲ့သည့် အက်ပဲ၊ အလီဘာဘာနှင့် အမေဇုန်ကုမ္ပဏီသုံးခုပေါင်းထက် ပိုမိုသည်။

တက်စလာ၏ဈေးကွက်တန်ဖိုးသည် လွန်ခဲ့သော ၁၂ လအတွင်း ရာခိုင်နှုန်း ၇၀၀ ကျော် မြင့်တက်ခဲ့ပြီး လက်ရှိအချိန်အထိ ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်မားဆုံး မော်တော်ကားကုမ္ပဏီဖြစ်ခဲ့သည်။ သို့သော်လည်း ထုတ်လုပ်မှုမှာ ပြိုင်ဘက်ကုမ္ပဏီများဖြစ်သည့် တိုယိုတာ၊ ဗောက်စ်ဗာဂင်နှင့် ဂျင်နရယ်မော်တာတို့ထက် နည်းခဲ့သည်။

မတ်သည် အမေဇုန်၏ ဂျက်ဘေဇော့ထက်သာလွန်ပြီး ကမ္ဘာတွင် အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်လာကြောင်း ဇန်နဝါရီ ၇ ရက်က ထွက်ရှိသော ဘလွမ်းဘတ်နယူးစ်သတင်းတွင် ဖော်ပြသည်။

စံမီအောင် စုစည်းသည်